# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၅၆)


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဓမ္မပဒ - ၁၄၅)



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် မတ် ၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ဇော်လှိုင် က ပုဒ်မ ၃၁၉ တွင် ဖော်ပြထားသည့် အခြားဥပဒေ (Other Law) ဆိုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှအပ စစ်ဘက်ဆိုင်ရာဥပဒေများ အပါအဝင် နယ်ဘက်တည်ဆဲဥပဒေများ၊ နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် တည်ဆဲ ဥပဒေအားလုံး လွှမ်းခြုံပါဝင်နေပါကြောင်း၊ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးနှင့် ပတ်သက်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာ ၉

**ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်နေသော်လည်း ရောဂါမဖြစ်ဖူးသေးသည့် နယ်ပယ်ဒေသများ အထိပါ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ကျန်းမာရေးအေဂျင်စီက ပြောကြား**

စာ ၁၄

# သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် မတ်လအတွင်း ယူနက်စကိုသို့ အမည်စာရင်းတင်သွင်းမည်

မန္တလေး မတ် ၃

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အဖြစ် နှစ်သက်စွာလိမ်းခြယ်ခဲ့ကြသည့် သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် မတ်လအတွင်း ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သို့ အမည်စာရင်းတင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးရဲမြတ်အောင်က ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❇




KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ဧည့်သည်ကို ဆွဲဆောင်နိုင်သည့် လမ်းဘေးအစားအစာ

လမ်းဘေး၌ ဈေးဆိုင်ခင်းကာ အစားအစာများရောင်းချခဲ့ကြသည့် ဓလေ့က ကမ္ဘာတစ်ခွင်မှာ ရှေးကတည်းက ရှိခဲ့သည်။ ဂရိခေတ်၊ ရောမခေတ်တို့တွင် ရောင်းချခဲ့ကြသည့်သာဓကများ တွေ့ရသကဲ့သို့ မီးတောင်ချော်ရည်များအောက် နစ်မြုပ်ခဲ့ရသည့် ပွန်ပေအိုင်မြို့ကြီး ပြန်လည်တူးဖော်မှုတွင်လည်း လမ်းဘေးအစားအသောက်ဈေးသည် အမြောက်အမြားရှိခဲ့ကြောင်း အထောက်အထားများ တွေ့ခဲ့သည်ဟု ဆိုသည်။ ကမ္ဘာတစ်ခွင် ခရီးလှည့်လည်သွားရောက်မှုများ ခေတ်စားလာပြီး လူမှုကွန်ရက်မီဒီယာများ တိုးတက်ထွန်းကားလာသည့် မျက်မှောက်ခေတ်တွင်မူ ကမ္ဘာလှည့်ခရီးသည်များအကြား ရေပန်းစားသည့် နိုင်ငံ တကာရှိ မြို့ကြီးအသီးသီးမှ လမ်းဘေးအစားအစာ တည်ခင်းရောင်းချပုံများကို စိတ်ဝင်စားဖွယ် တွေ့မြင်ရသည်။ တစ်နည်းအားဖြင့် လမ်းဘေးအစားအစာများက ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သည့်အရာများထဲ၌ ပါဝင်နေခြင်းဖြစ်ပြီး လမ်းဘေးအစားအစာများသည် ဟိုတယ်များနှင့် စားသောက်ဆိုင်ကြီးများကို ရင်ပေါင်တန်းလာခြင်းပင် ဖြစ်သည်။

လမ်းဘေးစားသောက်ဆိုင်များတွင် အမျိုးအမည် အရောင်အသွေးစုံလင်သည့် စားသောက်ဖွယ်ရာများကို အလွယ်တကူ ရွေးချယ်ဝယ်ယူ စားသောက်နိုင်ကြသည်။ လမ်းဘေးအစားအစာ ဆိုင်အများစုက တစ်မယ်ကောင်း ချက်ပြုတ်ရောင်းချကြခြင်းဖြစ်ပြီး မြန်မြန်ဆန်ဆန်နှင့် ဈေးသက်သက်သာသာ စားသုံးနိုင်ကြသည့်အတွက် လူတန်းစားမရွေး နှစ်ခြိုက်ကြသည်။ အပျော်စားသောက်ကြသည့် သဘောဖြစ်ပြီး ဒေသခံများ၏ စရိုက်သဘာဝများကိုလည်း အလွယ်တကူပင် တွေ့မြင်နိုင်သည်။ ၂၀၀၇ ခုနှစ်က ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ပြုလုပ်ခဲ့သည့် လေ့လာချက်တစ်ခုတွင် ကမ္ဘာတစ်ခွင်မှ လူဦးရေ ၂ ဒသမ ၅ ဘီလီယံတို့ လမ်းဘေးအစားအစာများကို နေ့စဉ် ဝယ်ယူစားသုံးနေကြသည်ဟု ဆိုထားသည်။ လမ်းဘေးအစားအစာဆိုင်များကို လူအများက စိတ်ဝင်စားကြသည်နှင့်အမျှ ရုပ်မြင်သံကြားအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်း၊ သန့်ရှင်းလတ်ဆတ်မှု၊ အရသာကောင်းမွန်မှု၊ တည်ခင်းဧည့်ခံမှုတို့အပေါ် အကဲဖြတ်အမှတ်ပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ပြုလုပ်လာကြသည်။ ကမ္ဘာတစ်ခွင်ရှိ လမ်းဘေးအစားအစာများကို အကဲဖြတ်အမှတ်ပေးပြီး တန်းစီဇယားများ ပြုလုပ်ခဲ့ရာတွင် ဟောင်ကောင်၊ ဘန်ကောက်၊ ဟိုချီမင်း၊ စင်ကာပူ၊ မွမ်ဘိုင်း စသည်ဖြင့် အာရှနိုင်ငံများမှ မြို့ကြီး များ၏ လမ်းဘေးအစားအစာများက ထိပ်ဆုံးတွင် နေရာယူထားကြသည်ကို တွေ့ရသည်။

လမ်းဘေးအစားအစာများအတွက် အဓိကအကျဆုံးသော ပုစ္ဆာမှာ အစားအစာ၏ အရည်အသွေးပင်ဖြစ်သည်။ သန့်ရှင်းလတ်ဆတ်မှုနှင့် အရသာရှိရှိ စီမံချက်ပြုတ်မှုတို့က အစားအစာ၏ အဓိကအကျဆုံး အရည်အသွေးများပင် ဖြစ်သည်။ လမ်းဘေးအစားအစာ တည်ခင်းရောင်းချသည့်နေရာသည် မော်တော်ယာဉ်အသွားအလာ ထူထပ်များပြားသည့်နေရာတွင် ဖြစ်မည်ဆိုပါက ကားမီးခိုးငွေ့တွင်ပါဝင်သည့် ကာဗွန်မိုနောက်ဆိုဒ်အပါအဝင် အခြားသော ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် ဒြပ်ပေါင်းများ၊ ဖုန်မှုန့်များနှင့် ပိုးမွှားများ အစားအစာတွင် ကျရောက်နိုင်သည့် အခြေအနေတွင် ရှိနေမည်ဖြစ်သည်။ အစားအစာများအတွက် ကုန်ကြမ်းများထားသိုမှု၊ ချက်ပြုတ်ရန်အတွက် ကိုင်တွယ်လှီးဖြတ်မှု၊ တည်ခင်းမှု စသည့်အဆင့်အသီးသီးတွင် အစားအစာကိုင်တွယ်သူ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိုးခွက်ပန်းကန်များ၏ သန့်ရှင်းရေးတို့အပါအဝင် အားလုံးသန့်ရှင်းဖို့ လိုသည်။ ထို့အပြင် အသင့်ချက်ပြုတ်ထားသည့် အစားအစာများကို ရောင်းချခြင်းထက် လတ်ဆတ်စွာ ချက်ပြုတ်ရောင်းချရန်၊ လက်ကျန်အစားအစာများကို ပြန်လည်ကြော်လှော်ရောင်းချခြင်း မပြုရန်၊ အကြိမ်ကြိမ်ကြော်ထားသည့် ဆီများကို အသုံးမပြုရန် စသည်ဖြင့်ရှောင်ကြဉ်ကြရန်လည်း လိုအပ်သည်။

ယခုအခါ မိမိတို့နိုင်ငံ၏ မြို့ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့အပါအဝင် မြို့ကြီးများတွင် လမ်းဘေးအစားအစာဆိုင်များ၊ ညဈေးများ၊ ရေပေါ်ဈေးများ၊ လမ်းလျှောက်ဈေးများ စသည်ဖြင့် ဖွင့်လှစ်တည်ခင်းရောင်းချနေကြပြီး ပြည်တွင်း ပြည်ပမှ ဧည့်သည်များ စားသုံးနေကြသည်ကို တွေ့ရသည်။ လမ်းဘေးအစားအစာများကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ၊ အရသာရှိစွာ ရောင်းချခြင်းဖြင့် မြို့၏ အထင်ကရနေရာများ၊ ဧည့်သည်ကို ဆွဲဆောင်သည့်နေရာများ၊ ပြည်ပခရီးသွားတို့ မဖြစ်မနေ အရောက်လာမည့်နေရာများ ဖြစ်ပေါ်လာမည်ဟု ရှုမြင်မိပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၃

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နယ် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တမူးမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၄လက်မ၊ ဗန်းမော်မြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် မချမ်းဘောမြို့နှင့် ကသာမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (၁) ဦးဝေလင်းမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးကျော်ဝင်းဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## ကမ္ဘာ့သောတအာရုံနေ့ အထိမ်းအမှတ်ကျင်းပ

ရန်ကုန် မတ် ၃

ကမ္ဘာ့သောတအာရုံနေ့ (World Hearing Day 2020) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ထင်အောင်စော၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်လှလှတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်ကြသူများအား မေရီချက်မင်း နားမကြားကျောင်း၊ Success Special Education Center ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ဆေးရုံကြီးမှ ဆရာဝန်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသော ကလေးများကျောင်းမှ ကလေးငယ်များက သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည်။

"မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနဲ့ လည်ပင်း အထူးကုဆရာဝန်များ Society အနေနဲ့လည်း နားရောဂါနှင့် ပတ်သက်တဲ့ ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အားတက်သရော ဝိုင်းဝန်းလုပ်ဆောင်နေတာကို သိရှိရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ယခုနှစ် World Hearing Day ရဲ့ဆောင်ပုဒ်က Don't let hearing loss limit you. Hearing for Life လို့ သိရပါတယ်။ ဒါကြောင့်မို့ ဒီအခမ်းအနားမှာ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ ပြည်သူများဟာ နားအကြားအာရုံရဲ့ အရေးကြီးကြောင်းနဲ့ အချိန်မီ ထိရောက်စွာကုသနိုင်ဖို့ကို သိရှိကြပြီး ပြည်သူလူထုအတွင်း ပျံ့နှံ့အောင် လက်ဆင့်ကမ်း အသိပညာပေး ပြောကြားပေးဖို့လည်း တိုက်တွန်းလိုပါတယ်" ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ ကမ္ဘာ့သောတအာရုံနေ့ အခမ်းအနားအား ကမ္ဘာ့နိုင်ငံများတွင် ၂၀၀၇ ခုနှစ်မှစတင်ကာ ကျင်းပလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပကာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အာကာလင်း




ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တွင် စတုတ္ထအကြိမ်မြောက် ရေသဘင်ပွဲတော်ကို မတ် ၃ ရက်က ကျင်းပရာ ကျောင်းသူလေးများ တစ်ဦးနှင့်တစ်ဦး သနပ်ခါးလိမ်းခြယ်ပေးနေစဉ်။

သန်းထိုက်

❑ *ရှေ့ဖုံးမှ*

ပြဋ္ဌာန်းချက်များသည် တပ်မတော်သားများအတွက် ထားရှိအပ်သည့် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးကို အကောင်အထည်ဖော်ဆောင်ရန် ပြဋ္ဌာန်းထားသည့် ပုဒ်မများသာဖြစ်သည့်အတွက် ပုဒ်မ ၃၁၉ ကို ပြင်ဆင်ရန်မသင့်ဘဲ မူလအတိုင်းသာထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး က ဖက်ဒရယ်စနစ်၏ အနှစ်သာရကို လက်တွေ့အမှန်တကယ် အကောင်အထည်ဖော်စေလိုပါက အခြေခံမူများ ပြင်ဆင်နိုင်ရန် အားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံမှစ၍ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြင်ဆင်မှသာ ရှေ့နောက်မညီသည့် ပြင်ဆင်မှုများ၊ ဖွဲ့စည်းပုံဆိုင်ရာ အကျပ်အတည်းများကို ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်တင်သွင်းလာသည့် ပုဒ်မ ၂၆၁၊ ၂၆၂ နှင့် ဆက်စပ်သည့် ပုဒ်မ၊ ပုဒ်မခွဲများကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၉ တွင် နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အစေခိုင်းခြင်းကို တားမြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ဦးထွန်းထွန်းဟိန် ဦးဆောင်သောအဖွဲ့၏ ပြင်ဆင်ချက်ဖြစ်သော နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အစေ့ခိုင်းခြင်းကို တားမြစ်သည်ဟူ၍ ပြင်ဆင်ထားသည်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ် က ယခုမျက်မှောက်ကာလ ပြည်သူတစ်ရပ်လုံးခံယူထားသည့် အမျိုးသားနိုင်ငံရေးသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားအားလုံး၏ တန်းတူညီမျှသာယာဝပြောရေး၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံတော်ကြီး ဂုဏ်ကျက်သရေဖြင့် တင့်တယ်ထည်ဝါရေး ဖြစ်ပါကြောင်း၊ ယနေ့ပြည်ထောင်စုလွှတ်တော်တွင် ရှိကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို ခံယူပြီး ပြည်ထောင်စုလွှတ်တော်ကို တိုင်းပြုပြည်ပြုလွှတ်တော်ကဲ့သို့လည်းကောင်း၊ အမျိုးသားညီလာခံကဲ့သို့လည်းကောင်း သဘောထားပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာ ပြင်ဆင်ကြရမည့် အခွင့်အခါကောင်းဖြစ်ပါကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံများတွင် ပုဒ်မ ၆ ပုဒ်မခွဲ (စ) ပြဋ္ဌာန်းချက်သည် မရှိအပ်ပါကြောင်း၊ သို့သော် တပ်မတော်၏ အစဉ်အလာ ဂုဏ်သိက္ခာများကို လေးစားသောအားဖြင့် ဦးထွန်းထွန်းဟိန်၏ ပုဒ်မ ၆ ပုဒ်မခွဲ(စ) ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်စန်းလင်း၊ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမိုး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်လင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဆီဟူးဒွေ့၊ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကျော်ကျော်နှင့် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို မတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – စိုးဝင်းထွန်း**



တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ဇော်လှိုင်။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုး။



မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဒေါက်တာ ဦးကြွယ်ကြွယ်။

---

❈ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံတွင် ထိတွေ့ကိုင်တွယ်၍မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရခြင်း မရှိသေးသည့်အတွက် လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်ကာလကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းခြယ်ခဲ့ကြပြီး ယနေ့တိုင် ဆက်လက်ရှင်သန်နေသည့်အပြင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာအဖြစ် ကိုယ်စားပြုကာ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် မြန်မာ့သနပ်ခါးကို ယူနက်စကိုမှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည့် စံနှုန်းငါးချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမည်စာရင်းတင်သွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းနိုင်ဖို့ မြန်မာနိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ်မြှင့်တင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးက သနပ်ခါးသုံးစွဲမှုစာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖေ့ဘုတ်မှာ စစ်တမ်းကောက်ယူခဲ့တယ်။ သနပ်ခါးအသင်းတွေနဲ့ ပူးပေါင်းပြီးတော့လည်း လိုအပ်တဲ့ စာရင်းတွေကို ပြုစုခဲ့တယ်။ လက်ရှိမှာ သနပ်ခါးနဲ့ ပတ်သက်တဲ့ မှတ်တမ်းဗီဒီယိုဖိုင် ရိုက်ကူးနေပါတယ်။ ဗီဒီဒီယိုဖိုင်နဲ့အတူ ယူနက်စကိုက သတ်မှတ်ထားတဲ့ စံနှုန်းငါးချက်နဲ့ကိုက်ညီတဲ့ အချက်အလက်အပြည့်အစုံကို ပုံစံစာရွက်မှာ ဖြည့်သွင်းပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။


သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းနိုင်ရန်အတွက် သနပ်ခါး သုံးစွဲခြင်း၏ နောက်ကြောင်းရာဇဝင်များကို စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ပြီး ယူနက်စကိုသို့ တင်ပြရန်အတွက် ဗီဒီယိုဖိုင် အချက်အလက်များလည်း လုပ်ဆောင်ပြီး ဖြစ်သောကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကုန်ပိုင်းတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။


“ကျွန်တော်တို့ သနပ်ခါးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ကောက်ယူပြီးဖြစ်ပါတယ်။ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ဖို့ ကိုးဆယ်ရာခိုင်နှုန်းလောက် သေချာနေပြီလို့ ခန့်မှန်းပါတယ်။ ပိုပြီးသေချာသွားအောင် လိုအပ်တာတွေ အားလုံးကို ပြင်ဆင်နေပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ ကျွန်တော်တို့အသင်းတွေ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ယူနက်စကိုရဲ့ သတ်မှတ်ခြင်းခံရရင် မြန်မာနိုင်ငံမှာ ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဖြစ်လာမှာပါ” ဟု မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းနှစ်ရာကျော်တွင် ယူနက်စကိုအဖွဲ့ဝင် နိုင်ငံပေါင်းမှာ ၁၉၈ နိုင်ငံရှိပြီး ၎င်းတို့အနက် နိုင်ငံပေါင်း ၁၂၂ နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၅၀၈ ခုမှာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းသတ်မှတ်ခြင်း ခံထားရသည့်အပြင် အိမ်နီးချင်း အာဆီယံနိုင်ငံများတွင်လည်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ၃၃ ခုကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်နိုင်ရန် တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

သနပ်ခါးကို ပုဂံခေတ် အေဒီ ၁၁ ရာစု ကုန်ခါနီးတွင် ကျန်စစ်မင်း၏ သားတော် ရာဇကုမာရ်မင်းသား လှူဒါန်းခဲ့သည့် ဂူပြောက်ကြီးဘုရားတွင် သနပ်ခါးသွေးနေသည့် နံရံဆေးရေးပန်းချီများကို အစောဆုံးတွေ့ရှိခဲ့ရသည့်အတွက် အဆိုပါကာလ မတိုင်ခင် အနော်ရထာမင်းလက်ထက်ကတည်းက သနပ်ခါးကိုသုံးစွဲခဲ့သည်ဟု သုံးသပ်၍ရကြောင်းနှင့် လက်ရှိတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် သနပ်ခါးအပါအဝင် နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းနိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ်မြှင့်တင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် စာရင်းများကောက်ယူနေပြီး လက်ရှိအချိန်အထိ ကောက်ယူရရှိသည့်စာရင်းများအရ မြန်မာနိုင်ငံအတွင်း၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၅၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၃**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။



အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ပထမနေ့ကျင်းပစဉ်။ သတင်းစဉ်

### တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ က သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

### အခမ်းအနားကို ဖွင့်လှစ်

ထို့နောက်အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက 'သာသနဿစ လောကဿ ဝုဍ္ဍိ ဘဝတုသဗ္ဗဒါ' အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အစည်းအဝေးကျင်းပမည့် ၁၃၈၁ ခုနှစ် တပေါင်းလဆန်း (၁၀၊ ၁၁၊ ၁၂) ၂၀၂၀ ပြည့်နှစ် မတ် (၃၊ ၄၊ ၅) ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို အကြမ်းဖျင်းလျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)

### ဝိနည်းဓိုရ်ဆရာတော်များ အထူးလိုအပ်

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ၂၀၁၈ ခုနှစ်က ၅ နှစ်မှ ၁၀ နှစ်အထိ ကြန့်ကြာမှုခင်း ၃၁ မှု၊ ၁၀ နှစ်အထက် ကြန့်ကြာမှုခင်း ၃ မှု၊ စုစုပေါင်း ဝိနိစ္ဆယကြန့်ကြာမှုခင်း ၃၄ မှုရှိခဲ့ပြီး ယခုအခါ ၅ နှစ်မှ ၁၀ နှစ်အထိ ကြန့်ကြာမှုခင်း ၁၀ မှု၊ ၁၀ နှစ်နှင့် အထက် ကြန့်ကြာမှုခင်း ၅ မှု၊ စုစုပေါင်း ဝိနိစ္ဆယကြန့်ကြာမှုခင်း ၁၅ မှုသာရှိသဖြင့် ယခင်နှင့်စာလျှင် ဝိနိစ္ဆယမှုခင်းများ လျော့နည်းသွားပါကြောင်း၊ ဝိနိစ္ဆယမှုခင်းများ ကြန့်ကြာမှုမရှိစေရေးနှင့် မှုခင်းများ လျော့နည်းပပျောက်စေရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ဓမ္မဝိနယကျွမ်းကျင်၍ စီမံခန့်ခွဲမှုထက်မြက်ပြီး သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ၌ အတွေ့အကြုံကြွယ်ဝသည့် သံဃနာယက ဆရာတော်များနှင့် ဝိနည်းဓိုရ် ဆရာတော်များ အထူးလိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်ဖွင့်လှစ်သည့် သံဃနာယကနှင့်ဝိနည်းဓိုရ်သင်တန်းများကို ၂၀၁၇ ခုနှစ်အထိ ဗဟိုအဆင့် ၇ ကြိမ်မျှ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်းက ၈ ကြိမ်မြောက်၊ ဗဟိုအဆင့်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ပျမ်းမျှအားဖြင့် ၅ နှစ်လျှင်တစ်ကြိမ် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

### တာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပေါင်း ၁၈ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား သံဃာတော် ၁၈၅၅ ပါးနှင့် လူပုဂ္ဂိုလ် ၂၀၀ ဦးတို့အား လည်းကောင်း၊ မြို့နယ်အဆင့်တွင် မြို့နယ်ပေါင်း ၉၀ မြို့နယ်တို့၌ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းပေါင်း အကြိမ် ၉၀ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား သံဃာတော် ၇၂၃၆ ပါး၊ သီလရှင် ၂၀ ပါးနှင့် လူပုဂ္ဂိုလ် ၂၁၆ ဦးတို့အား လည်းကောင်း သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရှိရပါကြောင်း၊ ဤကဲ့သို့ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများ ဖွင့်လှစ်ခြင်းအားဖြင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားလွှာများနှင့်အညီ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကာ အနာဂတ်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပရိယတ္တိပညာရေးရာကဏ္ဍမှာ ဆရာတော်များကိုယ်တိုင် ပရိယတ္တိစာသင်တိုက်များတွင် နေ့စဉ်သင်ကြားပို့ချလျက်ရှိသော ပရိယတ္တိစာပေသင်ကြား ပို့ချခြင်းလုပ်ငန်းဖြစ်၍ မြို့ရွာတိုင်းနှင့်အမျှ ကျယ်ပြန့်လှပါကြောင်း၊ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများသည် မြန်မာလူမျိုးတို့၏ပညာရေးကို တာဝန်ယူခဲ့သည့်အလျောက် လောကီလောကုတ္တရာပညာရပ်များ သင်ကြားပေးခဲ့ရာမှ နောက်ပိုင်းတွင် ပရိယတ္တိပညာရေးသည် ရဟန်းသာမဏေတို့၏ လက်ဝယ်၌ သီးခြားသဖွယ် တာဝန်ဖြစ်လာပြီးနောက် ပရိယတ္တိစာမေးပွဲများ၏ အခန်းကဏ္ဍသည်လည်း မြင့်မားလာပါသည်ကြောင်း။

### သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ မွေးထုတ်ပေးနေ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးကြပ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက တာဝန်ယူကာ နှစ်စဉ်ကျင်းပပေးနေသည့် ပရိယတ္တိစာမေးပွဲ ၅ မျိုးတွင် တိပိဋကရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ပရိယတ္တိဂုဏ်ဆောင် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ မွေးထုတ်ပေးနေသကဲ့သို့ ပါဠိပထမပြန် ဓမ္မာစရိယစာမေးပွဲများမှာ ပါဠိပညာရေး စနစ်အခြေခံပေါ်တွင် အဆင့်ဆင့်တာဝန်ယူ သင်ရိုးရေးဆွဲထားသဖြင့် စာသင်သားအများစုနှင့် သက်ဆိုင်သည့် စာမေးပွဲများ ဖြစ်ပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးကြပ်သည့် ပညာရေးဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဗဟိုအဖွဲ့ခွဲများဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ စာမေးပွဲများ စည်းမျဉ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ယခုနှစ် စာမေးပွဲများမတိုင်မီ တပေါင်းလအတွင်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သည့်အဖွဲ့ခွဲများဖြင့် စာဖြေဌာနများသို့ လှည့်လည်၍ ဩဝါဒပေးခြင်း၊ လိုအပ်သည်များကို ညွှန်ကြားခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်တော်မူကြရန် စီစဉ်ထားကြောင်း သိရှိရပါသဖြင့် ကောင်းမြတ်သင့်လျော်သည့် အစီအစဉ်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

### ပရိယတ္တိပညာရေးသည် အဓိကကျလှ

ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ဖြစ်သကဲ့သို့ ရဟန်း သာမဏေများက ဝိနည်းသိက္ခာပုဒ်ကို သိရှိလိုက်နာကျင့်သုံးနိုင်ရေးအတွက် ပရိယတ္တိပညာရေးသည် အဓိကကျလှပါကြောင်း၊ ဆရာတော် သံဃာတော်များ၏ ဂန္ထဓုရတာဝန်အဖြစ် ပရိယတ္တိပညာသင်ကြားရေးတွင် စာပေပညာသင်ကြားပေးရင်း အခြားတစ်ဖက်မှလည်း စာသင်သားရဟန်းသာမဏေတို့အား နေထိုင်ကျင့်ကြံမှုကို တစ်ပါတည်းသင်ကြားပေးသည့် ပညာရေးစနစ်ဖြစ်သဖြင့် လောကုတ္တရာ ပညာသင်ကြားရေး၏ ထူးခြားမှုတစ်ရပ်ဟု ဆိုနိုင်ပါကြောင်း၊ အကျင့်သီလကောင်းမွန်ခြင်း၊ ပညာဉာဏ်ထက်မြက်ခြင်း၊ သာသနာပြုစိတ်ထက်သန်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် ဖြစ်ပေါ်တိုးတက်မှုဖြစ်ပါသဖြင့် ပရိယတ္တိပညာရေး အခန်းကဏ္ဍသည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ မျှော်မှန်းတော်မူကြသည့် သာသနာသုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အခြေခံကောင်းပင်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

### ခိုင်မာတောင့်တင်းအောင် တည်ဆောက်

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ အဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်ကြီးများ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနိုင်ရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စ ပြည့်စုံမှုတ ကောင်းမွန်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးစသည့်လုပ်ငန်းဆောင်တာ အဖြာဖြာတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ထားပါကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် အစည်းအဝေးကာလအတွင်း ကျန်းကျန်းမာမာ စိတ်ချမ်းသာစွာဖြင့် သာသနာအရေးအရာများကို ဆွေးနွေးဆုံးဖြတ်နိုင်ကြပါစေ၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းစင်ကြယ်စွာဖြင့် ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ကြကုန်သော အရှင်သူမြတ်များ ဖြစ်ကြပါစေ၊ ဗုဒ္ဓသာသနာတော်ကြီး ရောင်ဝါနေသို့ လင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်သည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ သတင်းစဉ်

ယင်းနောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

### ဆက်လက်ဆွေးနွေးတော်မူ

မွန်းလွဲ ၁ နာရီတွင် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းကြေညာ၍ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာဆရာတော်ကြီးများက ဖတ်ကြားတင်သွင်းကြပြီး အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေးတော်မူကြကာ ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

### ဆက်ကပ်လှူဒါန်း

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်းမှ ဦးသိန်းမောင်-ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌မိန့်ကြားတော်မူအပ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ သြဝါဒကထာ

[ ၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်၊ အင်္ဂါနေ့ ]

" သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ယူသည့်ကာလ ရှည်ကြာလာသည်နှင့်အမျှ သူတော်ကောင်းတရား ဟိရီဩတ္တပ္ပများ လျော့နည်းလာမည်ကို သတိပြုဆင်ခြင်နိုင်ရန် လျှောက်ကြားရခြင်းဖြစ်ပါသည်ဘုရား။ ထို့အပြင် အချို့သော ရဟန်းသာမဏေများသည် သာသနာတော်နှင့် မအပ်စပ်သည့် သမဏသာရုပ္ပမဖြစ်သောအပြုအမူများ ပြုမူနေကြသည်မှာ ဟိရီဩတ္တပ္ပတရား နည်းပါးလာကြခြင်း၏ သက်သေသာဓကများပင် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဓမ္မဝိနယနှင့်အညီ သီတင်းသုံးနေထိုင်စေရေး သံဃာထု တစ်ရပ်လုံး သဒ္ဓါပသန္နဖြစ်စေရန် ညွှန်ကြားလွှာများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးတို့အတွက် တပည့်တော်တို့အပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လိုအပ် "

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ သက်တော်ရာကျော် ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်းချမ်းမြေ့စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်တော်မူနိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား –**

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ (ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ) ၌ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာပင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့သည်ဖြစ်ရာ နှစ်ပေါင်း ၄၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်ဘုရား။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ရဟန်း၊ သံဃာတော်တို့၏ သမ္မုတိပေးရွေးချယ်စေလွှတ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် ၁၂၁၈ ပါးတို့ တက်ရောက်ခဲ့ကြသည့် ယင်းပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်း၍ ဓမ္မဝိနယများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကိုဖွဲ့စည်းကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၃) အပိုဒ်(၂၉) သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်)အခန်း(၃)၊ အပိုဒ်(၅) နှင့် အခန်း(၆)၊ အပိုဒ်-၁၀၉၊ အပိုဒ်ခွဲ(စ)တို့အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးကပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို အခြေခံ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းကိစ္စအဝဝကို **“သံဃာ့ကိစ္စ သံဃာဆောင်ရွက်”** မူနှင့်အညီ ပျော့ကွက်ဟာကွက်များ နည်းနိုင်သမျှနည်းပါးရလေအောင် **“သတိတမံ၊ ဉာဏ်မြေကတုတ်”** လက်ကိုင်ပြုလျက် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည် ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာ၌ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ၊ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။ ထိုအခြေခံစည်းမျဉ်း စသည်တို့သည် ဘုရားရှင်၏ ဓမ္မဝိနယများကို အခြေခံ၍ ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသည့် သံဃာ့အဖွဲ့အစည်းအတွက် ရှေးရှေးဒီဃဒဿီမဟာထေရ်ကြီးများ၏ အမြော်အမြင်ဖြင့် ညှိနှိုင်းဖြေရှင်းကာ တဖြည်းဖြည်းချင်း ရေးဆွဲအတည်ပြုခဲ့ကြသည့်အတွက် အတိုင်းအတာတစ်ရပ်အထိ ပြည့်စုံလုံလောက်သည့် စည်းမျဉ်းစည်းကမ်းများ ဖြစ်ကြပါသည်ဘုရား။ သို့ဖြစ်ရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ထိုအခြေခံစည်းမျဉ်းစသည်တို့ကို ကျေကျေလည်လည်လေ့လာ၍ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

အချို့သော ဝိနိစ္ဆယမှုခင်းများတွင် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် မညီညွတ်သဖြင့် မူလကပင် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ရသည့်မှုခင်းများ ရှိနေပါသည်ဘုရား။ အထူးသဖြင့် နိုင်ငံတော်အဆင့်မှာပင် ပျက်ပြယ်မှုခင်းများ ရှိနေကြသည်ကို ဝိုင်းဝန်းအဖြေရှာ အကြံပေးကြရန် လိုအပ်နေပါသည်ဘုရား။ အချို့သောသံဃာ့အဖွဲ့အစည်းတို့၏ ဆောင်ရွက်ချက်များသည် အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ကျော်လွှန်ဆောင်ရွက်မှုကြောင့် သတိပေးရခြင်း၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများအရ အရေးယူရခြင်းများရှိနေသည်ကိုလည်း တွေ့ရှိရပါသည်ဘုရား။ ပညာရေးရာလုပ်ငန်းများတွင်လည်း သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းအရ အရည်အချင်းပျက်ယွင်းသဖြင့် အရေးယူခံရခြင်းများ ရှိနေပါသည်ဘုရား။ ဤဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ကြိုးကြပ်ကွပ်ကဲမှုများ သာသနာတော်အတွက် ကြောင့်ကြစိုက်အားထုတ်မှုများ လျော့ပါး လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကို ဆောင်ရွက်ကြရာ၌ ထက်သန်သော ဝီရိယ၊ ဟိရီဩတ္တပ္ပတရားများဖြင့် ဆောင်ရွက်ကြရန် အလို့ငှာ တပည့်တော်တို့သည် **“သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး”** ဟူသော ဦးတည်ချက်ဖြင့် သံဃာ့အစည်းအဝေးကြီးများကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အလိုက် သာသနာတော်အရေးကိစ္စအဝဝကို ဆောင်ရွက်နေကြပါသည်ဘုရား။



နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေးသဘာပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ယူသည့်ကာလ ရှည်ကြာလာသည်နှင့်အမျှ သူတော်ကောင်းတရား ဟိရီဩတ္တပ္ပများ လျော့နည်းလာမည်ကို သတိပြုဆင်ခြင်နိုင်ရန် လျှောက်ကြားရခြင်းဖြစ်ပါသည်ဘုရား။ ထို့အပြင် အချို့သော ရဟန်းသာမဏေများသည် သာသနာတော်နှင့် မအပ်စပ်သည့် သမဏသာရုပ္ပမဖြစ်သော အပြုအမူများ ပြုမူနေကြသည်မှာ ဟိရီဩတ္တပ္ပတရား နည်းပါးလာကြခြင်း၏ သက်သေသာဓကများပင် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဓမ္မဝိနယနှင့်အညီ သီတင်းသုံးနေထိုင်စေရေး သံဃာထုတစ်ရပ်လုံး သဒ္ဓါပသန္နဖြစ်စေရန် ညွှန်ကြားလွှာများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးတို့အတွက် တပည့်တော်တို့အပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ ထိထိရောက်ရောက် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း သတိပေးလျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား**

**“ဝိနယော နာမ သာသနဿ အာယု”** ဆိုသည့်အတိုင်း ဝိနည်းသည် သာသနာတော်၏ အသက်သွေးကြောပင် ဖြစ်ပါသည်ဘုရား။ **“ဝိနယေ ဌိတေ သာသနံ ဌိတံ”** ဆိုသည့်အတိုင်း ရဟန်းသာမဏေများ ဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းနေသမျှ ကာလပတ်လုံး ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့နေမည်ဖြစ်သည့်အတွက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကိုယ်တိုင်လည်း ဝိနည်းသိက္ခာပုဒ်များကို လိုက်နာခြင်း၊ ဝိနည်းသိက္ခာပုဒ်များနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ သူတစ်ပါးအပေါ်၌လည်း ကျောသားရင်သားမခွဲခြားဘဲ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် သာသနာတော်ကြီးကို သန့်ရှင်းအောင်၊ တည်တံ့ပြန့်ပွားအောင် ဆောင်ကြဉ်းနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

အထူးသဖြင့် အဖွဲ့အစည်းကြီးတစ်ခုလုံး ညီညီညွတ်ညွတ် ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင်လက်တွဲ ဆောင်ရွက်သွားရန် အရေးကြီးလှပါသည်။ မိမိတို့အဖွဲ့အစည်းကြီး ညီညွတ်နေမှသာ၊ ငြင်းခုံခြင်း၊ ဆန့်ကျင်ခြင်းမရှိမှသာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာ၌ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဘုရားရှင်၏အဆုံးအမ သြဝါဒကိုလည်း လိုက်နာဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း အောက်ပါဂါထာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား–

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

**သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနု သာသနီ။**

ဘိက္ခဝေ– ရဟန်းတို့၊ ဝိဝါဒံ– ငြင်းခုံမှုကို၊ ဘယတော– သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ ဘေးရန်ကြီးအနေအားဖြင့်၊ ဒိသွာ– ရှုမြင်ကြကုန်သည်ဖြစ်၍၊ အဝိဝါဒဉ္စ – ငြင်းခုံမှုမရှိ ပကတိသင့်တင့်ညီညွတ်မှုကိုလည်း၊ ခေမတော– သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ ဘေးကင်းရန်ကင်းချမ်းသာခြင်းအနေအားဖြင့်၊ ဒိသွာ– ရှုမြင်ကြကုန်သည်ဖြစ်၍၊ သမဂ္ဂါ– သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၌ တစ်စုတစ်ဝေးတည်း ညီညွတ်ကြကုန်သည်။ ဟောထ– ဖြစ်ကြပါကုန်လော့၊ သခိလာ– သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်ရာ၌ ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ကြကုန်သည်၊ ဟောထ – ဖြစ်ကြပါကုန်လော့၊ ဧသာ – ဤသို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ရာ၌ တစ်စုတစ်ဝေးတည်း ညီညွတ်ခြင်း၊ ပြေပြေပြစ်ပြစ် ချစ်ချစ်ခင်ခင် မဆန့်ကျင်ခြင်းသည်၊ ဗုဒ္ဓါနုသာသနီ– ဘုရားရှင်ဟူသမျှတို့၏ အဆုံးအမသြဝါဒ လမ်းရိုးကြီးပါပေတည်း ဟုလျှောက်ထားရင်း ဘုရားတပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# မြို့ပြအမွေအနှစ်၊ စာပေအမွေအနှစ်တို့ ပေါင်းစုစည်းထားရာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - နေလင်း

**ရန်ကုန်မြို့၏ အချက်အချာနေရာ သွားရေးလာရေးလွယ်ကူသည့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းမကြီးတွင် ၁၉၀၈ ခုနှစ်ကတည်းက ယနေ့တိုင်တည်ရှိနေသည့် နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ အဆောက်အဦကြီးသည် မကြာမီကာလတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ဗဟုသုတသိုမှီးရာ တန်ဖိုးမဖြတ်နိုင်သည့် စာကောင်းပေမွန်များ သိုလှောင်စုစည်းသိမ်းဆည်းထားရာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အဖြစ် ခံ့ညားထည်ဝါစွာ တည်ရှိလာတော့မည်ဖြစ်သည်။**

"စာကြည့်တိုက် အဆောက်အဦပိုင်း ပြင်ဆင်တာ တော့ပြီးပြီ။ အခုက စာကြည့်တိုက်ပိုင်းဆိုင်ရာတွေ ပြင်ဆင်နေပါတယ်။ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ။ ဧပြီလ ပထမပတ်မှာ ဖွင့်မှာ ဖြစ်ပါတယ် " ဟု အမျိုးသား စာကြည့်တိုက်(ရန်ကုန်) မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေး က ပြောသည်။

ယခင်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကင်းမြို့နယ် အမှတ် ၈၅ (က) သီရိမင်္ဂလာ ရိပ်သာ လမ်းသွယ် ကမ္ဘာအေးဘုရားလမ်းမကြီးတွင် ဖွင့်လှစ် ထားရှိရာမှ စာကြည့်တိုက်သို့ အများပြည်သူ အလွယ်တကူလာရောက်ကာ စာပေဖတ်ရှုနိုင်ခြင်းဖြင့် အကြားအမြင်ဗဟုသုတ အတွေးအခေါ် ပိုမိုမြင့်မား တိုးတက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ လမ်းညွှန်မှုဖြင့် အမှတ် ၆၀၄/ ၆၀၈ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အဦသို့ ပြောင်းရွှေ့ရန် စတင်ခဲ့ခြင်းဖြစ်သည်။

ယခု ပြောင်းရွှေ့ဖွင့်လှစ်မည့် ကုန်သည်လမ်းပေါ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦကြီး အား ရှေးမူမပျက် ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့၊ ဗိသုကာပညာရှင်များ၊ အထပ်မြင့်အဆောက်အအုံ ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စာကြည့်တိုက် ပညာရှင်များ ညှိနှိုင်းပေါင်းစပ်ကာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်သည်။

"အခုလို နှစ် ၁၀၀ ကျော် သက်တမ်းရှိတဲ့ ရန်ကုန် မြို့ပြအမွေအနှစ်စာရင်းဝင် အဆောက်အဦကို စာကြည့် တိုက်အဖြစ် သုံးနိုင်ဖို့ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ဒီအဆောက်အဦက ကြံ့ခိုင်မှု ဘယ်လောက်ရှိသလဲဆိုတာ စမ်းသပ်မှုတွေအရင်လုပ်ပြီး မှ စနစ်တကျ ပြင်ဆင်ခဲ့တာပါ"ဟု အမျိုးသားစာကြည့် တိုက်(ရန်ကုန်) မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ သည် ဝင်ပေါက်နှစ်ပေါက်၊ အထပ်လေးထပ်ရှိပြီး အထပ် တစ်ခုချင်းစီတိုင်းတွင် ရှေးမူမပျက် လက်ရာများနှင့်အတူ နံရံများ ပေါ်တွင်လည်း "ဗဟုသုတနှင့် လူ့စွမ်းအားသည် ခွဲခြား၍မရပေ"၊ "ပညာဗဟုသုတချဲ့ထွင်ဖို့ စာကြည့်တိုက် ကို သုံးကြစို့" အစရှိသည့် စာကြည့်တိုက်နှင့် သက်ဆိုင် သည့် ဆောင်ပုဒ်များ၊ "စာဖတ်သော လူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြသည်" စသည့် မြန်မာနိုင်ငံ၏ အထင်ကရပုဂ္ဂိုလ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ အဆိုအမိန့်များ၊ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည့် ရှေးခေတ်စာဆိုကြီး ဖိုးသူတော် ဦးမင်း၏ ၁၂ လရာသီဘွဲ့ ကဗျာများနှင့် ပန်းများအကြောင်းကို လေ့လာဖတ်ရှု နိုင်မည်ဖြစ်သည်။

> **"အကြောင်းအရာ အမျိုးမျိုး ကိုယ်တိုင် ရှာဖွေလိုသူများ အတွက် လူဦးရေ ၁၀၀ ခန့် တစ်ပြိုင်နက်တည်း အသုံးပြုနိုင် မည့် Digital Library ထားရှိ ပေးထားပြီး Online အသုံးပြု ကာ အမျိုးသားစာကြည့်တိုက်ရှိ သိလိုသမျှ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထား သည်မှာလည်း ခေတ်မီနည်းစနစ် များဖြင့် စာပေလေ့လာချင်သူ များအတွက် အဆင်ပြေစေ မည်ဖြစ်"**



အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦအား တွေ့ရစဉ်။

### မြေညီထပ်၏ အပြင်အဆင် ထူးခြားမှု

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ မြေညီထပ်တွင် ပြပွဲများကျင်းပနိုင် သည့် ( Exhibition Hall ) ခန်းမရှိပြီး ခန်းမ၏ ဝင်ပေါက်ရှေ့တွင် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ အရောင်အသွေးစုံလင်လှသည့် ကျောက်ပြားများကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းကာ ခင်းကျင်းထားမှုကလည်း စာကြည့်တိုက်သို့ လာရောက်သူ တို့အတွက် ထူးခြားမှုရသတစ်ခုရရှိစေမည်ဖြစ်သည်။

ထို့အပြင် မြေညီထပ်တွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၏ ကိုယ်ပိုင် Data Center ရှိပြီး စာကြည့် တိုက်တွင် ခေတ်အဆက်ဆက် စုဆောင်းထားရှိသော စာအုပ်မျိုးစုံ၊ စာနယ်ဇင်းများကို Mobile Shelves များဖြင့် သိမ်းဆည်းထားသည့် စာအုပ်စင်ခန်းများကလည်း စနစ်တကျရှိလှသည်။

မြေညီထပ်မှတစ်ဆင့် စာကြည့်တိုက် အထပ် တစ်ထပ်ချင်းစီသို့ တက်ရာတွင်လည်း ရိုးရိုးလှေကားနှင့် ဓာတ်လှေကားတို့ကို အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည့် အပြင် ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် အဆောက်အဦ အပြင်ဘက်တွင်လည်း ဝှီးချဲလမ်းကိုပါ ထည့်သွင်းစီစဉ်ပေး ထားပြန်ရာ မသန်စွမ်းသူများအတွက် သက်သောင့်သက်သာ သွားလာနိုင်မည်ဖြစ်သည်။

### စာကြည့်တိုက်၏ ပထမထပ်အပြင်အဆင်

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပထမထပ်တွင် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများ ကျင်းပနိုင်သည့် လူဦးရေ ၂၅၀ ဆံ့ နိုင်ငံတကာအဆင့်မီ ခန်းမတစ်ခုအပါအဝင် စာကြည့်တိုက် လာရောက်သုံးစွဲသူ များအတွက် Multi Media Room တွင် ခေတ်မီ သတင်း အချက်အလက် နည်းပညာများကို အသုံးပြု၍ နိုင်ငံတကာမှ ထုတ်ဝေသော ပညာရပ်နယ်ပယ်အသီးသီးမှ စာအုပ်၊ စာနယ်ဇင်းများ၊ သုတေသနစာတမ်းများကို Online တွင် အလွယ်တကူလေ့လာနိုင်မည့်အပြင် ဘာသာစကား လေ့လာလိုသူများအတွက်လည်း Self –Study လုပ်နိုင်မည် ဖြစ်သည်။ ထို့အပြင် Digital Library တွင် Online data base များအပြင် အမျိုးသားစာကြည့်တိုက်ရှိ စာစုများကိုပါ Online တွင် ဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်။

ထို့ပြင် အကြောင်းအရာအမျိုးမျိုး ကိုယ်တိုင်ရှာဖွေလို သူများအတွက် လူဦးရေ ၁၀၀ ခန့် တစ်ပြိုင်နက်တည်း အသုံးပြုနိုင်မည့် Digital Library ထားရှိပေးထားပြီး Online အသုံးပြုကာ အမျိုးသားစာကြည့်တိုက်ရှိ သိလိုသမျှ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုနိုင်ရန် စီစဉ်ထားသည် မှာလည်း ခေတ်မီနည်းစနစ်များဖြင့် စာပေလေ့လာချင်သူ များအတွက် အဆင်ပြေစေမည်ဖြစ်သည်။

### စာကြည့်တိုက်၏ ဒုတိယထပ်အပြင်အဆင်

ဒုတိယထပ်တွင် စာကြည့်တိုက် လာရောက်သုံးစွဲသူများ လွတ်လွတ်လပ်လပ် သက်သောင့်သက်သာ စာပေဖတ်ရှု နိုင်သည့် နေရာများ၊ စာကြည့်တိုက်တွင် စုဆောင်းထား ရှိသည့် တစ်နှစ်အတွင်း ထွက်ရှိသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ထွက်ရှိခဲ့ သည့် မြန်မာ၊ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ စာအုပ်စာပေများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စင်ဖွင့်စနစ်ဖြင့် ထားရှိ သည့် အထွေထွေစာဖတ်ခန်းကို မြင်တွေ့ရမည်ဖြစ်သည်။

"စင်ဖွင့်စနစ်ဆိုတာ ဘယ်စင်မှာ ဘာစာအုပ်၊ ဘယ်နံပါတ်က ဘာစာအုပ်ဆိုပြီး ရေးပြီး ကပ်ထားတာရှိ တယ်။ စာဖတ်ချင်သူက သူ့ဟာသူ စာအုပ်စင်ကိုသွားပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို ရွေးချယ်ဖတ်ရှုနိုင်မှာဖြစ်ပါ တယ်။ စင်ပေါ်မှာရှိတဲ့ စာအုပ်တွေကို စာမြည်းလို့လည်း ရပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ဒုတိယထပ်ရှိ ရည်ညွှန်းစာဖတ်ခန်းတွင် ရည်ညွှန်း စာအုပ်များအပြင် မြန်မာနိုင်ငံအကြောင်း မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ထုတ်ဝေထားသော စာအုပ်၊ စာတမ်းများ၊ အစိုးရဌာနများမှ ထုတ်ဝေထားသော စာအုပ် များ၊ တိုင်းရင်းသားဘာသာစကားကို လေ့လာလိုသူများ၊ ကိုယ်တိုင်တတ်ကျွမ်း၍ ဖတ်ရှုလိုသူများအတွက် တိုင်းရင်းသားဘာသာ ဖြင့် ထုတ်ဝေထားသော စာအုပ်များ၊ ကုလသမဂ္ဂကထုတ်ဝေသည့် စာအုပ်များ၊ အာဆီယံနိုင်ငံ များအကြောင်း ရေးသားထားသော စာအုပ်များ၊ နိုင်ငံခြား ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားထားသည့် စာအုပ်များ ကိုလည်း စင်ဖွင့်စနစ်ဖြင့် ထားရှိပေးထားရာ စာဖတ်သူများ အနေဖြင့် လွတ်လပ်စွာ လေ့လာဖတ်ရှုခွင့်ရမည်ဖြစ်သည်။ သို့ရာတွင် ရည်ညွှန်းစာဖတ်ခန်းမှ စာအုပ်များကို ပြင်ပသို့ ငှားရမ်းခွင့်ပြုမည်ကား မဟုတ်ပေ။

ထိုဒုတိယထပ်မှာပင် စာဖတ်ခန်းများကို ကျော်လွန်ပြီး ရှေ့ဆက်သွားမည်ဆိုပါက အမျိုးသားစာကြည့်တိုက်မှ အပြည့်စုံဆုံးဖြစ်အောင် စနစ်တကျ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့် ၁၉၄၈ ခုနှစ် မတိုင်မီက ထွက်ရှိခဲ့သည့် စာအုပ်များ၊ ၁၉၆၂ ခုနှစ်မတိုင်ခင်က ထွက်ရှိခဲ့သည့် စာနယ်ဇင်းများ၊ ကင်းဝန်မင်းကြီးပေစာစု၊ ပုဂံဝန်ထောက် ဦးတင်ပေစာစု၊ ဘားနာဒ်ပေစာစု အစရှိသည့် ပေ၊ ပုရပိုက် များ၊ လက်ရေးစာများ၊ မြန်မာနိုင်ငံတွင် ပထမဆုံးထွက်ရှိ ခဲ့သည့် THE MAULMAIN CHRONICLE သတင်းစာ၊ မင်းတုန်းမင်းလက်ထက်က ထုတ်ဝေခဲ့သည့် ရတနာပုံ နေပြည်တော်သတင်းစာအပါအဝင် ခေတ်အဆက်ဆက် ထွက်ရှိခဲ့သည့်သတင်းစာများ၊ ရှားပါးစာအုပ်စာပေများ၊ စာနယ်ဇင်းများ စသည့် သုတေသနပညာရှင်များအတွက် လွန်စွာတန်ဖိုးကြီးသော မူရင်းအထောက်အထားများကို သူ့အကန့်နှင့်သူ စနစ်တကျ သိမ်းဆည်းထိန်းသိမ်းထား သည်ကို တွေ့ရမည်ဖြစ်သည်။

"ဒါတွေက မငှားဘူး။ ဒီမှာပဲ ဖတ်ရမယ်။ များသော အားဖြင့် ကွန်ပျူတာမှာ Digital Format ပြောင်းထားပြီး သားတွေကိုပဲ ဖတ်လို့ရမယ်။ အဲဒါတွေကို သုတေသန သမားတွေ မူရင်းအထောက်အထားတွေကြည့်ဖို့လိုမယ် ဆိုမှ မူရင်းအထောက်အထားတွေပြမယ်။ ဒီအတိုင်းဆို ထုတ်ပေးမှာ မဟုတ်ပါဘူး" ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ထို့ပြင် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အတွင်းရှိ စာအုပ်များကို(Radio–Frequency Identification ) ခေတ်မီအချက်ပြလုံခြုံရေးနည်းစနစ် ထည့်သွင်းထားပြီး ပြင်ပသို့ အလွယ်တကူ ယူဆောင်မသွားနိုင်ရန် စီစဉ်ထား ကြောင်း သိရသည်။

### ကလေးငယ်များ နှစ်ခြိုက်စေမည့် တတိယထပ် အပြင်အဆင်

ကလေးများ စာကြည့်တိုက်နှင့် ရင်းနှီးစေရန်နှင့် စာဖတ်ခြင်းအလေ့အကျင့် ပျိုးထောင်ပေးရန် ရည်ရွယ်၍ ထည့်သွင်းထားသည့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၏ တတိယထပ်ရှိ ကလေးစာကြည့်တိုက် ခန်းမအတွင်း ကလေးကြိုက်စာအုပ် စာပေများဖြစ်သည့် ကာတွန်းစာအုပ်များ၊ ပုံပြင်စာအုပ်များသာမက ဆေးရောင်စုံပန်းချီများ၊ အရောင်အသွေးစုံလင်လှသော ဆိုဖာထိုင်ခုံလှလှလေးများ၊ ကလေးကစားစရာ ရိုးရာ အရုပ်လေးများ ခင်းကျင်းပြင်ဆင်ထားမှုများနှင့်အတူ တစ်ဖက်ကပ်လျက်အခန်းရှိ ကလေးငယ်များအတွက် ပုံပြင်ပြောခန်းကို ထည့်သွင်းစီစဉ်ပေးထားမှုကလည်း စာကြည့်တိုက်သို့ ကလေးငယ်များအား လာချင့်စဖွယ် ဖြစ်အောင် ဖိတ်ခေါ်နေသလိုပင်။



ဒေါ်ရီရီထွေး(ညွှန်ကြားရေးမှူး)
အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

"ကလေးတွေပျော်ရွှင်အောင်၊ စာကြည့်တိုက်နဲ့ ရင်းနှီးအောင် ကလေးတွေ ဒီကိုလာရင် စာဖတ်တာ ချည်းပဲ မဟုတ်ဘဲ ကလေးတွေအတွက် ကစားစရာတွေ အစုံပါတယ်။ စာကြည့်တိုက်က သူတို့ သွားနေကျ၊ လာနေကျနေရာလိုမျိုး ဖြစ်စေချင်တယ်။ အဓိက စာကြည့်တိုက်နဲ့ရင်းနှီးပြီး စာဖတ်တဲ့အလေ့အကျင့်တွေ ပါသွားစေချင်တာ" ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

### မသန်စွမ်းသူတို့အတွက်စာဖတ်ခန်း

စာကြည့်တိုက်တော်တော်များများ၌ တွေ့ရခဲသည့် မသန်စွမ်းစာဖတ်ခန်းတစ်ခုကို အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းချက်ရှိသူများအတွက် မသန်စွမ်းအဖွဲ့အစည်း များ၏ ပူးပေါင်းပါဝင်ကူညီမှု၊ အကြံပေးချက်များကို ရယူကာ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ထည့်သွင်းဆောင်ရွက်ပေးထားသည်။

အဆိုပါ မသန်စွမ်းစာဖတ်ခန်းတွင် မျက်မမြင်စာပေ ဖြင့် ရေးသားထားသည့် ဗဟုသုတဖြစ်ဖွယ်၊ စိတ်အား တက်ကြွဖွယ်၊ စာအုပ်စာပေမျိုးစုံထားရှိပေးထားပြီး စာပေလေ့လာဖတ်ရှုနိုင်ရန် အသံ File စာအုပ်များ စီစဉ်ထားရှိပေးထားရာ အမြင်အာရုံ၊ အကြားအာရုံ ချို့ယွင်းချက်ရှိ သော်လည်း စာဖတ်ဝါသနာပါသူတို့ အတွက် များစွာစိတ်ကျေနပ်မှုရရှိစေမည်မှာ အမှန်ပင် ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

- **ယခုအချိန်တွင် လူစုလူဝေးဖြင့်ကျင်းပသော ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို တတ်နိုင်သမျှ မလုပ်သင့်၊ မဖြစ်မနေကျင်းပရမည်ဆိုပါကလည်း တက်ရောက်မည့်လူဦးရေကို သိသိသာသာလျှော့ချခြင်း၊ ဖျားနာသူနှင့် နှာစေးချောင်းဆိုးသူများ လုံးဝမလာရောက်စေရေးနှင့် မိမိတို့ဝန်ကြီးဌာနမှ လမ်းညွှန်မှုများကို တိတိကျကျလိုက်နာပြီး ဆောင်ရွက်စေလို**
- **မြန်မာနိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားနေသောနိုင်ငံများမှ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားရန် အခွင့်အလမ်းပိုများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အားဖြည့်ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျန်းမာရေးမှူးများကို တွဲဖက်တာဝန်ချထားပြီးဖြစ်**

○ *ကျောဖုံးမှ*

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီ ၁၉ ရက်တွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ကျင်းပခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်သည်ထက်ပိုမို၍ ထိန်းချုပ်ကန့်သတ်မှုများ မပြုလုပ်ဘဲ တရုတ်နိုင်ငံနှင့် တစ်စည်းတစ်လုံးတည်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်နိုင်ငံဘက်မှ တိုက်တွန်းခဲ့ပြီး ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ပြည်သူများ၏ လူမှုစီးပွားရေးထိခိုက်မှုများ လျှော့ချရေး စသည်တို့အား ဆောင်ရွက်သွားရန် သဘောတူညီခဲ့ပါကြောင်း။

ထို့နောက် တရုတ်နိုင်ငံရောက် တရားမဝင်အလုပ်သမားများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဂိတ်များမှတစ်ဆင့် နေရပ်သို့ပြန်လာနိုင်ရေးအတွက် ပေကျင်းမြို့ရှိ မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ရာတွင် လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံမှ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်ရောက်ရှိသည့်အချိန်တွင်လည်း ကျန်းမာရေးစောင့်ကြပ် ကြည့်ရှုမှုများ ပြုလုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဗဟိုကော်မတီအစည်းအဝေးမှာ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးရှုထောင့်ကသာမက WHO ၏ လမ်းညွှန်ချက်များ ရှုထောင့်၊ နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းတို့အပေါ် ကြီးမားစွာ မထိခိုက်စေရေးရှုထောင့်၊ နှစ်နိုင်ငံချင်းဆက်ဆံရေးရှုထောင့်တို့မှ ဟန်ချက်ညီညီ ညှိနှိုင်းတိုင်ပင်၍ လုပ်သင့်လုပ်ထိုက်သည်များကို ညှိနှိုင်းသွားရန်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးသည် ပထမဦးစားပေးဖြစ်ပါကြောင်း၊ ပြည်သူတို့၏ သဘောထားကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

## အထူးဦးစားပေးလုပ်ငန်းတစ်ရပ်

ထို့နောက် ဗဟိုကော်မတီ ပူးတွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေးများကို ပြုလုပ်လျက်ရှိပြီး လုပ်ငန်းလမ်းညွှန်များကို ချမှတ်၍ အထူးဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ အဆိုပါနေ့စဉ်အစည်းအဝေးများနှင့် အခြား COVID-19 ရောဂါနှင့် စပ်လျဉ်းသော ညှိနှိုင်းအစည်းအဝေးများတွင် မိမိပြောကြားချက်များ၊ လမ်းညွှန်ချက်များကို စုစည်း၍ ဗဟိုကော်မတီဝင်များ သိရှိနိုင်ရန် ဖြန့်ဖြူးပေးထားပါကြောင်း၊ စုစုပေါင်း (၅၈၉)ချက်ပါဝင်ပြီး လူမှုရေးဝန်ကြီးများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်ရောက်သောအခါ မိမိတိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၌ အဆိုပါအချက်များကို ဆောင်ရွက်ထားရှိမှု အတိုင်းအတာကို လေ့လာဆန်းစစ်သုံးသပ်စေလိုပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများကလည်း မိမိတို့ ဆောင်ရွက်ထားရှိမှုအခြေအနေ အကျဉ်းချုပ်အစီရင်ခံစာကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံ တင်ပြရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာလူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးအပါအဝင် တာဝန်ရှိသူများသည် အသင်းအဖွဲ့တစ်ခုတည်း အသွင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကပ်ရောဂါဗေဒရှုထောင့်နှင့် ပြည်သူ့ကျန်းမာရေးရှုထောင့်များမှသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေးရှုထောင့်များမှလည်း ကြည့်ရှုသုံးသပ်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

## ကူးစက်မှုအလွန်မြန်

ယခုအချိန်တွင် လူစုလူဝေးဖြင့်ကျင်းပသော ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို တတ်နိုင်သမျှ မလုပ်သင့်ပါကြောင်း၊ မဖြစ်မနေ ကျင်းပရမည်ဆိုပါကလည်း တက်ရောက်မည့်လူဦးရေကို သိသိသာသာလျှော့ချခြင်း၊ ဖျားနာသူနှင့် နှာစေးချောင်းဆိုးသူများ လုံးဝမလာရောက်စေရေးနှင့် မိမိတို့ဝန်ကြီးဌာနမှ လမ်းညွှန်မှုများကို တိတိကျကျလိုက်နာပြီး ဆောင်ရွက်စေလိုပါကြောင်း၊ ပွဲလမ်းသဘင်အခမ်းအနားတစ်ခုချင်းစီအလိုက် ဘက်စုံခြုံငုံသုံးသပ်ပြီး စဉ်းစားဆုံးဖြတ်ရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနမှ တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေသည် အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲမှုရှိသောအခြေအနေ (evolving situation) ဖြစ်ပါကြောင်း၊ သေဆုံးမှုနှုန်းသည်လည်း တဖြည်းဖြည်း မြင့်တက်လာပြီး ယခုအခါ ၃ ဒသမ ၆ ရာခိုင်နှုန်းခန့်အထိ ရှိပါကြောင်း၊ လမ်းပြမြေပုံမရှိသောနယ်မြေ (Uncharted territory)သို့ ခရီးသွားနေရသည်နှင့် တူပါကြောင်း၊ ကူးစက်ပျံ့နှံ့ပုံအပါအဝင် ရောဂါ၏ သဘောသဘာဝဖြစ်စဉ်(Natural history) ကို ယခုအချိန်ထိ သေချာတိကျပြည့်စုံစွာ မသိရှိသေးပါကြောင်း၊ နောက်ဆုံးသိရှိရသော အချက်အလက်များအရ COVID-19 ရောဂါကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းသည် ပြင်းထန်မှုမရှိ သာမန်လက္ခဏာများသာရှိသော ရောဂါ(mild disease)၊ လူနာများ၏ ၁၄ ရာခိုင်နှုန်းသည် ပြင်းထန်သော လက္ခဏာရှိသောရောဂါ (severe disease)နှင့် ၆ ရာခိုင်နှုန်းခန့်သည် အသက်သေဆုံးနိုင်သည့်အထိ ပြင်းထန်သောရောဂါ (critically ill) ဖြစ်နိုင်ပါကြောင်း၊ ရောဂါကူးစက်ဖြစ်ပွား ခံရသူတစ်ဦးမှ တစ်ဆင့်ထပ်မံ ကူးစက်ခံရနိုင်ခြေရှိသည့် ဦးရေ (Basic Preproduction Number – Ro) သည် နှစ်ဦးမှ လေးဦးခန့်အထိရှိသည်ဟု သိရှိရ၍ ဤရောဂါသည် ကူးစက်မှုအလွန်မြန်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်လည်း ကူးစက်ဖြစ်ပွားမှု အလွန်မြန်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကူးစက်ဖြစ်ပွားမှုများသော ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ လာရောက်သည့် ခရီးသည်ဝင်ရောက်မှု(Influx) လျော့နည်းသွားပါက ရောဂါကူးစက်ဝင်ရောက်နိုင်ခြေလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ဝင်ရောက်လာသောခရီးသည်များမှ (Health Declaration Form) တွင် ဖြည့်ရသည့် အချက်များကိုလည်း တတ်နိုင်သမျှလျှော့ချပြီး တည်းခိုနေထိုင်မည့် ဟိုတယ်နှင့် တည်းခိုခန်းနှင့် နေရပ်လိပ်စာတို့ကို အဓိကထားဖြည့်စွက်စေခဲ့ပါကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အကူအညီကို ရယူပြီး မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဟိုတယ်၊ တည်းခိုခန်းများနှင့် ချက်ချင်းဆက်သွယ်ဆောင်ရွက်ခြင်း၊ လိုက်လံစုံစမ်းခြင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျန်းမာရေးမှူးများတွဲဖက်တာဝန်ချထား

သို့ဖြစ်ပါ၍ ပြည်သူများနှင့် သက်ဆိုင်ရာ ကာယကံရှင်များကို ရောဂါဖြစ်ပွားရာ နေရာများမှ ပြန်ရောက်လာပါက (သို့မဟုတ်) ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့မှု ရာဇဝင်ရှိပါက အသွားအလာပိတ်ပင်တားမြစ်ပြီး သတ်မှတ်နေရာတွင် နေထိုင်စေခြင်း (Quarantine) သည် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် ရောဂါဖြစ်ပွားပါက ချက်ချင်းကုသမှုပေးနိုင်ခြင်းနှင့် အခြားသူ မိမိ၏ မိတ်ဆွေနှင့် ဆွေမျိုးများကို မကူးစက်စေရန် ကာကွယ်မှုပေးနိုင်သည်ဟူသော အကျိုးကျေးဇူးများရှိကြောင်းကို သိရှိရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် (Quarantine) လုပ်ရန်ရှိပါက လူနာက ကူးစက်ရောဂါဆေးရုံဟု သတ်မှတ်ထားသော ဝေဘာဂီဆေးရုံတွင် ထားရှိတော့မည်မဟုတ်ဘဲ တည်ဆောက်ပြီးသော်လည်း လူနာများမထားရှိရသေးသော တောင်ဥက္ကလာပရှိ မိခင်နှင့်ကလေးဆေးရုံ (၄)ထပ်ဆောင်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး၊ ရောဂါလက္ခဏာရှိသောသူများနှင့် သံသယရှိလူနာများကိုသာ ဝေဘာဂီဆေးရုံတွင် ထားရှိသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားသူများ၏ ၈၈ ရာခိုင်နှုန်းတွင် ကိုယ်ပူဖျားနေခြင်းကို တွေ့ရှိရပါသဖြင့် လေဆိပ်၊ နေအိမ်နှင့် နယ်စပ်ဝင်/ထွက် ဂိတ်များတွင် Fever Screening ကို သေချာစွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါသည် တရုတ်-မြန်မာနယ်စပ်မှ ဝင်ရောက်လာနိုင်ခြေနည်းပါးသည်ဟု ထင်မြင်ယူဆပါကြောင်း၊ တရုတ်ပြည်တွင် အဓိကရောဂါဖြစ်ပွားနေသော ဝူဟန်မြို့၊ ဟူပေပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြားတွင် ယူနန်ပြည်နယ်၊ ဟူနန်ပြည်နယ်နှင့် ကွမ်းကျိုးပြည်နယ်တို့ ခြားနေသည့်အပြင် အဆိုပါပြည်နယ်များတွင် လူနာသစ် မတွေ့ရှိရသည်မှာ ရက်သတ္တ (၁)ပတ်ခန့် ရှိနေပြီဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ဝင်ရောက်သွားလာနေသူအများစုမှာလည်း ယူနန်ပြည်နယ်အတွင်း မိုင်အနည်းငယ်ခန့်သာသွားလာပြီး နေ့ချင်းပြန်ဝင်ထွက်နေသူများဖြစ်သည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ရောဂါဖြစ်ပွားနေသောနိုင်ငံများမှ လေကြောင်းခရီးဖြင့် ဝင်ရောက်လာသူများမှတစ်ဆင့် ရောဂါကူးစက်ဖြစ်ပွားရန် အခွင့်အလမ်းပိုများပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အားဖြည့်ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျန်းမာရေးမှူးများကို တွဲဖက်တာဝန်ချထားပြီးဖြစ်ပါကြောင်း။

## နေ့ချင်းဓာတ်ခွဲစစ်ဆေးပေးလျက်ရှိ

ရောဂါဖြစ်ပွားသူများကို ဆောလျင်စွာထောက်လှမ်းခြင်း၊ (Early Case Detection)နှင့် သီးခြားထားရှိ ကုသမှုပေးခြင်း၊ (Isolation & Treatment) ပေးခြင်းဖြင့် ကူးစက်ပြန့်ပွားမှုကို ထိရောက်စွာတားဆီးနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဆေးရုံများကို လူနာများတွေ့ရှိပါက ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် အသင့်အနေထားရှိရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သံသယလူနာ (၄)ဦး သို့မဟုတ် (၅)ဦးခန့် တစ်ပြိုင်နက်တွေ့ရှိပါက မည်ကဲ့သို့ဆောင်ရွက်မည်ကို အစမ်းလေ့ကျင့်ခြင်း (Table Top Exercise) တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကလည်း COVID-19 ရောဂါကို နေ့ချင်းဓာတ်ခွဲစစ်ဆေးပေးလျက်ရှိပြီး ယနေ့အချိန်ထိ စောင့်ကြည့်လူနာ (၅၀)ဦးကို စစ်ဆေးပေးခဲ့ကာ ရောဂါပိုးတွေ့ရှိသူ မရှိသေးပါကြောင်း၊ စင်ကာပူနိုင်ငံမှ ပေးအပ်လှူဒါန်းသော COVID-19 ရောဂါဓာတ်ခွဲစစ်ဆေးရန်အတွက် လူနာအယောက် (၃၀၀၀)အတွက် ဓာတ်ခွဲပစ္စည်းများ ယနေ့ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် သံသယ/စောင့်ကြည့်လူနာများ တွေ့ရှိကုသပေးနေမှုအခြေအနေများ၊ ပထမအကြိမ် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆုံးဖြတ်ချက်ပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက 2019 Novel Corona Virus (COVID-19)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများတွင် လေကြောင်းလိုင်းများ ပျံသန်းနေမှုအခြေအနေ၊ ရောဂါဖြစ်ပွားရာနိုင်ငံများမှ မြန်မာနိုင်ငံသို့လာရောက်မည့် နိုင်ငံခြားသားခရီးသွားများအား ပြည်ဝင်ခွင့် စိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လူစုလူဝေးဖြင့် ပြုလုပ်သည့် ပွဲလမ်းသဘင်များ ကျင်းပခြင်းကို ရှောင်ကြဉ်ရေးနှင့် မဖြစ်မနေ ကျင်းပရမည်ဆိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေးနှိုးဆော်ချက်များနှင့်အညီ တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေး ပြည်သူလူထုထံ အသိပညာပေးရေးကိစ္စ၊ ရောဂါကူးစက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်နိုင်ရေးနှင့် မီဒီယာများမှ တိကျမှန်ကန်သော သတင်းများအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တရားမဝင် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်း၊ နယ်စပ် ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား စနစ်တကျဆောင်ရွက်နေမှုအခြေအနေများ စသည်တို့အပေါ် ပွင့်ပွင့်လင်းလင်းအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

## တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်

ဗဟိုကော်မတီဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားရာတွင် လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် Confirmed Case မတွေ့ရှိရသေးသော်လည်း ပေါ့ဆခြင်းမရှိဘဲ ကြိုတင်ပြင်ဆင်မှုများ၊ ကာကွယ်ထိန်းချုပ်မှုများကို စနစ်တကျတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)နှင့် International Civil Aviation Organization(ICAO)တို့၏ စည်းမျဉ်းစည်းကမ်းများနှင့် အကြံပြုချက်များနှင့်အညီ ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် လူစုလူဝေးဖြင့်ပြုလုပ်သည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များကို လျှော့ချသွားရန် လိုအပ်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကိုရှေးရှု၍ ယင်းကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်ရန်အတွက် ကျန်းမာရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည်တို့ကို ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်လျက် ဟန်ချက်ညီမျှသည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြင့် သက်ရောက်နိုင်သည့် စီးပွားရေးဆိုင်ရာထိခိုက်မှုများရှိနိုင်သကဲ့သို့ ရောဂါဖြစ်ပွားပါက စီးပွားရေးဆိုင်ရာ ထိခိုက်မှုကို များစွာသက်ရောက်စေနိုင်သည့်အတွက် ကျန်းမာရေးရှုထောင့်အရ ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကို လိုက်နာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီပူးတွဲဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခု ဗဟိုကော်မတီကို ဖွဲ့စည်းထားခြင်းသည် လူမှုရေးဝန်ကြီးများ၊ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးနိုင်သောကြောင့် အလွန်အကျိုးရှိပါကြောင်း၊ COVID-19 ရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(Public Health Emergency of International Concern- PHEIC) ဟု (၃၀-၁-၂၀၂၀)ရက်နေ့တွင် ကြေညာကာ အဖွဲ့ဝင်နိုင်ငံများကို ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်(၅)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ထိုကဲ့သို့ မကြေညာမီကပင် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

## စနစ်တကျဆောင်ရွက်

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးပညာရှင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာပြီးနောက် ထုတ်ပြန်ကြေညာချက်တွင်ပါရှိသော ရောဂါမဖြစ်ပွားသေးသည့်နိုင်ငံများ ဆောင်ရွက်ရမည့် လုပ်ငန်း(၅)ရပ်ကိုလည်း

*စာမျက်နှာ ၈ သို့*

# မြန်မာနိုင်ငံအတွင်းရှိ ဈေးများနှင့်ဈေးပြင်ပတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်တွေ့ကျသော နည်းဗျူဟာဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံအတွင်းရှိ ဈေးများနှင့် ဈေးပြင်ပတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်တွေ့ကျသော နည်းဗျူဟာဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၃**

မြန်မာနိုင်ငံအတွင်းရှိ ဈေးများနှင့် ဈေးပြင်ပတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လက်တွေ့ကျသော နည်းဗျူဟာဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများအားလုံး နေ့စဉ်စားသုံးနေရသည့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်တွေ့မြေပြင်အခြေအနေအရပ်ရပ်နှင့် ကိုက်ညီဆီလျော်သည့် နည်းဗျူဟာများဖြင့် လုပ်ဆောင်နိုင်ရေးအတွက် ယနေ့ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသားများ တစ်ဦးတစ်ယောက်မကျန်အတွက် အရေးကြီးပါကြောင်း၊ ဈေးများနှင့် ဈေးပြင်ပတွင် ရောင်းချနေသော အစားအသောက်များ၏ သန့်ရှင်းလတ်ဆတ်မှုရှိရန်၊ ခွင့်မပြုဆိုးဆေးနှင့် ဓာတုပစ္စည်းများ ပါဝင်ခြင်းမရှိစေရန်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကြွင်းကျန်မှုများပါဝင်မှုကင်းစင်စေရန်၊ ကပ်ပါးရောဂါပိုးဥများနှင့် အခြားရောဂါပိုးများ ပါဝင်မှုကင်းစင်စေရန်တို့ကို ဆောင်ရွက်နိုင်မှသာ ရေရှည်တွင် ပြည်သူ၊ ပြည်သားများ ကျန်းမာမည်ဖြစ်ပါကြောင်း။

### စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကိုရေးဆွဲ

အစာအဆိပ်သင့်ခြင်းကဲ့သို့ လတ်တလောဖြစ်ပွားသည့် ရောဂါများသာမက သွေးတိုး၊ ဆီးချို၊ အဝလွန်ရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုးအပါအဝင် ရောဂါများ ဖြစ်ပွားမှုများသည် နေ့စဉ်စားသုံးနေသည့် အစားအသောက်ပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ပြည်သူများအားလုံး၏ ကျန်းမာရေးတိုးတက်မှု ဆောင်ရွက်ရန် အဓိကထားစဉ်းစားကာ စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကိုရေးဆွဲပြီး လုပ်ငန်းလမ်းပြမြေပုံများချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများ ပိုမိုပီပြင်ထိရောက်စေရန်အတွက် အမြဲမပြတ်စောင့်ကြည့်ခြင်းနှင့် ဆန်းစစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ထိရောက်အောင် ဆောင်ရွက်ရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ စားသုံးသူရေးရာဦးစီးဌာန စသည့် နှီးနွှယ်ဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဓိကအကျဆုံးအချက်မှာ ဈေးရောင်းချသူများတွင် ကျန်းမာရေးဗဟုသုတ၊ စေတနာ၊ စစ်မှန်သော ခံယူချက်များရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဈေးရောင်းချသူများတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာရှိရန်လိုအပ်ပါသဖြင့် မိမိတို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုအသိပညာများကို သိရှိရုံဖြင့်မလုံလောက်ဘဲ လက်တွေ့လိုက်နာကျင့်သုံးရန်မှာလည်း အရေးကြီးပါကြောင်း၊ ထိုသို့ အသိပညာများအား လက်တွေ့အသုံးချနိုင်မှု အခြေအနေအရပ်ရပ်ကိုလည်း ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် အသုံးချသုတေသနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

### လုပ်ငန်းဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းမှုသည် အဓိကအရေးကြီး

မိမိတို့အဓိကထားသော အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အစားအသောက်တစ်ခုတည်းသာမက စားသောက်ကုန်ရောင်းချရာနေရာများတွင် သန့်ရှင်းသောရေရရှိရေး၊ ခြင်၊ ယင်နှင့် ကြွက်များ ကင်းစင်စေရေးတို့မှာလည်း အရေးကြီးသောကြောင့် စည်ပင်သာယာရေး ကော်မတီများ၏ ပူးပေါင်းပါဝင်မှုလိုအပ်ပါကြောင်း၊ လူတစ်ဦးတွင် ရောဂါရရှိစေမည့် အရာများသည် ကိုယ်ခန္ဓာရှိ မျက်စိ၊ နှာခေါင်း၊ နား၊ ခံတွင်း၊ အရေပြားနှင့် မျိုးပွားအင်္ဂါများမှတစ်ဆင့် ဝင်ရောက်လာနိုင်ပါကြောင်း၊ ၎င်းတို့အနက် လူတိုင်းသည် နေ့စဉ်အစာအာဟာရစားသုံးနေရသည့်အတွက် ပါးစပ်မှတစ်ဆင့် ဘေးအန္တရာယ်ရှိသည့် အစားအသောက်များစားသုံးမိပါက ရောဂါဖြစ်ပွားနိုင်ခြေ အများဆုံးဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ဈေးများနှင့် ဈေးပြင်ပရောင်းချသော အစားအသောက်များ၏ကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ လက်တွေ့ကျ၍ အမှန်တကယ်အကောင်အထည်ဖော်နိုင်သော နည်းဗျူဟာများ ထွက်ရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ပွင့်လင်းစွာဖြင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုဆွေးနွေးချက်များကို ကဏ္ဍအလိုက်ခွဲခြမ်းစိတ်ဖြာ၍ ဦးစားပေးအဆင့်များသတ်မှတ်ကာ လုပ်ငန်းစဉ်များ ရေးဆွဲစေလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းပါဝင်မှုသည် အဓိကအရေးကြီးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ကြသူများအနေဖြင့် လုပ်ငန်းအတွေ့အကြုံများကို ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုပုံစံဖြင့် ဝေမျှဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ခင်ဇော်တို့က အဖွင့်အမှာစကား ပြောကြားသည်။

### လက်တွေ့ကျသော နည်းဗျူဟာတစ်ခု ပေါ်ပေါက်လာစေရန်

အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအတွင်းရှိ ဈေးများနှင့် ဈေးပြင်ပတွင် ရောင်းချလျက်ရှိသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် လက်တွေ့ကျသော နည်းဗျူဟာတစ်ခု ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

ဝန်ကြီးဌာနအနေဖြင့် ကြိုတင်ဆောင်ရွက်ထားခဲ့ပါကြောင်း၊ ပြည်တွင်း/ပြည်ပ လေကြောင်းခရီးစဉ်များတွင် လေယာဉ်ကို ပိုးသန့်စင်ခြင်းလုပ်ငန်း (Disinfection) ကို ပျံသန်းသည့် အချိန်နာရီပေါ်မူတည်၍ ပြုလုပ်ခြင်းမျိုး မဟုတ်ဘဲ ပျံသန်းသည့် ခရီးစဉ်တစ်ခုပြီးတိုင်း ဆောင်ရွက်စေလိုပါကြောင်း၊ လေယာဉ်ပေါ်တွင် သံသယလူနာ(၁)ဦး ပါရှိလာပါက ရောဂါပိုးများသည် အဆိုပါ လေယာဉ်တွင် ကျန်ရှိနိုင်ပြီး အခြားသူများကို ကူးစက်နိုင်ခြေမြင့်မားသောကြောင့် ဤကဲ့သို့ ပိုးသန့်စင်ခြင်းလုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ သက်ဆိုင်ရာလေကြောင်းဌာနသို့ ဆက်သွယ်ညှိနှိုင်းကာ ပိုးသန့်စင်ခြင်း အထောက်အထားလက်မှတ် (disinfection certificate) ကို တောင်းယူစေလိုပါကြောင်း၊ ပြည်တွင်းလေကြောင်းများ၌လည်း ပိုးသန့်စင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်စေလိုပါကြောင်း၊ COVID-19 ရောဂါသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ (zoonosis) တစ်မျိုးဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် သားသတ်ရုံများကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စနစ်တကျကြီးကြပ်ပေးရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များထံ အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့် လူမှုရေးဝန်ကြီးများကလည်း ကြီးကြပ်လမ်းညွှန်ပေးစေလိုပါကြောင်း။

### ဝင်ရောက်ကြည့်ရှုရယူနိုင်

မိမိအနေဖြင့် အကြံပြုလိုသည်မှာ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးများ ပြုလုပ်သည့်အခါ လေဝင်လေထွက်ကောင်းစေရန်အတွက် အလုံပိတ်အခန်းများတွင် မပြုလုပ်စေဘဲ တံခါးများ၊ ပြတင်းပေါက်များကို တတ်နိုင်သမျှ ဖွင့်ထားစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်ကာလတွင် COVID-19 ရောဂါဖြစ်ပွားမှုမရှိသေးသော်လည်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြင်းပြင်းထန်ထန် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ခြင်း(Aggressive actions)များ ဆောင်ရွက်ရန်လိုအပ်ပြီး သတင်းများကို ထိမ်ချန်မှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရန် အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် အရပ်ဘက်ဆေးရုံများနှင့် တပ်မတော်ဆေးရုံများအကြား ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ကြေညာချက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုရယူနိုင်ပါကြောင်း။

### ပြင်ဆင်ဆောင်ရွက်သွားမည်

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ စောင့်ကြည့်လူနာ(၅၀)ကို COVID-19 ရောဂါ ပိုး ရှိ/မရှိ စစ်ဆေးခဲ့ရာ ယခုအချိန်ထိ ရောဂါပိုးရှိသူ တစ်ဦးမျှ မတွေ့ရှိရသေးဘဲ ဓာတ်ခွဲအဖြေများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းတစ်ခုဖြစ်သော ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်းအဖြေများနှင့် ကိုက်ညီမှုရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးသော PCR စက်များသည် ဝန်ကြီးဌာနတွင် ယခင်ကတည်းကရှိသော်လည်း COVID-19 ရောဂါပိုးအတွက် သီးသန့် Primer နှင့် Probe များ ဓာတ်ခွဲပစ္စည်းများမရှိသောကြောင့် ယခင်က မစစ်ဆေးနိုင်ခဲ့သော်လည်း အဆိုပါဓာတ်ခွဲပစ္စည်းများကို ဂျပန်နိုင်ငံမှ ရရှိပြီးနောက် ယခုအခါ စစ်ဆေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါတွင် ရောဂါဖြစ်ပွားကူးစက်နိုင်သော နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများဟူ၍ ခွဲခြားမစဉ်းစားသင့်တော့ပါကြောင်း၊ သတင်းအချက်အလက်များကို လွတ်လပ်စွာမျှဝေရယူခြင်း၊ (Free Flow of Information) ရှိရန် အရေးကြီးပါကြောင်း၊ လေယာဉ်များပေါ်တွင် လက်သန့်စင်ပိုးသတ်ဆေးရည် ပုလင်းများ Hand Sanitizer များ အလွယ်တကူရယူသုံးစွဲနိုင်ရန် စီစဉ်ပေးစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများ (သို့မဟုတ်) ဓာတ်ခွဲအတည်ပြု လူနာများနှင့် ထိတွေ့သူများကို အသွားအလာပိတ်ပင်တားမြစ်ကန့်သတ်ပြီး စောင့်ကြည့်ရန်အတွက် တောင်ဥက္ကလာပ မိခင်နှင့် ကလေးလူနာဆောင် အဆောက်အဦသစ်နှင့် လှည်းကူးကွင်းဆင်းသင်တန်းကျောင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖောင်ကြီးသင်တန်းကျောင်းတို့တွင် ထားရှိနိုင်ရန်လည်း ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အဖွဲ့အစည်းများထံ ဖြန့်ဝေပေးသွားမည်

လေကြောင်းခရီးဖြင့် ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် Health Declaration Form ကို ပြည့်စုံစွာ ဖြည့်စွက်ပြီးသူများကိုသာ ပြည်တွင်းသို့ ဝင်ခွင့်ပေးရန်ဖြစ်ပါကြောင်း၊ အကျဉ်းထောင်နှင့် အချုပ်များတွင်လည်း COVID-19 ရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနမှ အကူအညီများပေးသွားမည်ဖြစ်ပါကြောင်း၊ ဆေးရုံများအတွက် လိုအပ်သော တစ်ကိုယ်ရေရောဂါကာကွယ်ရေးပစ္စည်း (PPE)များကိုလည်း ဖြည့်ဆည်းပေးထားမည်ဖြစ်ပါကြောင်း၊ လူစုလူဝေးဖြင့် ကျင်းပမည့် ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပသည့်အခါ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန် အချက်များကို Update ပြုလုပ်၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများထံ ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေဆိပ် ကျန်းမာရေးဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ အကောက်အခွန်ဌာန၊ လေကြောင်းပို့ဆောင်ရေးနှင့် လေဆိပ်ကြီးကြပ်ရေးကော်မတီမှ ဝန်ထမ်းများသည် အပတ်စဉ်ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားနေသော နိုင်ငံများ၌ ပြုလုပ်သည့် ကာလတိုသင်တန်းများ၊ အစည်းအဝေးများသို့ သင်တန်းသားများနှင့် ကိုယ်စားလှယ်များ မစေလွှတ်တော့ကြောင်းနှင့် အခြားဝန်ကြီးဌာနများကလည်း မလွှဲမရှောင်သာသည့် အရေးကြီးသည့် သင်တန်းများ၊ အစည်းအဝေးများမှလွဲ၍ မစေလွှတ်သင့်ပါကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြည်နယ်သုံးခုနှင့် တိုင်းဒေသကြီး သုံးခုတို့၏ အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

---

● *ကျောဖုံးမှ*

ကြက်တောင်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဂေါက်သီး၊ ဗီတန်း၊ ကရာတေး၊ အပြည်ပြည်ဆိုင်ရာလှေ၊ Esport၊ တင်းနစ်၊ စစ်တုရင်၊ တိုက်ကွမ်ဒို၊ ပန်ကြပ်ဆီလတ်၊ ဂျူဂျစ်ဆူ၊ လက်ဝှေ့၊ ကာယဗလ၊ Dance Sport၊ Netball၊ ထိုင်းလက်ဝှေ့၊ Lawn Bowls နှင့် Climb Sport အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဘောလုံး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ ဂေါက်သီး၊ ဗီတန်း၊ ကရာတေးနှင့် Esport အားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး အားကစားနည်းအချို့ ထပ်တိုးကာ အပြောင်းအလဲဖြစ်နိုင်ကြောင်း သိရသည်။ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲသည် တက္ကသိုလ်အဆင့်ပြိုင်ပွဲဖြစ်သော်လည်း လက်ရွေးစင်ကစားသမားများပါ ယှဉ်ပြိုင်ခွင့်ရှိပြီး တက္ကသိုလ်ပညာသင်ကြားနေသူဖြစ်ပါက ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ၁၉၈၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ပြိုင်ပွဲတစ်ကြိမ်သာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ထိုင်းနိုင်ငံက ငါးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ညီမြတ်သော်တာ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၉ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မမုံကျေးရွာနေ ချင်းပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၂-၂၀၂၀ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ မမုံကျေးရွာနေ ချင်းပု (ခ)ဆန်းဝင်း(၄၃)နှစ်၊ (ဘ)ဦးမောင်သဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ သန်းနိုင် (၅၃)နှစ်၊ (ဘ)ဦးဖြူညွန့်ဦး၊ ငွေရွှေ(၅၆)နှစ်၊ (ဘ)ဦးဆိုးပေ၊ ဂန်ခါကျေးရွာနေ ဇော်လင်း(၃၈)နှစ်၊ (ဘ)ဦးရထွန်း၊ ဖားပြင်ကျေးရွာနေ ထွန်းနိုင် (၄၇)နှစ်၊ (ဘ)ဦးသန်းညွန့်တို့(၅)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်) မယ (ပ) ၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ မမြအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ မမြအေး (၃၉)နှစ်၊ (ဘ)ဦးလူကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ) ၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာနေ ဝင်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအရှေ့ဘက် ဆည်ကြီးချောင်းဘေးရှိ ချုံအတွင်း၌ ၎င်းကျေးရွာနေ ဝင်းမြင့်(၅၂) နှစ်၊ (ဘ)ဦးသိန်းအောင်နှင့် မြင့်လွင်(၅၂)နှစ်၊ (ဘ)ဦးမဲညိုတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၁၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စလွန်းကျေးရွာနေ မျိုးမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၂-၂၀၂၀ ရက်နေ့တွင် မြိတ်မြို့နယ်၊ စလွန်းကျေးရွာနေ မျိုးမြင့် (၄၈)နှစ်၊ (ဘ)ဦးစံတင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်) မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က) /၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာနေ ခေါင်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၂-၂၀၂၀ရက်နေ့တွင် လောင်းလုံးမြို့နယ်၊ တီဇစ်ကျေးရွာအနီး ဒီရေတောအတွင်း၌ ၎င်းကျေးရွာနေ အောင်သန်းစိုး(ခ)ခေါင်းကြီး (၂၀)နှစ်၊ (ဘ)ဦးအောင်သန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ လက်လုပ် လေသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လောင်းလုံး) မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၂ (ခ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂)ဦး၊ မ(၂)ဦး၊ပေါင်း(၄)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၃-၂-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာ၊ နီကယ် ဆိပ်ကမ်းလမ်းပေါ်၌ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာနေ မျိုးဇော်ထက်(၂၀)နှစ်၊ (ဘ) ဦးမောင်ညွှန့်နှင့် ဇော်မင်း(၃၅)နှစ်၊ (ဘ)ဦးငွေဝင်းတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ တကောင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဆန်းကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် တကောင်းမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဆန်းကို(၄၅)နှစ်၊ (ဘ) ဦးမောင်တင် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ (ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်နေ တရုတ်ပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၂-၂၀၂၀ ရက်နေ့တွင် ပေါင်မြို့နယ်၊ ကဒုံစီးရပ်ကွက်နေ တရုတ်ပု (ခ)စိုးမင်းလတ်(၄၂)နှစ်၊(ဘ)ဦးတင်ညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပေါင်) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်နေ ဒေါ်ဝေဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (တောင်)ရပ်ကွက်နေ ဒေါ်ဝေဝေ (ခ)တင်တင်ဝေ (၃၆)နှစ်၊ (ဘ)ဦးဖိုးနီ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်)မယ(ပ) ၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ စံမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၂-၂၀၂၀ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ စံမြင့် (၄၄)နှစ်၊(ဘ)ဦးဝေဘင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း)မယ(ပ) ၂၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ တင်မျိုးဝင်း(ခ) ရွှေအသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ တင်မျိုးဝင်း(ခ)ရွှေအ(၃၆)နှစ်၊ (ဘ)ဦးချစ်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ချက်ကြီး(၄၈)နှစ်၊ (ဘ)ဦးချစ်လှတို့(၂)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နမ့်လန်) မယ(ပ) ၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၆)၊ သဖန်းဆိပ်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၂-၂၀၂၀ ရက်နေ့တွင် ကျောက်မဲမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၆)၊ သဖန်းဆိပ်အနီးလယ်ကွင်းတွင် ဟူးကွက်ကျေးရွာနေ ကျော်လူ(၄၂)နှစ်၊ (ဘ)ဦးမောင်ဆိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်မဲ) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၉-၂-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၀၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၂၉၀)ဦး၊ မ(၂၅၄)ဦး၊ ပေါင်း(၁၅၄၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၅၆.၅၈၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၄၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၀၄၉၆၂)ပြား၊ ဆေးခြောက်(၁၀၃၁၁.၄၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

---

**❑ *ကျောဖုံးမှ***

လုံးဝဆိုးရွားတာတော့ မရှိပါဘူး။ ရေရှည်မှာတော့ တရုတ်ဈေးကွက်အပြင် တခြားနိုင်ငံဈေးကွက်တွေ ရှာထားရမယ်” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ပြောသည်။

နှစ်စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖရဲ၊ သခွား တန်ချိန် ရှစ်သိန်းအထိ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဝူဟန်၌ ကူးစက်ရောဂါ ဖြစ်ပြီးနောက် တရုတ်နိုင်ငံအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ခဲ့ရ၍ တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဈေးကွက်များသို့ တင်ပို့မှု လျော့နည်းခဲ့ပြီး ယခုနှစ်ဆန်းပိုင်းတွင် တန်ချိန်နှစ်သိန်းကျော်အထိသာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ ဝယ်ယူရန်ကမ်းလှမ်းသဖြင့် ဝယ်ယူမှုဈေးကွက်ပျက်နေရာမှ ဖရဲ၊ သခွား တင်ပို့မှုမှာ ဝယ်လိုအား ထက်ဝက်အထိ ရှိလာကြောင်း သိရသည်။

“ဒီနေ့ တရုတ်နယ်စပ်ကို ဖရဲ၊ သခွား အစီးရေ နှစ်ရာကျော် တက်သွားပါတယ်။ ဖရဲ၊ သွားရောက်စိုက်ပျိုးတင်ပို့သူဦးရေ ငါးသောင်းဝန်းကျင်ရှိပြီး စိုက်ဧက ၉၃၅၀၀ ခန့်၊ သခွားမွေးစိုက်ဧက ၃၄၁၅၀ ရှိပါတယ်။ သခွားမွေးတင်ပို့မှုက မဆိုးဘူး၊ ဈေးရတယ်။ ဝယ်လိုအား အသင့်အတင့်ရှိနေတယ်။ ဒီနှစ် ဖရဲက မကောင်းဘူး။ ဖရဲတင်ပို့မှုမှာ ကားခ စရိတ်သာ ရနေပါတယ်။ စိုက်ပျိုးတင်ပို့သူတွေ အနေနဲ့ ဈေးကွက်ပျက်နေချိန်မှာ သတင်းအချက်အလက်ကို နားစွင့်ရမယ်။ သတင်းမသိဘဲ တက်သွားရင် ဟိုကျတော့ အသီးဖိုး မရတဲ့အပြင် ကားခပါ ထပ်စိုက်နေရမယ်။ သက်ဆိုင်ရာပွဲရုံပွဲစားတွေကို လှေလာပြီးမှ တက်ကြပါ။ မတက်သင့်ရင် မတက်ပါနဲ့။ မတက်သင့်ဘဲ တက်ခဲ့ရင် နစ်နာမှာ စိုးလို့ပါ။ သတင်းအချက်အလက်တွေကို လှေလာပြီးမှ တက်ကြပါ။ သူတို့ဆီမှာ ဒုက္ခရောက်နေကြတော့ မဝယ်နိုင်တာလေ။ နယ်စပ်အနီးလေးကပဲ ဝယ်တော့ ဈေးကနည်းတာ။ သူတို့က ဖရဲ ၁၂ ဘီးကားတစ်စီးကို ပုံမှန်ကား ယွမ်ငါးသောင်း လောက်ပေးတယ်။ အခုက ယွမ်ခုနစ်ထောင်၊ တစ်သောင်း ပေးလည်း ရောင်းရတာ” ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွား စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။

တရုတ်နိုင်ငံသို့ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဖရဲ ၆၆၀၀၁၆ တန် (အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၈၄ သန်း)၊ သခွားမွေး ၁၁၁၇၂၆ တန် (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၄ သန်း)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖရဲ ၈၀၀၄၂၄ တန် (အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၄၆ သန်း)၊ သခွားမွေး ၁၂၆၂၂၇ တန် (အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၇ သန်း)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖရဲ ၇၄၈၄၇၂ တန် (အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၅ သန်း)၊ သခွားမွေး ၁၅၈၀၆၉ တန် (အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၂၃ သန်း)တန်ဖိုးအထိ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ဖရဲ တန် ၃၃၀၀၀၀ ကျော်နှင့် သခွားမွေးတန် ၄၀၀၀၀ ကျော်အထိ ပို့နိုင်ကြောင်း မြန်မာနိုင်ငံဖရဲသခွားစိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

တရုတ်နိုင်ငံသို့ နှစ်စဉ် နိုဝင်ဘာလမှ မေလအထိ ပုံမှန်တင်ပို့ကာလဖြစ်ပြီး ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများသည် တင်ပို့မှုအများဆုံးဖြစ်ရာ ဝယ်လိုအား ကျဆင်းချိန်တွင် ရန်ကုန်မြို့ မြေပဒေသာကျွန်း၌ ဖရဲ၊ သခွား ပွဲတော်ကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ ရက်အထိ ကျင်းပသဖြင့် ပြည်တွင်းဝယ်လိုအား တက်လာကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

*အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီသည် နိုင်ငံတော်၏ အကျိုးအတွက် သဘာဝသယံဇာတများကို ဥပဒေနှင့်အညီ စနစ်တကျတူးဖော်လုပ်ကိုင် ဆောင်ရွက်နိုင်ရန်၊ အစိုးရနှင့် ပြည်သူအကြား သဘောထားကွဲလွဲမှု မရှိစေရန်၊ ပြည်သူများ မနစ်နာစေရန် ရည်ရွယ်၍ ဥပဒေများ အသစ်ပြင်ဆင်ရေးဆွဲသင့်သည်များကို ပြင်ဆင်ရေးဆွဲရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟုသုတနည်းပညာများကို ပညာပေးဆွေးနွေးခြင်းများ၊ လိုအပ်ပါက ကွင်းဆင်းစိစစ်ခြင်းများအား အဓိကထားဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် - (စာတည်းအဖွဲ့)*

# ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ဖို့အတွက် ကော်မတီအနေနဲ့ အဆိုတင်ပါတယ်။ အဓိက ကတော့ အကြီးစားဆိုတာ မရှိတော့ဘူး။ အလတ်စား၊ အငယ်စားနဲ့ လက်လုပ်လက်စားဆိုတာပဲ ရှိတော့တယ်။ ကော်မတီ၊ အစိုးရဝန်ကြီးဌာန၊ လွှတ်တော်နဲ့အားလုံးက ဝိုင်းဝန်းကြိုးစား အတည်ပြုနိုင်ခဲ့

ဦးကျော်သီဟ (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)

*တွေ့ဆုံမေးမြန်း - နန္ဒဝင်း*

## အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။**

ကော်မတီသည် နိုင်ငံတော်၏ အကျိုးအတွက် သဘာဝသယံဇာတများကို ဥပဒေနှင့်အညီ စနစ်တကျတူးဖော်လုပ်ကိုင် ဆောင်ရွက်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု မဖြစ်စေရန်၊ ချမှတ်ထားသည့် ဥပဒေအား လိုက်နာဆောင်ရွက်ရန်၊ အစိုးရနှင့် ပြည်သူအကြား သဘောထားကွဲလွဲမှု မရှိစေရန်၊ စည်းကမ်းလိုက်နာရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူများ မနစ်နာစေရန် ရည်ရွယ်၍ ဥပဒေများ အသစ်ပြင်ဆင်ရေးဆွဲသင့်သည်များကို ပြင်ဆင်ရေးဆွဲရန်၊ အမိန့်နှင့် ညွှန်ကြားချက်များအား ပြည်သူများ လိုက်နာဆောင်ရွက်စေရန်၊ သတ္တုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဗဟုသုတနည်းပညာများကို ပညာပေး ဆွေးနွေးခြင်းများ၊ လိုအပ်ပါက ကွင်းဆင်းစိစစ်ခြင်းများအား အဓိကထားဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးကျော်သီဟ**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ**

**မေး ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းဖြစ်ခဲ့ပုံကို သိရှိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံက ကမ္ဘာပေါ်မှာရှိတဲ့ အခြားနိုင်ငံတွေထက် အင်မတန် ထူးခြားပါတယ်။ သစ်တော၊ သတ္တု၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရေနံသယံဇာတတွေ များစွာထွက်ရှိတဲ့ နိုင်ငံဖြစ်ပြီး ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်ဝတယ်။ ခန္တီး၊ ဖားကန့်မှာ ကျောက်စိမ်းထွက်ရှိတယ်။ မိုးကုတ်၊ မိုင်းရှူးစတဲ့ ဒေသတွေမှာလည်း ကျောက်မျက်ရတနာတွေ ထွက်ရှိတယ်။ အဲဒီလို သစ်တောသစ်ပင်တွေ၊ သဘာဝသယံဇာတတွေ ပေါကြွယ်ဝတဲ့ နိုင်ငံမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက တိုင်းပြည်အတွက်ရော ပြည်သူအတွက်ပါ အင်မတန်အရေးကြီးတဲ့ ကော်မတီတစ်ရပ်ဖြစ်ပါတယ်။

ဒီကော်မတီက ပထမအကြိမ်လွှတ်တော်သက်တမ်းကစပြီး ရှိခဲ့ပါတယ်။ အခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာလည်း ၂၀၁၆ ခုနှစ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊စီးပွားရေး စီမံခန့်ခွဲနေတဲ့ ဝန်ကြီးဌာနတွေရှိသလို ဥပဒေပြုတဲ့ လွှတ်တော်ဘက်ကလည်း ပြန်လည်ထိန်းကျောင်းဖို့အတွက် ဝန်ကြီးဌာနအလိုက် ကော်မတီတွေ ဖွဲ့စည်းပေးထားတာ ဖြစ်ပါတယ်။

**မေး ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ကော်မတီတွေက ဥပဒေတွေ ရေးဆွဲပေးတယ်။ ပြင်ဆင်ပေးတယ်။ မေးခွန်းတွေ၊ အဆိုတွေကိုလည်း သက်ဆိုင်ရာကော်မတီတွေက မေးမြန်းဆွေးနွေးရတာဖြစ်ပါတယ်။ ထူးထူးခြားခြား အနေနဲ့ဆိုရင် မြန်မာ့ကျောက်မျက် ရတနာဥပဒေ ဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၆ ခုနှစ်က စတင်ပြီး ရေးဆွဲခဲ့တာ ရှိပါတယ်။

အဲဒီ ဥပဒေပေါ်လာပြီး ၂၀၁၂ ခုနှစ်အထိ ကြားကာလမှာ နှစ်ကြိမ်ပြင်လာခဲ့တယ်။ အခု ၂၀၁၆ ခုနှစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ပေါ်ပေါက်လာပြီးနောက်မှာ အဲဒီဥပဒေကိုပဲ ပြင်ဆင်ဖို့ ကျွန်တော်တို့ ကြိုးစားပါတယ်။

အဓိကက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမှာ အကြီးစားဆိုပြီး စက်ယန္တရားကြီးတွေနဲ့ ထုတ်လုပ်ပါတယ်။ အကြီးစား၊ အလတ်စား၊ အငယ်စား၊ လက်လုပ်လက်စားဆိုပြီး ခွဲထားရာမှာ သတ္တုနဲ့ ပတ်သက်ရင် အကြီးစား ဖြစ်တဲ့ ဧက ၅၀၊ ၁၀၀ အများကြီးကို စက်ယန္တရားကြီးတွေနဲ့ အနက်ကြီးတူး၊ အကြီးအကျယ်ထုတ်တယ်ဆိုရင် အကုန်လုံးပျက်စီးပြီး ဆုံးရှုံးသွားမှာကို စိုးရိမ်တဲ့အတွက် အကြီးစားဆိုတာကို ပယ်ဖျက်ဖို့အတွက် ကျွန်တော်တို့ စတင်ကြိုးစားတာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ဖို့အတွက် ကော်မတီအနေနဲ့ အဆိုတင်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ ကျောက်မျက်အသင်းချုပ်၊ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေ ညှိနှိုင်းတိုင်ပင်ရေးဆွဲပါတယ်။ အဲဒီဥပဒေကို နိုင်ငံတော်သမ္မတထံကို တင်ပါတယ်။ နိုင်ငံတော်သမ္မတက အတည်ပြုပြီး ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေဆိုပြီး ထွက်ရှိပါတယ်။



ဦးကျော်သီဟ (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)

အဆိုတင်ရင်းနဲ့ ကျောက်မျက်ဥပဒေကို ပြင်ဆင်နိုင်တာ ဖြစ်ပါတယ်။ အဓိက ကတော့ အကြီးစားဆိုတာ မရှိတော့ဘူး။ အလတ်စား၊ အငယ်စားနဲ့ လက်လုပ်လက်စားဆိုတာပဲ ရှိတော့တယ်။ အဲဒီလိုဖြစ်ဖို့အတွက် ကျွန်တော်တို့ ကော်မတီ၊ အစိုးရဝန်ကြီးဌာန၊ လွှတ်တော်နဲ့အားလုံးက ဝိုင်းဝန်းကြိုးစား အတည်ပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။

လွှတ်တော်က ဥပဒေကို အတည်ပြုပြီး နည်းဥပဒေကို ဝန်ကြီးဌာနက အခု ရေးဆွဲပြီး ရှေ့နေချုပ်ရုံးကိုတင်တယ်။ သမ္မတ အတည်ပြုပြီးရင်တော့ နည်းဥပဒေ ထွက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ အထူးခြားဆုံး ပြင်ဆင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျောက်မျက်ဥပဒေလိုပဲ အဆိုတင်သွင်းတာ၊ မေးခွန်းမေးမြန်းတာတွေ၊ ဥပဒေပြင်တာ ဆက်လက်ပြီး ဆောင်ရွက်နေတယ်။ အခုဆိုရင် ကျွန်တော်တို့ ကော်မတီက သစ်တောဥပဒေနဲ့ ပတ်သက်ပြီး အဆိုအောင်သွားတာတွေရှိတယ်။ တစ်ရှူးငှက်ပျောနဲ့ ပတ်သက်ရင်လည်း ဆွေးနွေးနေကြတာတွေ ရှိပါတယ်။ အဲဒီလိုပဲ သစ်တောနဲ့ ပတ်သက်တာ၊ သတ္တုနဲ့ ပတ်သက်တာတွေကို နည်းဥပဒေ ပြင်ဆင်စရာရှိတာတွေကို ဆွေးနွေးတယ်၊ တိုင်ပင်တယ်၊ ပြင်ဆင်တယ်။

ကျွန်တော်တို့ အဲဒီလို အဆိုတင်သွင်းတာ၊ဆွေးနွေးတာ၊ မေးခွန်းမေးမြန်းတာတွေ အားလုံးက လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် ဝန်ကြီးဌာနကို အကြောင်းကြားရတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူတွေလာရောက်ပြီး ဆွေးနွေးအကြောင်း ပြန်ကြားတာတွေရှိတယ်။ သတ္တုလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ သစ်တောလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေနဲ့ ပတ်သက်ရင် ကြိုးစား ဆောင်ရွက်နေပါတယ်။ ကွင်းဆင်းစစ်ဆေးမှုတွေလည်း ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ကျောက်မျက်ဥပဒေကို ပြင်ဆင်နိုင်ခြင်းအားဖြင့် ဘယ်လို အကျိုးကျေးဇူးတွေရရှိမယ် ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အရင်တုန်းက ဥပမာ ဖားကန့်မှာ၊ မိုးကုတ်မှာ ကျောက်တောင်ကြီးတစ်တောင်တည်းက ကျောက်မျက်ရတနာကို မိုင်းခွဲပြီး တူးလိုက်တယ်၊ မြေကြီးတွေကို နှိုက်ပြီး တူးတယ်၊ ကျောက်စိမ်းလေးကို ရှာပြီး တူးရမယ့်ကိစ္စမှာ အဲဒီလို စက်ယန္တရားအကြီးတွေနဲ့ အနက်ကြီး နှိုက်တူးလိုက်တယ်။

မြေနေရာကလည်း အကျယ်ကြီး၊ ပေးတဲ့ သက်တမ်းကလည်း အကြာကြီး။ အကြီးစားကုန်ထုတ်လုပ်ငန်းဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ အဖိုးတန်ရတနာတွေကို ဖြည်းဖြည်းချင်း ထုတ်ယူသုံးစွဲရမယ့်ကိစ္စမှာ အကြီးစား လုပ်ငန်းအနေနဲ့ ပေးတဲ့အတွက် အများကြီး ကုန်သွားတယ်။ အဲဒါကို အကြီးစားအနေနဲ့ မပေးဘဲ အလတ်စား၊ အငယ်စား၊ လက်လုပ်လက်စားအနေနဲ့ပဲ ထားပါဆိုပြီး ပြင်တယ်။

အလတ်စားဆိုတာကိုလည်း မြေဧက ၅၀၊ ၁၀၀ မပေးဘူး။ ကုမ္ပဏီတစ်ခုကို ၄ဧက အနေနဲ့ တူးခွင့်ပေးတယ်။ မြေစာပတ်လမ်း ချန်ရမယ်၊ နောက်ထပ် ၄ဧကပေးတယ်၊

*စာမျက်နှာ ၁၁ သို့*



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

> **“တနင်္သာရီတိုင်းဒေသကြီးဘက်မှာ ဆိုရင်လည်း ကျောက်မီးသွေးတွင်းတူးတဲ့ ကိစ္စမှာ အနီးအနားက ပြည်သူလူထုတွေက သူတို့ အခက်အခဲဖြစ်နေတယ်လို့ ဆိုတဲ့အတွက် ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို သဘာဝပတ်ဝန်းကျင်အရ ထိခိုက်နစ်နာနေတယ်လို့ဆိုတဲ့ အရာတွေကို ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်”**



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပြည်ပအဖွဲ့အစည်းတစ်ဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖားကန့်ဒေသသို့ သွားရောက်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်စဉ်။

*စာမျက်နှာ ၁၀ မှ*

မြေစာပတ်လမ်း ချန်ရတယ်။ နေရာအကျယ်ကြီး မရှိရင် အောက်ကိုအနက်ကြီး တူးလို့မရတဲ့အတွက် အကြီးစားပုံစံ မဖြစ်တော့ဘူး။ ဧက ၅၀၊ ၁၀၀ အကြီးကြီး မရတော့ဘူး။ ငါးဧကပဲ ချုံ့လိုက်တယ်။ နှစ် ၂၀၊ ၃၀ လည်း မပေးဘူး။ ငါးနှစ် ပေးတယ်။ သက်တမ်းတိုးရင် သုံးနှစ် အဲဒီလို ချုံ့လိုက်တယ်။ အဲဒီ အကျိုးကျေးဇူးက နိုင်ငံအတွက် သားစဉ်မြေးဆက် ရေရှည်အကျိုးရှိပြီး နောက်လူတွေပါ ခံစားနိုင်မှာ ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက သစ်ပင်၊ သစ်တောက အရေးကြီးပါတယ်။ တောတောင်၊ ရေမြေ၊ သစ်ပင်သစ်တော၊ လူတွေ နေထိုင်နေတဲ့ ရုပ်ဝတ္ထုသဘာဝ ပတ်ဝန်းကျင်အားလုံးက ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်ပါတယ်။ ကော်မတီအနေနဲ့ သစ်တောတွေနဲ့ ပတ်သက်တာ၊ တောတောင်တွေနဲ့ ပတ်သက်တာ၊ တောင်တွေရဲ့ အောက်မှာရှိတဲ့ ကျောက်သံပတ္တမြားတွေ၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ မိုင်းနဲ့ ပတ်သက်တာတွေ၊ ရေတွင်းရေကန်၊ ချောင်းမြောင်း၊ လေထု၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တွေနဲ့ ဆက်စပ်ပတ်သက်တာတွေက ကျွန်တော်တို့ ကော်မတီနဲ့ သက်ဆိုင်တယ်လို့ ခံယူဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကွင်းဆင်းဆောင်ရွက်မှုတွေ ရှိရင် ဘယ်ဒေသကို သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့တယ်၊ ဘာတွေ လေ့လာတွေ့ရှိခဲ့တယ် ဆိုတာကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ဒီကော်မတီ ပေါ်ပေါက်လာပြီးတဲ့နောက်မှာ လူတွေကလည်း အတော်လေး စိတ်ဝင်စားပါတယ်။ ဥပမာ - စဉ့်ကူး၊ သပိတ်ကျင်းဘက်မှာရှိတဲ့ ရွှေတွင်းတွေမှာဆိုရင် ကုမ္ပဏီတွေနဲ့၊ ဒေသခံတွေနဲ့ တွေ့တယ်။ ဒေသခံလို့ဆိုရာမှာ ဒေသခံက နည်းတယ်။ များသောအားဖြင့် ရွှေထွက်ပြီဆိုရင် အခြားဒေသတွေက လူတွေက ရွှေ့ပြောင်းလာကြတယ်။

နောက်တော့မှ ပိုက်ဆံချမ်းသာသူတွေ၊ ကုမ္ပဏီတွေက ရောက်လာကြတယ်။ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းဘက်မှာပဲဖြစ်ဖြစ်၊ မိုးထိမိုးမိဘက်မှာပဲဖြစ်ဖြစ် ကွင်းဆင်းစစ်ဆေးတဲ့အခါ ရွှေဆိုတော့ ပြဒါးတွေနဲ့ဖမ်းတယ်။ ရေတွေက နောက်ကျိပြီး သောက်သုံးရေအတွက် အခက်အခဲဖြစ်နေပြီ ပြောလို့ အဲဒီကို သွားရောက်ကြည့်ရှုဆောင်ရွက်ခဲ့တယ်။

နောက်ပြီး ကချင်ပြည်နယ်ကို ကွင်းဆင်းတဲ့အခါ ဖားကန့်ဘက်မှာ ဥရုချောင်းထဲက ရေတွေကို ဆယ်ပြီး ရွှေလုပ်တာ၊ ကျောက်စိမ်းတူးတာတွေကြောင့် နေထိုင်ရတာ အခက်အခဲရှိနေပါပြီလို့ ဒေသခံတွေက ပြောတဲ့အတွက် ကွင်းဆင်းစစ်ဆေးတာတွေ ဆောင်ရွက်ခဲ့တယ်။ စစ်ဆေးတွေ့ရှိချက်တွေကို လွှတ်တော်ဥက္ကဋ္ဌကိုတင်၊ လွှတ်တော်ဥက္ကဋ္ဌက သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွေကို ညွှန်ကြားဆောင်ရွက်ပါတယ်။

အဲဒီလို ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတွေကို ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာဆိုရင် စိုက်ခင်းတွေဘေးမှာ စက်ရုံလာဆောက်တဲ့အတွက် စိုက်ခင်းတွေ ပျက်စီးတယ်ဆိုပြီး တိုင်ကြားလာတဲ့အတွက် ကွင်းဆင်းစစ်ဆေးမှုတွေဆောင်ရွက်ပြီး ရေကို ကုမ္ပဏီဘက်ကလည်း ရေလမ်းကြောင်းကို ဘယ်လိုဖောက်ပါ၊ ဘယ်လိုဆောင်ရွက်ပါဆိုပြီး ညှိနှိုင်းမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးဘက်မှာ ဆိုရင်လည်း ကျောက်မီးသွေးတွင်းတူးတဲ့ ကိစ္စမှာ အနီးအနားက ပြည်သူလူထုတွေက သူတို့ အခက်အခဲဖြစ်နေတယ်လို့ ဆိုတဲ့အတွက် ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို သဘာဝပတ်ဝန်းကျင်အရ ထိခိုက်နစ်နာနေတယ်လို့ဆိုတဲ့ အရာတွေကို ကွင်းဆင်းစစ်ဆေးမှုတွေ ဆောင်ရွက်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကော်မတီရဲ့လုပ်ငန်းဆောင်ရွက်ချက်တွေ တိုးတက်ကောင်းမွန်အောင် အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်လေ့လာခဲ့တဲ့ အတွေ့အကြုံကိုလည်း မျှဝေပေးပါဦး။**

ဖြေ ။ ။ နိုင်ငံခြားခရီးစဉ်အနေနဲ့ လာအိုနိုင်ငံက မိုင်းတွင်းတွေကို သွားရောက်လေ့လာခဲ့တာရှိပါတယ်။ ထိုင်းနိုင်ငံကိုလည်း တိရစ္ဆာန်တွေရဲ့ Wild Life နဲ့ ပတ်သက်လို့ သွားရောက်လေ့လာခဲ့တာတွေ ရှိပါတယ်။ အဲဒီလို ကော်မတီဝင်တွေကို အခြားနိုင်ငံတွေကို လေ့လာရေးခရီးတွေ စေလွှတ်ပြီး ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံခြားခရီးစဉ်တွေကို အဲဒီလို သွားရောက်ခဲ့တာတွေ ရှိသလို ပြည်တွင်းမှာလည်း သက်ဆိုင်ရာဒေသတွေက ပြည်သူလူထုတွေက တောင်းဆိုလို့ သွားရောက်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ မကြာခင်က ဆိုရင်လည်း ကျွန်တော်တို့ ကော်မတီက Westminster Foundation for Democracy (WFD) ရဲ့ အကူအညီနဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနဲ့စပ်လျဉ်းပြီး ဖားကန့်နဲ့ မိုးကုတ်ကို ကွင်းဆင်းသွားရောက်ခဲ့ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကျောက်မျက်ဥပဒေကို ရေးဆွဲပြီး တင်ထားပြီးသားဖြစ်ပါတယ်။ နည်းဥပဒေထွက်လာတဲ့အခြေအနေမှာ အဲဒီကျောက်မျက်ဥပဒေအပေါ်မူတည်ပြီး လူတွေက အခက်အခဲရှိနေတယ်ဆိုပြီး ပြောကြတယ်။ စာတွေလည်း တက်လာတယ်။ အဲဒီလို အသံအမျိုးမျိုး ထွက်လာတဲ့အတွက် စိတ်ဝင်စားတယ်၊ ကွင်းဆင်းပြီး သူတို့ ဘယ်လိုအခက်အခဲဖြစ်နေတယ်ဆိုတာ လေ့လာကြည့်တယ်။ သူတို့ အသံကို နားထောင်ပြီး ပြန်လည်ပြင်ဆင်ဖို့ အချိန်ယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**မေး ။ ။ အခြားဖြည့်စွက်ပြောကြားလိုတာ ရှိရင်လည်း ပြောပြပေးဦး။**

ဖြေ ။ ။ မြန်မာ ပြည်သူလူထုအတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လှုပ်ရှားမှုက လွှတ်တော်အစည်းအဝေး တက်ရုံ မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်တာတွေကို ကဏ္ဍအလိုက်ခွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုလို ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ ။

*စာမျက်နှာ ၆ မှ*

"မသန်စွမ်းအဖွဲ့အစည်းတွေက အစပိုင်းမှာ လာကူညီကြမှာဖြစ်ပါတယ်။ အမြင်အာရုံ ချို့ယွင်းချက်ရှိသူတွေအတွက် စိတ်အားတက်ကြွစေတဲ့ စာအုပ်တွေ၊ ဂျာနယ်ကျော်မမလေးရဲ့ သွေးတို့လို စာအုပ်တွေ၊ ပုံပြင်တွေ မျက်မမြင်စာပေနဲ့ ပြန်ရေးထားတာရှိတယ်။ အဲဒါမျိုးတွေ စုဆောင်းပေးထားတယ်၊ စာကြည့်တိုက်ဘက်က တတ်နိုင်တဲ့ဘက်က ပံ့ပိုးပေးထားတာပါ"ဟု ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက ပြောသည်။

ထိုအထပ်တွင်ပင် ဘွဲ့လွန်စာကြည့်တိုက်ဒီပလိုမာသင်တန်းအခန်း၊ ရက်တိုသင်တန်းများ ဖွင့်လှစ်နိုင်သည့် သင်တန်းခန်းများနှင့် သီးသန့်အုပ်စုလိုက် ဆွေးနွေးနိုင်မည့် အထူးစာဖတ်ခန်းများ ပါဝင်မည်ဖြစ်ပြီး ခေါင်မိုးထပ်တွင် စာဖတ်ရင်း ရန်ကုန်မြို့၏ အလှအပ၊ မြင်ကွင်းများကို ကြည့်ရှုခံစားနိုင်မည့် ကော်ဖီဆိုင်တစ်ခုကိုလည်း ဖွင့်လှစ်ရန် စီစဉ်နေဆဲဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို မြန်မာနိုင်ငံသား မည်သူမဆို လွတ်လပ်စွာ အသုံးပြုနိုင်ပြီး အမျိုးသားစာကြည့်တိုက်တွင် စာပေဖတ်ရှုလိုပါက စာကြည့်တိုက်၏ မှတ်ပုံတင်ဌာနစိတ် (Information Desk) တွင် အထောက်အထားကတ်ပြား တစ်ခုခုကိုပြ၍ စာရင်းသွင်းရမည် ဖြစ်သည်။ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ်၊ ဧည့်နိုင်ငံသားလက်မှတ်ပြ၍ စာရင်းသွင်းရမည်။ အသက်(၁၂)နှစ်အောက် ကလေးစာဖတ်သူများသည် အုပ်ထိန်းသူတစ်ဦးဦးနှင့်အတူ လာရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မျိုးတူရာ စာအုပ်အလိုက် စနစ်တကျထားရှိမှုကို တွေ့ရစဉ်။

အဆိုပါ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် စာအုပ်စာတမ်းများ၊ စာနယ်ဇင်းမဂ္ဂဇင်း၊ စာစောင်များ၊ ပေ၊ပုရပိုက်များ၊ လက်ရေးစာ ရှားပါးစာစုများ စုဆောင်းထားရှိပြီး စာကြည့်တိုက်တွင် ဖတ်ရှုနိုင်အောင် စီစဉ်ပေးထားခြင်း၊ တချို့စာအုပ်များကို ငှားရမ်းခွင့်ပြုခြင်း၊ သုတေသနနှင့် မှတ်တမ်းထားရှိလိုသူများအတွက် စာကြည့်တိုက်၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ဖြင့် စာပေယဉ်ကျေးမှု သမိုင်းဆိုင်ရာ အချက်အလက်များအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၂၀၂၀ ပြည့်နှစ် ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိ**

အသစ်ဖွင့်လှစ်ရန် ပြင်ဆင်မွမ်းမံနေသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၏ ပြင်ဆင်မွမ်းမံမှု အပိုင်းများသည်လည်း ပြီးဆုံးတော့မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလပထမပတ်တွင် ဖွင့်လှစ်ရန် ကြိုးပမ်းလျက်ရှိရာ ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်စာရင်းဝင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ သမိုင်းဝင် အဆောက်အဦကြီးထဲတွင် ရှေးမူလက်ရာမပျက် ပြင်ဆင်ထားသည့် ဗိသုကာလက်ရာများနှင့်အတူ ခေတ်မီလေအေးပေးစက်များ တပ်ဆင်ထားသည့် စာဖတ်ခန်းများတွင် စိတ်လက်အပန်းဖြေအနားယူရင်း စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ အမွေအနှစ်များ ဗဟုသုတဖြစ်ဖွယ်ရာ အချက်အလက်များကို လေ့လာခွင့် ရရှိနိုင်တော့မည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်ရီရီထွေးက "အမျိုးသားစာကြည့်တိုက်က နိုင်ငံကို ကိုယ်စားပြုပါတယ်။ မြန်မာနိုင်ငံသားအားလုံး အသက်အရွယ်၊ ပညာအရည်အချင်း မခွဲခြားပါဘူး။ မည်သူမဆို အမျိုးသားစာကြည့်တိုက်ကို လာရောက်အသုံးပြုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု စကားဆိုသည်။

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၄-၁-၂၀၂၀ ရက်နေ့မှ ၃-၃-၂၀၂၀ ရက်နေ့ထိ) (၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၃-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၆၅ နိုင်ငံ

ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၈,၉၄၈ ဦး

ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၃,၀၄၃ ဦး

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၂၆) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ် |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အင်ဒိုနီးရှား |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန် ၊ ယူအေအီး၊ အီကွေဒေါ |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဆောင်ရွက်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၄၇ | ၄ | ၅၁ |
| သံသယလူနာ | - | ၂ | - | ၂ |
| စုစုပေါင်း | - | ၄၉ | ၄ | ၅၃ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၃-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၉) ဦး၊ ရှမ်းပြည်နယ်တွင် (၁၃) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၉) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၂) ဦး စုစုပေါင်း (၅၃) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)ကို ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ Ministry Of HealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူ လူနာမတွေ့ရှိသေးသော်လည်း

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ခေတ္တရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ဝင်ရောက် နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအား ဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု – Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါ လက္ခဏာ မပြသေးသော်လည်း ရောဂါရှိသူ (asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**(၃-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၆၄) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင်နေထိုင်သော အသက် (၂၄) နှစ် အရွယ် အမျိုးသားတစ်ဦးသည် (၂၉-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် မောပန်းခြင်းစသည့် ရောဂါလက္ခဏာများဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ (၁-၃-၂၀၂၀) ရက်နေ့တွင် တက်ရောက်ကုသမှုခံယူခဲ့ရာ လူနာအား စမ်းသပ်စစ်ဆေးချက်များအရ လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသောဒေသများသို့ ခရီးသွားရာဇဝင်မရှိသော်လည်း COVID-19 ရောဂါ သံသယလက္ခဏာများတွေ့ရှိခဲ့ရသဖြင့် (၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၃၀) နာရီအချိန်တွင် မန္တလေးမြို့၊ ကန်တော်နဒီ ဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာ (Person Under Investigation – PUI) အဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၂၅) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသမီးတစ်ဦးသည် (၂၀-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်း (Zhejiang) ပြည်နယ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် ပြင်းထန်စွာ နုံးချွေခြင်း စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရသဖြင့် (၃-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီး၊ ပြင်ပလူနာဌာနသို့ လာရောက်ပြသခဲ့ရာ စမ်းသပ်စစ်ဆေးမှုများအရ COVID-19 ရောဂါ သံသယလက္ခဏာများတွေ့ရှိခဲ့ရသဖြင့် စောင့်ကြည့်လူနာ (PUI) အဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၃၈) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား၊ အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျဲ့ကျန်း (Zhejiang) ပြည်နယ်မှ (၁၁-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး (၂-၃-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း ကိုယ်လက်မအီမသာဖြစ်ခြင်းနှင့် ပြင်းထန်စွာ နုံးချွေခြင်း တို့ခံစားခဲ့ရသဖြင့် (၃-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီး၊ ပြင်ပလူနာဌာနသို့ လာရောက်ပြသခဲ့ရာ စမ်းသပ်စစ်ဆေးမှုများအရ COVID-19 ရောဂါ

*စာမျက်နှာ ၁၃ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများပါဝင်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မတ် ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများပါဝင်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက်လူ့အခွင့်အရေးကိုလည်း အစိုးရကအလေးထားဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ခုက ကမ္ဘာလှည့်ခရီးသွားလာခြင်းလုပ်ငန်းတွင် အဓိကစိတ်ဝင်တစားပါဝင်ဆောင်ရွက်ကြသူများသည် မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတွင် မသန်စွမ်းသူများပါဝင်၍ ဝန်ဆောင်မှုပေးနိုင်သကဲ့သို့ မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးထားရန် လိုအပ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစည်းမျဉ်းများချမှတ်ပြီး အများပြည်သူအဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများ လုံခြုံလွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဝယ်စင်တာများ၊ ပြတိုက်များ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ ရုပ်ရှင်ရုံများ၊ ပန်းခြံများ၊ အပန်းဖြေအနားယူနိုင်သော နေရာများတွင် လိုအပ်သော ပြင်ဆင်မွမ်းမံခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မသန်စွမ်းသူများက ဝန်ဆောင်မှုပေးနိုင်ရန်လည်း သက်ဆိုင်ရာလေ့ကျင့်သင်တန်းများဖြင့် စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း။

ယနေ့ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင် ၁၁ သင်း ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တာဝန်ခံများ၊ မြန်မာ-နိုင်ငံတကာ ဖက်စပ်ဟိုတယ်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများအတွက် အတားအဆီးများဖယ်ရှားနိုင်ရေးနှင့် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်ချမှတ်ခြင်းတို့ကို နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များဖြစ်သည့် ဟိုတယ်အသီးသီးတွင် မသန်စွမ်းသူများအတွက် "အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်း လူ့အခွင့်အရေးဖော်ဆောင်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ Accessible ဖြစ်စေရန်အတွက် Stage များ၊ Wheelchair တက်လမ်းများ အဆင်ပြေချောမွေ့စေရန်နှင့် သန့်စင်ခန်းဝင်သည့်အခါ Wheelchair ဝင်နိုင်၊ ထွက်နိုင်သည့် အကျယ်အဝန်းရှိစေရေးဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ ဟိုတယ်များတွင် မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်ထားပေးရန်၊ မသန်စွမ်းသူများ Accessible ဖြစ်စေရန်အတွက် ဟိုတယ်လုပ်ငန်းရှင်များက မသန်စွမ်းအသင်းချုပ်နှင့် ချိတ်ဆက်ပြီး ၎င်းတို့၏ အတွေ့အကြုံများ၊ အကြံဉာဏ်များရယူဆောင်ရွက်ရန် စသည့်ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် မသန်စွမ်းသူများအတွက် ဟိုတယ်လုပ်ငန်းများ၌ အလုပ်ခန့်ထားလျက်ရှိမှုနှင့် ပိုမိုခန့်ထားနိုင်ရေးစီစဉ်ဆောင်ရွက်မှုများ၊ မသန်စွမ်းသူများနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲများ၊ ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက နေပြည်တော်၊ မြို့မဈေးနှင့် ရေပန်းဥယျာဉ်များတွင် မသန်စွမ်းသူများအတွက် စံနမူနာပြအဖြစ် ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများနှင့် အဆောက်အအုံအမျိုးအစားအလိုက် မသန်စွမ်းများအတွက် ဆောင်ရွက်ပေးရမည့်စံနှုန်းများ ထည့်သွင်းထားမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် အထွေထွေအတွင်းရေးမှူးက ဟိုတယ်လုပ်ငန်းများ၌ မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဖြင့် စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အကျိုးအမြတ်များရရှိနိုင်မည့်ကိစ္စများ၊ ဟိုတယ်လုပ်ငန်းများအနေဖြင့် မသန်စွမ်းသူများ၏ သဘောသဘာဝကို သိရှိအောင် လေ့လာဆောင်ရွက်ပေးစေချင်သည့်ကိစ္စနှင့် မသန်စွမ်းသူများအား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၌ အလုပ်ခန့်ထားရန် လိုအပ်သည့် ချဉ်းကပ်ဆောင်ရွက်မှုများကို အသင်းချုပ်အနေဖြင့်သော်လည်းကောင်း၊ မသန်စွမ်းအဖွဲ့အစည်းအသီးသီးမှ သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများက ဟိုတယ်လုပ်ငန်းများတွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားနိုင်ရေး ဆောင်ရွက်မည့်ကိစ္စများ၊ လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေး (Accessibility) ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာစေမည့်ကိစ္စများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ခံများ၊ မသန်စွမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မသန်စွမ်းသူများအား ဟိုတယ်လုပ်ငန်းများတွင်သာမက ဟိုတယ်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းအတွက် လက်ဆောင်များ ထုတ်လုပ်ခြင်း စသည့်နယ်ပယ်များတွင် ပါဝင်လုပ်ကိုင်နိုင်ရေး၊ မသန်စွမ်း သက်မွေးပညာကျောင်း တည်ထောင်ပေးနိုင်ရေး၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ခရီးသွားလုပ်ငန်း ( Barrier Free Tourism ) ကို ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နယ်မြေတစ်ခုသတ်မှတ်၍ ရှေ့ပြေးစမ်းသပ် ဆောင်ရွက်နိုင်ရေး၊ အလုပ်ခန့်အပ်မှုများတွင် ရေရှည်တည်တံ့စေရေး၊ လွယ်ကူစွာ သွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးရာတွင် စံနှုန်းများနှင့်အညီ အမှန်တကယ်အသုံးပြုနိုင်သည့် အနေအထားဖြစ်အောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းများ၊ ပြည်သူများ အားလုံးပူးပေါင်း၍ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် တိုက်တွန်းပါကြောင်း၊ မသန်စွမ်းသူများ၏ အသံများကို နားထောင်၍ ၎င်းတို့၏ ဆန္ဒများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ မသန်စွမ်းတစ်ဦးချင်းစီ၏ မသန်စွမ်းလူ့အခွင့်အရေးကို ဖော်ဆောင်ပေးခြင်းများသည် အစိုးရကဆောင်ရွက်လျက်ရှိသည့် စစ်မှန်သောဒီမိုကရေစီ လမ်းစဉ်ပင်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများ၏ ပါဝင်မှုမြှင့်တင်ရေး လုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ဟိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၂၀၂၁ လုံး၊ အခန်းပေါင်း ၈၁၂၁၂ ခန်းနှင့် ဝန်ထမ်းအရေအတွက် ၈၆၄၀၆ ဦးအနက် မသန်စွမ်းသူများအား ခန့်ထားမှုမှာ ၅၁ ဦးသာရှိသေးကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

သံသယလက္ခဏာများ တွေ့ရှိခဲ့ရသဖြင့် စောင့်ကြည့်လူနာ (PUI) အဖြစ်သတ်မှတ်၍ သီးခြားထားရှိကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ဂျယ်ခေါင်မြို့တွင် နေထိုင်သော အသက် (၉) နှစ်အရွယ် ဒုတိယတန်းကျောင်းသားတစ်ဦးသည် ဂျယ်ခေါင်မြို့မှ မူဆယ်မြို့သို့ နေ့စဉ်ကျောင်းတက်ရန် လာရောက်လျက်ရှိပြီး (၃-၃-၂၀၂၀) ရက်နေ့တွင် ဂျယ်ခေါင်မြို့မှ မူဆယ်မြို့သို့ လာရောက်စဉ် မူဆယ်နယ်စပ် ဝင်ထွက်ဂိတ်၌ အဖျားစစ်ဆေးရာ ဖျားခြင်း၊ လည်ချောင်းနာခြင်း ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာ (PUI) အဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအားစစ်ဆေးရာတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

၃။ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ ပြန်ကြားချက်အရ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော -

(က) ဝေဘာဂီအထူးကုဆေးရုံမှ အသက် (၂၉) နှစ် အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသား (၁) ဦး၊

(ခ) ဝေဘာဂီအထူးကုဆေးရုံမှ အသက် (၃၇) နှစ် အရွယ် နယူးဇီလန်နိုင်ငံသား အမျိုးသား (၁) ဦး၊

(ဂ) ဝေဘာဂီ အထူးကုဆေးရုံမှ အသက် (၃၂) နှစ် အရွယ် မြန်မာနိုင်ငံသား အမျိုးသား (၁) ဦးနှင့်

(ဃ) စစ်တွေပြည်သူ့ဆေးရုံကြီးမှ အသက် (၂၉) နှစ်အရွယ် မြန်မာနိုင်ငံသားအမျိုးသား (၁) ဦး၊

စုစုပေါင်း (၄) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ ၎င်းတို့ (၄) ဦး၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိပြီး ဆေးရုံဆင်းခွင့်သတ်မှတ်ချက်များအရ ဆေးရုံတွင် (၄၈) နာရီဆက်လက် ထားရှိပြီးနောက် ကျန်းမာရေးအခြေအနေကောင်းမွန်စိတ်ချရမှသာ ဆေးရုံဆင်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ယနေ့ (၃-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ ကျန်လူနာ (၄) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် ဆက်လက်စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

၅။ (၂-၃-၂၀၂၀) ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံရှိ ရောဂါကူးစက်မှု အမြင့်ဆုံးမြို့ဖြစ်သော ဒယ်ဂူးမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ကျောင်းသူ (၃) ဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Information Center မှ စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် လက်ရှိတွင်ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ရောဂါပျိုးရက်အတွင်း ရောဂါလက္ခဏာ ပေါ်ပေါက်လာပါက စောစီးစွာကုသနိုင်ရန်နှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် အခြားသူများသို့ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် အသွားအလာတားမြစ်ကန့်သတ်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Hospital Quarantine) (၁၄) ရက်ပြုလုပ်ရန် ဝေဘာဂီအထူးကုဆေးရုံသို့ ပို့ဆောင်ထားရှိပါသည်။

၆။ (၃-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၆၄) နိုင်ငံတွင် COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်နေသော်လည်း ရောဂါမဖြစ်ဖူးသေးသည့်နယ်ပယ်ဒေသများအထိပါ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ပြောကြား

**ဂျီနီဗာ မတ် ၃**

ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရာတွင် ရောဂါမဖြစ်ဖူးသေးသည့် နယ်ပယ်ဒေသများအထိပါ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂကျန်းမာရေး အေဂျင်စီက ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် တရုတ်နိုင်ငံတွင် သိသိသာသာ လျော့နည်းလာသော်လည်း တရုတ်နိုင်ငံပြင်ပတွင် ကူးစက်ပျံ့နှံ့မှုများပြားလာကြောင်းနှင့် အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် လူသေဆုံးမှုမှာ ခြောက်ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၀၀ ကျော်လာပြီဖြစ်ကြောင်းနှင့် ကူးစက်ခံရသူပေါင်းမှာလည်း ၉၀၀၀၀ ကျော်လာပြီဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံပြင်ပတွင် ဖြစ်ပွားသည့် နှုန်းသည် တရုတ်နိုင်ငံအတွင်း ဖြစ်ပွားသည့်နှုန်းထက် ကိုးဆပိုများနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

တရုတ်နိုင်ငံသည် လူဦးရေထူထပ်သည့်နေရာများကို ရက်သတ္တပတ်အတော်ကြာ သီးသန့်ခွဲခြားမှုများ လုပ်ဆောင်ထားရုံမက ခရီးသွားလာမှုများကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။ ထိုသို့လုပ်ဆောင်မှုကြောင့် ရက်အနည်းငယ်အတွင်း အသစ်ထပ်မံ ကူးစက်ခံရနှုန်း ကျဆင်းခြင်း ဖြစ်နိုင်ကြောင်း သိရသည်။

အီတလီနိုင်ငံတွင်လည်း တချို့မြို့များကို အလုံပိတ်ပြုလုပ်ထားသလို တခြားနိုင်ငံများတွင်လည်း ယာယီ သီးသန့်ခွဲထားမှုများကို ဆောင်ရွက်ခဲ့ကြသည်။ တချို့ကလည်း လူစုလူဝေးများ၊ အားကစားပြိုင်ပွဲများ၊ ဗိုင်းရပ်စ်ဖြစ်ပွားရာနိုင်ငံများမှ ဆိုက်ရောက်ခရီးစဉ်များကို ပိတ်ပင်မှုများ စသည့်ဆောင်ရွက်မှုများကို ဆောင်ရွက်နေကြောင်း သိရသည်။

တောင်ကိုရီးယား၊ အီရန်နှင့် အီတလီနိုင်ငံတို့သည် ကိုဗစ်-၁၉ ကို လက်ခံရာနေရာများသဖွယ် ဖြစ်လာခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေး ထိခိုက်လာနိုင်ခြေရှိသည်ကို စိုးရိမ်သည့်အတွက် စက်မှုထိပ်သီး ခုနစ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် အဆိုပါကိစ္စနှင့် ပတ်သက်ပြီး မတ် ၃ ရက်က အရေးပေါ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**


တောင်ကိုရီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး ဆောင်ရွက်နေစဉ်။

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်နှုန်းမြင့်တက်လာသည့်အပေါ် ဥရောပသမဂ္ဂ သတိပေး

**ဘရပ်ဆဲလ် မတ် ၃**

ဥရောပသမဂ္ဂအရာရှိများက ဒေသတွင်း ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှုနှုန်း မြင့်တက်လာသည့်အပေါ် သတိပေးလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၃ ရက်က ဖော်ပြလိုက်သည်။

ဥရောပသမဂ္ဂ ရောဂါထိန်းချုပ်ကာကွယ်ရေးဌာနမှ မတ် ၂ ရက်က ဒေသတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းသည် အနိမ့်ဆုံးအဆင့်မှ အသင့်အတင့်အဆင့် သတ်မှတ်ထားရာ အသင့်အတင့်အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိလာကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

ဥရောပသမဂ္ဂ ပြည်သူလူထုကြား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုနှုန်း လျော့ကျလာစေရန် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန်လည်း တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။



ဥရောပသမဂ္ဂအကြီးအကဲ အာဆူလာဗွန်ဒါလီယန် မိန့်ခွန်းပြောနေစဉ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုသည် ဥရောပသမဂ္ဂအထိ ပျံ့နှံ့လာပြီ ဖြစ်သလို ပေါ်တူဂီနှင့် လူဇင်ဘတ်နိုင်ငံတို့တွင်လည်း ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုရှိနေကြောင်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဖော်ပြခဲ့သည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုသည် လူပေါင်း ၂၀၃၂ ဦးအထိ ရောက်ရှိလာပြီဖြစ်သလို အသစ်ကူးစက်မှု ၃၄၂ ဦးအထိ ရောက်ရှိလာကြောင်း သိရပြီး သေဆုံးအတည်ပြုလူနာ ၅၂ ဦးအထိ မြင့်တက်လာခဲ့သည်။ အီတလီအာဏာပိုင်များသည် နိုင်ငံမြောက်ပိုင်းဒေသများတွင် လူထုလှုပ်ရှားမှုများကို ထိန်းချုပ်ကန့်သတ်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ထို့အတူ ပြင်သစ်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင်လည်း ကျောင်းများကို ပိတ်ထားပြီး ပြည်သူများကို အိမ်ထဲတွင် နေထိုင်ကြရန် အကြံပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တွစ်တာ ဝန်ထမ်းများ နေအိမ်မှသာ အလုပ်လုပ်ရတော့မည်

**ကယ်လီဖိုးနီးယား မတ် ၃**

ကမ္ဘာအနှံ့ရှိ တွစ်တာမှ ဝန်ထမ်းများသည် မတ် ၂ ရက်မှ စတင်ကာ နေအိမ်မှနေ၍ အလုပ်လုပ်ကိုင်ရမည် ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ရပ်တန့်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယင်းသို့ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် နှောင်းပိုင်းမှစတင်ကာ တရုတ်နိုင်ငံမှ စတင်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် ယခုအခါ ကမ္ဘာအနှံ့ပျံ့နှံ့နေပြီး လူပေါင်း ၃၁၀၀ ကျော် သေဆုံးခဲ့ရသည်။ လူပေါင်း ၉၀၀၀၀မှာ ရောဂါကူးစက်ခံထားရသည်။

ထို့ကြောင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု မြင့်နေသည့်နိုင်ငံများမှ အစိုးရများက အလားတူ တောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆိုရှယ်မီဒီယာပလက်ဖောင်းတစ်ခုဖြစ်သည့် တွစ်တာကုမ္ပဏီအနေဖြင့် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံးရှိ တွစ်တာဝန်ထမ်းများအားလုံးကို နေအိမ်မှသာ အလုပ်လုပ်ရန် တိုက်တွန်းကြောင်း တွစ်တာ လူ့စွမ်းအားအရင်းအမြစ် အကြီးအကဲ ဂျနီဖာ ခရစ်စတိုင်းက မတ် ၂ ရက်တွင်ပြောကြားခဲ့သည်။ ကျွန်တော်တို့ အားလုံး၏ ရည်ရွယ်ချက်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်း လျော့ကျသွားရန်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယား၊ ဂျပန်နှင့် ဟောင်ကောင်ရုံးခွဲတို့ရှိ ဝန်ထမ်းများသည် နေအိမ်မှာသာ မဖြစ်မနေ အလုပ်လုပ်ကိုင်ရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တောင်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၀၀၀ အထိရှိလာပြီး တရုတ်နိုင်ငံပြင်ပတွင် ကူးစက်မှုအမြင့်ဆုံးလည်း ဖြစ်သည်။ သေဆုံးသူ ဦးရေမှာ ၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။ ကူးစက်ခံရမှု ထက်ဝက်ခန့်မှာ ရှင်ချွန်ဂျီဘုရားကျောင်းနှင့် ဆက်စပ်နေသည်။ ဂျပန်နိုင်ငံတွင်လည်း ကျောင်းများအားလုံးနီးပါးကို ပိတ်ထားသည်။ ဟောင်ကောင်ရှိ ပြည်သူ့ဝန်ထမ်းများသည်လည်း တစ်လတာ အလုပ်မှနားပြီး နောက် မတ် ၂ ရက်မှစတင်ကာ ရုံးပြန်တက်နေကြပြီဖြစ်သည်။ **အေအက်ဖ်ပီ**

# ရွှေ့ပြောင်းနေထိုင်သူများ ပဋိပက္ခဖြစ်နေစဉ် အီးယူမှ သံတမန်များ တူရကီသို့ သွားရောက်

**အန်ကာရာ မတ် ၃**

ရွှေ့ပြောင်းနေထိုင်သူများ ပဋိပက္ခဖြစ်ပွားနေစဉ် အီးယူ (ဥရောပသမဂ္ဂ )မှ ထိပ်တန်းသံတမန်များသည် တူရကီနိုင်ငံသို့ မတ် ၃ ရက်က သွားရောက်ခဲ့ကြောင်း သိရသည်။ တူရကီသည် ဥရောပနိုင်ငံများသို့ သွားရောက်လိုသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် နယ်စပ်တံခါးများ ဖွင့်ပေးလိုက်ခြင်းဖြင့် အီးယူအဖွဲ့ကြီးကို ခြိမ်းခြောက်ငွေညစ်နေသည်ဟု ဩစတြီးယားနိုင်ငံက စွပ်စွဲထားသည်။

ဂရိနယ်စပ်သို့ ရွှေ့ပြောင်းနေထိုင်သူများ သွားရောက်နိုင်ရေး တူရကီက အတင်းဖိအားပေးသည်ဟုဆိုကာ လူ့အခွင့်အရေး အုပ်စုများကလည်း တူရကီကို အပြစ်တင်ကြသည်။ လက်ရှိတွင် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များသည် တူရကီ-ဂရိနယ်စပ်သို့ ရောက်ရှိနေကြသည်။ နယ်စပ်တွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဂရိရဲတပ်ဖွဲ့များ အပြင်းအထန် ပဋိပက္ခများ ဖြစ်ပွားပြီးနောက် ရွှေ့ပြောင်းနေထိုင်သူများသည် တူရကီနှင့် ဂရိကို ခြားနားထားသည့် အက်ဗ်ရို့စ်မြစ်ကို ဖြတ်သန်းရန် ကြိုးစားခဲ့ကြသည်။

အသက် ၂၁ နှစ်အရွယ် အာဖဂန်နစ္စတန်မှ ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက ၎င်း၏ သူငယ်ချင်းဖြစ်သူမှာ ဂရိနိုင်ငံဘက်သို့သွားရောက်နိုင်ခဲ့သော်လည်း ဂရိရဲတပ်ဖွဲ့များက ချက်ချင်းပင် ဖမ်းဆီးသွားကြောင်း ပြောသည်။ ယခုဖြစ်ရပ်မှာ အီးယူခေါင်းဆောင်များက ဆီးရီးယားစစ်ပွဲတွင် တူရကီဘက်မှ ထောက်ပံ့ပေးရန် တူရကီသမ္မတ အာဒိုဂန်က ဖိအားပေးသည့်လုပ်ရပ်ဟု ရှုမြင်နေကြသည်။

တူရကီနိုင်ငံသည် ဆီးရီးယားမှ ဒုက္ခသည်များကိုသန်းနှင့်ချီ၍ လက်ခံထားရပြီး နောက်ထပ်လှိမ့်ဝင်လာမည့်ဒုက္ခသည်များအရေးနှင့်လည်း ရင်ဆိုင်နေရသည်။ ရုရှားမှ ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားအစိုးရတပ်များသည် သူပုန်များ ထိန်းချုပ်ထားသည့် အီဒလစ်ပြည်နယ်ကို သိမ်းယူနိုင်ရေး အကြီးအကျယ် တိုက်ပွဲများ ဆင်နွှဲနေသည်။ အီးယူမှ အထူးကိုယ်စားလှယ် ဂျိုးဆက်ဘော်ရယ်နှင့် ကော်မရှင်နာ ဂျန်နက်ဇ် လီနာစစ်တို့သည် ဆီးရီးယားအရေးနှင့် ဒုက္ခသည်များ လှိမ့်ဝင်လာမှုတို့အတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို တူရကီနိုင်ငံတွင် နှစ်ရက်ကြာ ပြုလုပ်သွားမည်ဟု သိရသည်။ **အေအက်ဖ်ပီ**


ဂရိ-တူရကီနယ်စပ်ရှိ တံတားပေါ်မှ နှစ်နိုင်ငံအလံများကို တွေ့ရစဉ်။

# တစ်နှစ်တာကာလအတွင်း တတိယအကြိမ်မြောက် ကျင်းပခဲ့တဲ့ အစ္စရေးနိုင်ငံရဲ့ ရွေးကောက်ပွဲ

////////// ခြူးစန္ဒီနွေး //////////

**အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအနေနဲ့ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့နိုင်ဖို့ မသေချာသေးပေမယ့် အခုကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ သူ့အတွက် စိတ်ပျက်စရာမဖြစ်ခဲ့ပါဘူး။ မတ် ၂ ရက်က ပြုလုပ်ခဲ့တဲ့ အစ္စရေးနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲမှာတော့ နေတန်ယာဟုဟာ သူ့ကိုယ်သူ အနိုင်ရသူလို့ အခိုင်အမာပြောဆိုခဲ့ပါတယ်။**



အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက ထောက်ခံသူများကို မိန့်ခွန်းပြောကြားစဉ်။

### မဲအရေအတွက်ခန့်မှန်း

မဲထည့်ပြီးသူတွေနဲ့ တွေ့ဆုံမေးမြန်းပြီး မဲအရေအတွက် ခန့်မှန်းကြည့်ရာမှာတော့ နေတန်ယာဟုဟာ သူ့ရဲ့ပြိုင်ဘက်ဖြစ်သူ ဘန်နီဂန့်စ်ထက် သာနေတာကို တွေ့ရပါတယ်။ မဲအရေအတွက်သုံးပုံတစ်ပုံကို ရေတွက်ပြီးတဲ့အခါမှာတော့ မစ္စတာနေတန်ယာဟုရဲ့ လက်ယာယိမ်းလီကွတ်ပါတီဟာ ၂၈ ဒသမ ၇၃ ရာခိုင်နှုန်း ရရှိခဲ့တယ်လို့ ဗဟိုရွေးကောက်ပွဲကော်မတီက ပြောပါတယ်။ မစ္စတာဘန်နီဂန့်စ်ရဲ့ Blue and White ပါတီကတော့ ၂၃ ဒသမ ၂၆ ရာခိုင်နှုန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့်လည်း မဲထည့်ပြီးသူတွေနဲ့ တွေ့ဆုံမေးမြန်းပြီး မဲအရေအတွက် ခန့်မှန်းရာမှာတော့ လီကွတ်ပါတီနဲ့ သူ့ရဲ့မဟာမိတ်လက်ယာယိမ်းပါတီတွေဟာ ပါလီမန်မှာ နေရာအများစုကို ရယူနိုင်လိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။

### တစ်နှစ်အတွင်း သုံးကြိမ်မြောက် ရွေးကောက်ပွဲ

မတ် ၂ ရက်က ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲဟာဆိုရင် အစ္စရေးနိုင်ငံမှာ တစ်နှစ်တာကာလအတွင်း တတိယအကြိမ်မြောက် ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲနှစ်ခုစလုံးမှာ ဘယ်ပါတီကမှ ပါလီမန်မှာ အစိုးရ ဖွဲ့နိုင်လောက်တဲ့အထိ မဲမရခဲ့တဲ့အတွက် အခုလို တတိယအကြိမ်မြောက် ရွေးကောက်ပွဲ ပြုလုပ်ဖို့ ဖြစ်လာခဲ့ရပါတယ်။ ဧပြီလအတွင်းမှာ တစ်ကြိမ်၊ စက်တင်ဘာလမှာ တစ်ကြိမ် ရွေးကောက်ပွဲ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့တာပါ။ အဲဒီရွေးကောက်ပွဲ နှစ်ခုစလုံးမှာတော့ နိုင်ငံရေးအရ ချောင်ပိတ်မိနေပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ မတ် ၃ ရက် နံနက်ပိုင်းမှာတော့ အစ္စရေးဗဟိုရွေးကောက်ပွဲကော်မတီက မဲအားလုံး ရေတွက်ပြီးသွားပြီဖြစ်ကြောင်း ဒါပေမယ့်လည်း ရလဒ်တွေကို စစ်ဆေးမှုတွေ ပြုလုပ်နေတာကြောင့် မတ် ၃ ရက် မွန်းလွဲပိုင်းမှသာ တရားဝင်ကြေညာနိုင်မယ်လို့ ပြောကြားခဲ့ပါတယ်။

### အောင်မြင်မှုကြီးတစ်ခု

မဲထည့်ပြီးတဲ့လူတွေကို မေးမြန်းပြီး ကြိုတင်ခန့်မှန်းကြည့်တဲ့ မဲအရေအတွက်အရတော့ မစ္စတာနေတန်ယာဟုရဲ့ လီကွတ်ပါတီဟာ အမတ်နေရာ ၁၂၀ ရှိတဲ့ အစ္စရေးပါလီမန်မှာ ၃၆ ဒါမှမဟုတ် ၃၇ နေရာအထိရနိုင်တယ်လို့ ဖော်ပြနေပါတယ်။ ဒါဟာ နေတန်ယာဟု ဦးဆောင်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ပါတီမှာအကောင်းဆုံးရလဒ်လည်း ဖြစ်ပါတယ်။ နေတန်ယာဟုဟာ ၁၉၉၆ ခုနှစ်ကနေ ၁၉၉၉ ခုနှစ်အထိ ပထမဆုံးအကြိမ် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လီကွတ်ပါတီနဲ့ အောသိုဒေါ့ပါတီအပါအဝင် လက်ယာယိမ်းမဟာမိတ်ပါတီတွေဟာ ပါလီမန်မှာ ၅၉ နေရာ အနိုင်ရလိမ့်မယ်လို့ ခန့်မှန်းထားခဲ့ကြပါတယ်။ လီကွတ်ပါတီရဲ့ အဓိကပြိုင်ဘက်ကြီးဖြစ်တဲ့ Blue and White ပါတီကတော့ ၃၂ ကနေ ၃၄ နေရာထိ ရလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ နေတန်ယာဟုဟာ သူ့ကို ထောက်ခံသူတွေကို တဲအဗစ်မြို့မှာ မိန့်ခွန်းပြောကြားရာမှာတော့ သူ့ဘဝအတွက် အောင်မြင်မှုအကြီးကြီးပါပဲလို့ ပြောကြားခဲ့ပါတယ်။

### ရလဒ်တွေကို စိတ်ပျက်

မစ္စတာနေတန်ယာဟုဟာ လက်ယာယိမ်းပါတီတွေနဲ့ မဟာမိတ်ဖွဲ့ပြီး အစ္စရေးနိုင်ငံအတွက် ခိုင်မာတဲ့အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်လိမ့်မယ်လို့လည်း ပြောကြားခဲ့ပါတယ်။ အစ္စရေးတပ်ဖွဲ့ရဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်းဖြစ်တဲ့ ဘန်နီဂန့်စ်ကတော့ ဒီရလဒ်တွေကို စိတ်ပျက်မိတယ်လို့ ပြောကြားခဲ့ပါတယ်။ သူဟာ အစောပိုင်းတုန်းကတော့ ဒီရလဒ်တွေကို လက်မခံခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ လက်ခံခဲ့ပြီး သူ့ကို ထောက်ခံသူတွေအတွက် စိတ်ပျက်စရာ၊ နာကျင်စရာ ဖြစ်စေတဲ့ခံစားမှုကို နားလည်ပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးလိုချင်နေတဲ့ ရလဒ်မဟုတ်ခဲ့ပါဘူးလို့ ပြောကြားခဲ့ပါတယ်။

### တရားရင်ဆိုင်ရဖို့ရှိ

နေတန်ယာဟုဟာ မတ် ၁၇ ရက်ကျရင် လာဘ်ယူမှု၊ အလွဲသုံးစားလုပ်မှု၊ ယုံကြည်မှု ဖောက်ဖျက်မှုတို့နဲ့ တရားရင်ဆိုင်ရမှာပါ။ နှစ်ပတ်ကြာပြီးတဲ့နောက် နေတန်ယာဟုဟာတရားရုံးမှာ အမှုရင်ဆိုင်မယ့်သူလို့ ဘန်နီဂန့်စ်က ပြောပါတယ်။ အစ္စရေးဒီမိုကရေစီ အင်စတီကျုအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌဖြစ်သူ ယိုဟန်နာပလက်စတာကတော့ ခန့်မှန်းမှုတွေအရ နေတန်ယာဟုဟာ အနိုင်ရနေပြီး အစ္စရေးပြည်သူတွေအတွက် နိုင်ငံရေးလုပ်ပိုင်ခွင့်အာဏာ ရတော့မှာဆိုတာ ထင်ရှားနေပြီလို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် တရားရုံးမှာ နေတန်ယာဟုရဲ့နာမည်ကို ရှင်းလင်း ပေးဖို့ အစိုးရအဖွဲ့ဟာ ဖိအားပေးမှုတွေကြောင့် မသေချာမှုတွေ ဖြစ်လာနိုင်တယ်ဆိုပြီးတော့လည်း သူက သတိပေးထားပါတယ်။

**“ပြီးခဲ့တဲ့ ရွေးကောက်ပွဲနှစ်ခုစလုံးမှာ ဘယ်ပါတီကမှ ပါလီမန်မှာ အစိုးရ ဖွဲ့နိုင်လောက်တဲ့အထိ မဲမရခဲ့တဲ့အတွက် အခုလို တတိယအကြိမ်မြောက် ရွေးကောက်ပွဲပြုလုပ်ဖို့ ဖြစ်လာခဲ့ရပါတယ်။ ဧပြီလအတွင်းမှာ တစ်ကြိမ်၊ စက်တင်ဘာလမှာ တစ်ကြိမ် ရွေးကောက်ပွဲ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့တာပါ။ အဲဒီ ရွေးကောက်ပွဲ နှစ်ခုစလုံးမှာတော့ နိုင်ငံရေးအရ ချောင်ပိတ်မိနေပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်”**

### ကျူးကျော်အခြေချနေထိုင်မှု

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက အမေရိကန် သမ္မတ ထရမ့်ဟာ အငြင်းပွားဖွယ် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်ကို ချပြခဲ့ပါတယ်။ အဲဒီငြိမ်းချမ်းရေး အစီအစဉ်အရ အစ္စရေးရဲ့ ကျူးကျော်အခြေချနေထိုင်မှုတွေကို ထောက်ခံ ပါတယ်။ ဒါကြောင့်လည်း ပါလက်စတိုင်းတို့နဲ့ မီးပွားဟာ ပိုပြီးတောက်လောင်ခဲ့ပါတယ်။ အမေရိကန်ရဲ့ ထောက်ခံမှုနဲ့အတူ ပါလက်စတိုင်းနယ်မြေမှာ ဂျူးအိမ်ရာတွေ တည်ဆောက်ပြီး မစ္စတာနေတန်ယာဟုဟာ စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုမျိုး အခြေချနေထိုင်ခြင်းကို အပြည်ပြည်ဆိုင်ရာက တရားမဝင်ဘူးလို့ သတ်မှတ်ထားပါတယ်။ ၁၉၆၇ ခုနှစ် အစ္စရေးနိုင်ငံဟာ အနောက်ဘက်ကမ်းနဲ့ ဂျေရုဆလင် အရှေ့ပိုင်းကို သိမ်းယူပြီးတဲ့နောက် အိမ်ရာအသစ် တည်ဆောက်မှုပေါင်း ၁၄၀ ကျော်နဲ့အတူ ဂျူးပေါင်း ၆၀၀၀၀၀ ကျော်ဟာ အခြေချနေထိုင်လျက် ရှိပါတယ်။

### ကိုရိုနာဗိုင်းရပ်စ်နှင့် ရွေးကောက်ပွဲ

အခု ကြိုတင်ခန့်မှန်းမှုတွေအရ နေတန်ယာဟုက အနိုင်ရမယ်လို့သိရတော့ အခြေချနေထိုင်ရေး၊ ကျူးကျော်ရေးနဲ့ လူမျိုးရေးခွဲခြားမှုက အနိုင်ရသွားတာပဲလို့ ပါလက်စတိုင်း စေ့စပ်ညှိနှိုင်းရေးမှူးဆာ့ဘ်အီရီကက်က ပြောပါတယ်။ အစ္စရေးရွေးကောက်ပွဲ ကျင်းပချိန်ကတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအတွက် စိုးရိမ်နေရတဲ့အချိန်မှာ ကျင်းပခဲ့တာပဲ ဖြစ်ပါတယ်။ မတ် ၂ ရက်မှာတော့ အစ္စရေးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူနှစ်ဦး ထပ်မံတွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် အစ္စရေးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ၁၂ ဦးအထိ ရှိလာပါပြီ။

### ကြိုတင်ကာကွယ်မှုများ

ဗိုင်းရပ်စ်ကူးစက်ခံရတယ်လို့ သံသယရှိတဲ့အတွက် သီးခြားခွဲထားပြီး စောင့်ကြည့်နေရတဲ့ လူအရေအတွက်ကတော့ ၅၆၀၀ ရှိပါတယ်။ အဲဒီလူတွေဟာ ဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားရာ နိုင်ငံတွေကို သွားရောက်ခဲ့ကြတဲ့ လူတွေပါ။ ဗိုင်းရပ်စ်ကြောင့် စောင့်ကြည့်ခံနေရတဲ့ လူပေါင်း ၅၆၀၀ အတွက် အထူးမဲရုံ ၁၈ ရုံ တည်ဆောက်ပေးခဲ့ပြီး ရွေးကောက်ပွဲဝန်ထမ်းတွေကလည်း နှာခေါင်းစည်း၊ ကာကွယ်ရေးဝတ်စုံတွေဝတ်ဆင်ကာ မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ အဲဒီမဲဆန္ဒရှင်တွေဟာ မဲမပေးမီ လက်ဆေးပြီး လက်အိတ်ဝတ်ဆင်ကာ မဲပေးရပါတယ်။ သူတို့ရဲ့ အိုင်ဒီကတ်တွေကိုလည်း ပလတ်စတစ်အိတ်နဲ့ ထုတ်ပြီး မဲရုံအရာရှိထံ ပေးရပါတယ်။ ဒါကတော့ ရွေးကောက်ပွဲ ကျင်းပစဉ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု မပြန့်ပွားစေရေးအတွက် အစ္စရေးနိုင်ငံရဲ့ ကြိုတင်ကာကွယ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ ဆွေးနွေးညှိနှိုင်းမှုများ စတင်

ဘရပ်ဆဲလ် မတ် ၃

ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်ပြီးနောက်တွင် မိတ်ဖက်သစ်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို မတ် ၂ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။ ဥရောပသမဂ္ဂမှ ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီရာနှင့် ဗြိတိန်ဘက်မှ ညှိနှိုင်းရေးမှူး ဒေးဗစ်ဖို့စ်တို့သည် ဥရောပသမဂ္ဂအဖွဲ့ကြီးနှင့် ဗြိတိန်နိုင်ငံတို့အကြား ဆွေးနွေးမှုစတင်ခဲ့ကြောင်း ဥရောပကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ပထမအကျော့ဆွေးနွေးပွဲတွင် ဗြိတိန်မှ အရာရှိပေါင်း ၁၀၀ ကျော် ပါဝင်ခဲ့ကြပြီး ကုန်သွယ်ရေး၊ ဝန်ဆောင်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကိစ္စများအပါအဝင် နယ်ပယ် ၁၁ ခုကို ဆွေးနွေးသွားမည်ဖြစ်သည်။ ဆွေးနွေးသွားမည့် အစီအစဉ်များကို ဗြိတိန်အစိုးရဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ မျှတသည့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ရှေ့ဆက်သွားရန် လိုလားကြောင်း၊ နှစ်ဖက်အဖွဲ့အစည်း ပူးတွဲကတိကဝတ်များကို လေးစားလိုက်နာမည်ဖြစ်ကြောင်း မိုက်ကယ်ဘာနီရာက တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။ ပထမအကျော့ ဆွေးနွေးမှုများကို မတ် ၅ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်သည်။

ဆင်ဟွာ

## ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၁ ဦးအထိရှိ

ပါရီ မတ် ၃

ပြင်သစ်နိုင်ငံတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ်၂ ရက်တွင် တတိယမြောက် လူနာသေဆုံးသွားပြီဖြစ်ပြီး ပြင်သစ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၁ ဦးရှိသွားပြီဟု အတည်ပြုထားသည်။

ပြင်သစ်နိုင်ငံမှ ကျန်းမာရေးညွှန်ကြားရေးမှူး ဂျရုမ်းဆော်လမွန်က သတင်းစာရှင်းလင်းပွဲတွင် အတည်ပြုပြောကြားခဲ့သည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် အသက် ၈၉ နှစ်အရွယ် အမျိုးသမီးကြီးမှာ အခြားသော ရောဂါများ ခံစားနေရကာ မတ် ၁ ရက်က သေဆုံးသွားခဲ့ပြီး ၎င်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။


တစ်နေ့ထဲ၌ပင် ကူးစက်ခံရသူအရေအတွက် ၆၁ ဦး ရှိခဲ့ကြောင်း၊ ၁၀၇ ဦးမှာ နိုင်ငံအတွင်း ကူးစက်ခံရခြင်းဖြစ်ပြီး ၃၈ ဦးမှာ နိုင်ငံရပ်ခြားမှ ကူးစက်ခံရခြင်းဖြစ်ကြောင်း၊ နောက်ထပ် ၄၂ ဦးကိုလည်း သံသယဖြစ်ဖွယ်လူနာအဖြစ် စောင့်ကြည့်နေဆဲဖြစ်ကြောင်း သိရသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည်လည်း ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းကို မတ် ၄ ရက်တွင် သွားရောက်ရန်စီစဉ်ထားပြီး ယင်းအစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ စာပေလေ့လာဖတ်ရှုနိုင်ရန် ပြင်ဆင်ထားသည့် မြင်ကွင်းပုံရိပ်များ



ရှားပါးစာအုပ်များ စနစ်တကျထားရှိမှုကို တွေ့ရစဉ်။



မာလ်တီ မီဒီယာခန်းမကို တွေ့ရစဉ်။





ကလေးငယ်များ စာပေဖတ်ရှုလေ့လာနိုင်ရန် ကလေးစာကြည့်တိုက် စီစဉ်ထားမှုကို တွေ့ရစဉ်။



ကလေးပုံပြင်ပြောခန်းအတွက် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။



မျက်မမြင်များအတွက် စာပေဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။



မြေညီထပ်တွင် စာအုပ်များ စနစ်တကျသိမ်းဆည်းထားမှုကို တွေ့ရစဉ်။



စာကြည့်တိုက်သို့ လာရောက်သူများအတွက် စာပေလေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။

## ဂန့်ဂေါခရိုင်အတွင်း ငွေကျပ်သန်း ၃၁၀ ကျော်ဖြင့် ကျေးလက်ကုန်ထုတ်လမ်းတံတားများဖောက်လုပ်



ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ရန် တာဝန်ရှိသူတို့က ကွင်းဆင်းတိုင်းတာစဉ်။

ဂန့်ဂေါ မတ် ၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ကျေးရွာ ၁၂ ရွာ၌ လယ်ယာထွက်ကုန်သီးနှံများ လျင်မြန်စွာဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလ/မွမ်းမံခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၁၀ ကျော်ဖြင့် ကျေးလက် ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်က ပြောသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလမှ စတင်၍ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်တို့ရှိ ကျေးရွာ ၁၂ ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်း ၁၂ ခုကို မူလ/မွမ်းမံ ခွင့်ပြုရန်ပုံငွေကျပ် ၃၁၀ ဒသမ ၅၅၂ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း ၁၂ လမ်း၊ Boxculvert ကိုးခု၊ ရေကျော်နှစ်ခုနှင့် ရေပြွန်အခု ၄၀ တို့ကို တင်ဒါအောင်မြင်သော ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးရေး ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာပေါင်း၁၂ရွာတွင် ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ ထွက်ကုန်များ အချိန်မီ ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းဌေး**

## သုံးခွမြို့နယ် လေးကျွန်းမာရ်အောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် ၇ ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို စစ်ကုန်းကျောင်းတိုက် မြို့နယ်သြဝါဒစရိယဆရာတော်ဘဒ္ဒန္တကောဝိဒ၏ သြဝါဒကို ခံယူ၍ ဂေါပကအဖွဲ့မှ မတ် ၇ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မတ် ၇ ရက် ညနေ ၄ နာရီတွင် ဆွမ်းတော်ကြီးတင်လှူရန် လာရောက်ကြသူများ၊ ဘုရားဖူးလာသူများအား စတုဒိသာကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ မတ် ၈ ရက် (တပေါင်းလပြည့်) နံနက်အရုဏ်မတက်မီတွင် ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပွဲကျင်းပကာ မြတ်စွာဘုရားနှင့် ပင့်သံဃာတော်အပါး ၂၀ အား နေ့ဆွမ်းကပ်လှူဒါန်းပြီး မွန်းလွဲ ၁ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ **ကိုကျော်(သုံးခွ)**

## ကံမမြို့နယ်တွင် သွားနှင့်ခံတွင်း အခမဲ့ကုပေးမည်

ကံမ မတ် ၃

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား မတ် ၈ ရက်တွင် အခမဲ့ ကုသပေးမည်ဖြစ်သည်။ ကံမမြို့နယ်အသင်း(ရန်ကုန်)ပရဟိတ စွမ်းအားမြှင့်အဖွဲ့၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန် အသင်း (ပခုက္ကူအသင်းခွဲ)မှ ဆရာဝန်များက ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

## ပဲခူးမြို့ ရွှေမော်ဓောစေတီ ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ပဲခူး မတ် ၃

ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဧပြီ ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်တွင် မြန်မာ့ရိုးရာကုန်ပစ္စည်းများနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ ထွက်ရှိသော မြန်မာ့ရိုးရာ ကုန်ပစ္စည်းများ၊ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် ပစ္စည်းများနှင့် စက်ရုံ အလုပ်ရုံများမှ ထွက်ရှိသော လူသုံးကုန်၊ အလှကုန်၊ အိမ်သုံးကုန်ပစ္စည်းများ ရောင်းချကြမည့် ဈေးဆိုင်ခန်းများကို မတ် ၂၃ ရက်မှ ဧပြီ ၂၁ ရက်အထိ ရောင်းချခွင့်ပြုမည်ဖြစ်ကာ ပျော်ပွဲရွှင်ပွဲအစီအစဉ်ဖြင့် ကဇာတ်၊ ပြဇာတ်၊ မျက်လှည့်နှင့် အခြားကြည့်ချင်စရာပွဲများ၊ ချားရဟတ်နှင့် ကလေးများအတွက် ပျော်ပွဲများနှင့် ဖျော်ဖြေခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**


မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော

“၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့”

အထိမ်းအမှတ်အခမ်းအနား

“မျိုးဆက်တိုင်းအတွက်လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက်ဖော်ဆောင်ရွက်”

“I am Generation Equality: Realizing Women’s Rights”

နေပြည်တော် ၇.၃.၂၀၂၀





## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၁၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၅၀/၈၁၅ | ကျပ် | ၈၁၀/၈၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၆၀/၈၂၅ | ကျပ် | ၈၂၅/၈၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀/၇၄၀ | ကျပ် | ၇၇၀/၇၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၁၀/၈၆၀ | ကျပ် | ၉၀၀/၉၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၆ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၄ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၂ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၁ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၅ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၄ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၉ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၉ . ၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၁၃၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၂၄၈၁ | ၂၉၅၀၅၀၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၇၂၈၉ | ၂၈၈၀၄၉၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂၁ | ၁၇၆၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁ | ၂၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၆၉၅ | ၁၉၅၀၅၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# M-POP Music Challenge Show ၏ ဂရန်းဖိုင်နယ်ပြိုင်ပွဲကြီး ကျင်းပပြီးစီး



ရွှက်ပုန်းသီး ဂီတဝါသနာရှင် လူငယ်များကို မှန်ကန်စွာ ရွေးချယ်ပြီး မြေတောင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့သော M-Pop Music Challenge TV Show သီချင်းဆိုပြိုင်ပွဲ အစီအစဉ်၏ Grand Final ပြိုင်ပွဲကြီးကို မတ်လ ၁ ရက် ည ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မြနန္ဒာ ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အဖွဲ့သုံးဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး UNIQUE အဖွဲ့က Winner ဆုကို ရရှိသွားခဲ့သည်။ ပြိုင်ပွဲအစီအစဉ်အရ Winner အဖွဲ့အား M-Pop Music Challenge TV Show မှ ဆုကြေးငွေ ကျပ်သိန်း ၃၀၀ နှင့်အတူ တေးစီးရီး မီနီအယ်လ်ဘမ်ကိုလည်း ထုတ်ပေးမည်ဖြစ်ကာ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများကိုလည်း တေးစီးရီး Mini Album ထုတ်ပေးသွားမည်ဟု သိရသည်။

M-Pop Music Challenge TV Show ကို စီစဉ်သူ ဦးဝင်းမြတ်ထွန်းက "ကျွန်တော့်အနေနဲ့ ဒီပွဲကို ပြုလုပ်ရတဲ့ အဓိကအကြောင်းက ကျွန်တော်တို့နိုင်ငံမှာ သီချင်းဆိုပြိုင်ပွဲဆိုရင် စီးပွားရေးဆန်တာမျိုးတွေ တွေ့ရတယ်၊ အဲဒီလိုမျိုး ရှိတာကတော့ သိပ်မဆန်းပါဘူး၊ ခက်တာက ကလေးတွေကို တကယ် မှန်ကန်စွာ မြေတောင်မြှောက်ပေးတာမျိုး ရှားနေပါတယ်၊ နောက် ဘယ်သူမို့ ဘယ်ဝါမို့ဆိုပြီး ဦးစားပေးတာမျိုး ပေါ့နော်၊ အရည်အချင်းကိုမကြည့်ဘဲ ခင်မင်မှုတွေ၊ အခြားအကြောင်းတွေကြောင့် တကယ် ဆုနဲ့ထိုက်တန်တဲ့ကလေးတွေက နေရာမရတာမျိုးတွေလည်း ရှိတယ်၊ အဲဒီလိုတွေ မဖြစ်ရအောင် ကျွန်တော်က စိတ်ကူးပြီးတော့ အားလုံးနဲ့ တိုင်ပင်ပြီး လုပ်ခဲ့လို့ အခုလိုပွဲလေး ဖြစ်လာခဲ့တာပါ၊ သီချင်းနဲ့ အက ပေါင်းစပ်ပြီး ယှဉ်ပြိုင်ရမယ့်ပွဲလေး လုပ်မယ်ဆိုပြီး အကောင် အထည်ဖော်ဖြစ်ခဲ့တာပါ၊ Voting စနစ်ကိုလည်း ပွင့်လင်းမြင်သာစွာ ပြပါတယ်၊ တော်တဲ့သူကို ထိုက်တန်စွာ ရွေးချယ်ခဲ့တာပါ"ဟု ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ကနဦး အကဲဖြတ်ဒိုင်များအဖြစ် မေခလာ၊ ဟဲလေး၊ ခေမီကိုနှင့် ရတနာမိုင်တို့က ဆောင်ရွက်ပေးခဲ့ပြီးနောက်ဆုံး ဂရန်းဖိုင်နယ်ပြိုင်ပွဲတွင် အဆိုတော်ကြီး မြန်မာပြည်သိန်းတန်လည်း အဆိုပိုင်းနှင့်ပတ်သက်၍ လာရောက် စိစစ်အကဲဖြတ်ပေးခဲ့သည်။

"အန်ကယ် ကြည့်ရသလောက်တော့ အရည်အသွေးကောင်းတဲ့ ကျောက်ရိုင်းလေးတွေကို ဒီပွဲမှာ တွေ့ရပါတယ်၊ အဲဒီလို ကလေးတွေအတွက် အကဲဖြတ်ပေးရတာဆိုတော့ အင်မတန်ကို သတိထားပြီး လုပ်ဆောင်ရတာပါ။ ဒီကလေးတွေရဲ့ ရှေ့ဆက်ရမယ့် အနုပညာခရီးမှာ အကောင်းဆုံးဖြစ်ဖို့က အန်ကယ်တို့ရဲ့တာဝန်လို့ ဆိုပါတော့။ ပြီးတော့ ဒီပွဲက အရင် အန်ကယ် ဒိုင်လုပ်ခဲ့တဲ့ ပွဲတွေထက် ပိုထူးခြားတာက သူတို့ကိုယ်တိုင်ရေးတဲ့သီချင်းကို ဆိုရတယ်၊ ကရတယ်၊ တကယ်ကို ခက်ခဲကြမ်းတမ်းလိမ့်မယ်လို့ ထင်တယ်။ အကပိုင်းကတော့ သုံးယောက်တစ်တွဲ သူတို့ကကြတယ်။ ကတဲ့နေရာမှာ အချို့က အရပ်အမောင်းတူ လုံးတူလေးတွေ ရှိသလို အချို့ကလည်း အရပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်တွေ မတူကြတာမျိုးတွေ ရှိတယ်။ အမှတ်ပေးတဲ့ နေရာမှာ အဲဒါလေးတွေကိုလည်း ထည့်စဉ်းစားပေးရတာမျိုးတွေ ရှိတယ်။ ဒါ့အပြင် ကြိုးစားမှု၊ စွမ်းရည်၊ စိတ်နေသဘောထား၊ စေတနာလေးတွေ၊ ကကြိုးကကွက်တွေက ဘယ်လိုတွေရှိလဲ၊ အသံဆိုလည်း သုံးယောက်တစ်တွဲဆိုတော့ အသံတွေကြောင် သလားပေါ့။ ကတာလေးတွေကိုတော့ အကပညာရှင်တွေက ဆုံးဖြတ်တာပါ။ အန်ကယ်ကတော့ အဆိုပိုင်းကိုပဲ အဓိက အကဲဖြတ်တာပါ"ဟု ဒိုင်အဖြစ်ပါဝင်ဆောင်ရွက်ပေးသော မြန်မာပြည်သိန်းတန်က ပြိုင်ပွဲအပေါ် ၎င်း၏အမြင်များကို ပြောကြားခဲ့သည်။

**ကိုလင်း**

# ဟန်နီရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ရုပ်ရှင်ဖြစ်သည့် "မအက္ခရာ"ဇာတ်ကားကို စတင်ရိုက်ကူးလျက်ရှိ

ဟန်နီ ရုပ်ရှင်ထုတ်လုပ်ရေး၏ ပထမဆုံး ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်လာမည့် မအက္ခရာရုပ်ရှင်ကို ဖေဖော်ဝါရီ ၂၉ ရက်က စတင်ရိုက်ကူးလျက်ရှိကြောင်းနှင့် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို စာရေးဆရာ မြောင်းမြရန်နိုင် ရေးသားထားသည့် ဖြစ်ရပ်မှန်ဇာတ်လမ်းအကြောင်းအရာအပေါ်အခြေခံ၍ ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မအက္ခရာ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်သူ၊ အလင်းရောင်၊ တိုင်ရွှန်၊ ခင်လှိုင်၊ ထူးခြား၊ ကျော်ကျော်၊ စစ်နိုင်၊ သိန်းလင်းစိုး၊ ဖွဲ့လရောင်၊ ကောင်းစံ၊ ဘရန်ဒိုလီ၊ ဟန်နီ၊ စိုးမြတ်သူဇာ၊ ထက်ထက်မိုးဦး၊ အေးမြတ်သူ၊ ခင်ဇာခြည်ကျော်၊ ဖြူဖြူထွေးနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကာ ဇာတ်လမ်းအကြောင်းအရာမှာ မကောင်းမှုကို လုပ်သူများသည် မကောင်းသည့် ရလဒ်များကိုသာ ရရှိနိုင်သည်ဆိုသည့် အကြောင်းကို အဓိကထား၍ ဖော်ပြသွားမည်ဟု သိရသည်။

ဒါရိုက်တာစတီး(ဒွေးမေတ္တာ)က "မအက္ခရာ ရုပ်ရှင်ဇာတ်ကားကြီးမှာ လူတွေရဲ့စိတ်ကို ပြောင်းလဲစေနိုင်တဲ့ အကြောင်းအရာတွေက ဘာတွေလဲဆိုတာ



မအက္ခရာရုပ်ရှင်အတွက် ကန်တော့ပွဲပေးသည့်အခမ်းအနားမှ သရုပ်ဆောင်များ။

ပြမှာပါ။ လမ်းမှာ တို့ဆေးနဲ့ တို့ပြီး လိမ်သွားတယ်ဆိုတာမျိုးမှာဆိုရင် အမှန်က တို့ဆေးဆိုတာ မရှိဘူး၊ လူတွေရဲ့ စိတ်ကို ပြောင်းလဲစေတာပဲ။ မသမာသူ လူတစ်စုကပဲ လူတွေရဲ့စိတ်ကို ပြောင်းလဲအောင်ညှို့ပြီး လိမ်နေကြတာမျိုးပေ့ါ။ နောက်တစ်ခုကျတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာအယူအရ ဘုရားရှင်သည်သာ ကျွန်တော်တို့အတွက် အမြတ်ဆုံး။ ဘုရားရှင်ကို ရိုးသားစွာ ကိုးကွယ်တာဟာ နိဗ္ဗာန်ရောက်ကြောင်းပဲ။ ရယူလိုမှုမရှိဘူး၊ နိဗ္ဗာန်ရောက်ကြောင်းအတွက်ပဲ ဘုရားရှင်ကို ကိုးကွယ်နေကြတာ။ အဲဒါအပြင် ရယူလိုစိတ်တွေနဲ့ ပယောဂလုပ်တာတို့၊ ပြုစားတာတို့ ဆိုတာက ဗုဒ္ဓဘာသာအယူနဲ့ မအပ်စပ်သလို ကျွန်တော်တို့ လူ့လောကနဲ့ လူ့ဘောင်နဲ့လည်း မအပ်စပ်ဘူးဆိုတဲ့ အကြောင်းအရာတွေကို အဓိကထားပြီး ဒီဇာတ်ကားမှာပြချင်တာ"ဟု ပြောသည်။

ရုပ်ရှင်ကို ပြင်ဦးလွင်မြို့၌ ဖေဖော်ဝါရီ ၂၉ ရက်မှစ၍ ရိုက်ကူးလျက်ရှိပြီး တစ်လကြာ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထူးခြားမှုအဖြစ် မျက်နှာသစ် သရုပ်ဆောင်များ ပါဝင်သလို နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များလည်း ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# မေတ္တာတရား၏အရေးကြီးပုံကို ညွှန်းဆိုရိုက်ကူးထားသော "ဂန္ထဝင်အငြိုး"ရုပ်ရှင် ရုံတင်မည်



အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေး၏ စတုတ္ထမြောက် ခြေလှမ်းဖြစ်သည့် "ဂန္ထဝင်အငြိုး" ရုပ်ရှင်ကို မတ် ၂၆ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဂန္ထဝင်အငြိုးရုပ်ရှင်ကို ရိုက်ကူးသည့် ဒါရိုက်တာအောင်ဇော်လင်းက "ဒီဇာတ်ကားမှာ ပရိသတ်တွေကို အဓိကပေးချင်တဲ့ Message ကတော့ မိသားစုတစ်ခုမှာပဲဖြစ်ဖြစ်၊ အိမ်ထောင်တစ်ခုမှာပဲဖြစ်ဖြစ် မိန်းကလေးတွေကြောင့် ပျက်စီးတတ်တဲ့ အရာလေးတွေရှိတာကို ပြထားတယ်။ ငွေကြေးထက် မေတ္တာတရားက ပိုအရေးကြီးတယ်၊ မေတ္တာတရားမရှိဘဲ ငွေကြေးနောက်လိုက်ရင် ပူလောင်တယ်၊ ဒုက္ခရောက်ရတယ် ဆိုတာကိုလည်း မြင်တွေ့ရမှာပါ။ ဂန္ထဝင်တွင်လောက်တဲ့ အငြိုးတွေက ဘယ်လောက်အထိ ဖြစ်သွားကြမလဲပေ့ါ။ သည်းထိတ်ရင်ဖို ဒရာမာပိုင်းလေးတွေလည်း ထည့်ထားလို့ ပရိသတ်တွေ နှစ်သက်မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

ဂန္ထဝင်အငြိုးဇာတ်ကားသည် လွန်းထားထား၏ ဝတ္ထုကို မိုးနီလွင် ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ အောင်ဇော်လင်းက ရိုက်ကူးထားကာ သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ အကယ်ဒမီ ပိုင်ဖြိုးသု၊ အကယ်ဒမီ မင်းဦး၊ အကယ်ဒမီမြတ်ကေသီအောင်၊ အကယ်ဒမီမယ်လိုဒီ၊ မင်းပိုင်၊ ပိုးအိအိခန့်နှင့် အခြား အနုပညာရှင်များစွာ ပါဝင်ထားပြီး ဇာတ်လမ်းအမျိုးအစားမှာ သည်းထိတ်ရင်ဖို ဒရာမာပုံစံဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်အကြို ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော် (Japanese Classic Film Festival) ကျင်းပမည်




မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော် (Japanese Classic Film Festival)ကို ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် မတ် ၆ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် ညနေ ၅ နာရီခွဲတွင် ပြုလုပ်မည်ဖြစ်ရာ The Agency for Cultural Affairs of Japanese Government နှင့် National Film Archive of Japan တို့၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံ IMAGIKA LAB ၌ Digital Restoration ပြုလုပ်ထားသော “ဂျပန့်ရင်သွေး” ရုပ်ရှင်ဇာတ်ကား (DCP)အား ဂျပန်သံရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဦးစွာပြုလုပ်မည်ဖြစ်ပြီး ဆက်လက်၍ ယင်းရုပ်ရှင်ဇာတ်ကားကို ပြသမည် ဖြစ်သည်။

ဂျပန်ဂန္ထဝင်ရုပ်ရှင်ပွဲတော်တွင် အေဝမ်းရုပ်ရှင်မှ ၁၉၃၅ ခုနှစ်တွင် ဒါရိုက်တာ ဦးညီပု ရိုက်ကူးထုတ်လုပ်ပြီး သရုပ်ဆောင် ဦးညီပု၊ မောင်မောင်စိုး၊ မောင်စံညွန့်နှင့် ဂျပန်မင်းသမီး မိဆုကို တကရို (အေးမိစံ)တို့ ပါဝင်သရုပ်ဆောင်ထားသော “ဂျပန့်ရင်သွေး” ရုပ်ရှင်ဇာတ်ကားအပါအဝင် ဒါရိုက်တာ Miyazaki Hayao ၏ “My Neighbor Totoro”(၁၉၈၈)၊ ဒါရိုက်တာ Honda Ishiro ၏ “Godiilla” (၁၉၅၄)၊ ဒါရိုက်တာ Kurosawa Akira ၏ “Rashomon”(၁၉၅၀)၊ ဒါရိုက်တာ Yamada Yoji ၏ “Tora-san, the lovable tramp”(၁၉၆၉)နှင့် ဒါရိုက်တာ Ozu Yasujiro ၏ “Tokyo STORY” (၁၉၅၃) စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ခြောက်ကားကို အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### သီချင်းအယ်လ်ဘမ်အသစ် ထွက်ရှိမယ့်အကြောင်း လေဒီဂါဂါ ကြေညာ

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ လေဒီဂါဂါဟာ သူ့ရဲ့နောက်ထပ်သီချင်းအယ်လ်ဘမ်အသစ်ကြောင်းကို ပရိသတ်တွေသိရှိအောင် မတ် ၂ ရက်က တရားဝင်ကြေညာခဲ့ပါတယ်။

Stupid love ဆိုတဲ့ သီချင်းထွက်ရှိပြီးနောက် ယခုလို ကြေညာမှုပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ Chromatica လို့အမည်ပေးထားတဲ့ အယ်လ်ဘမ်သစ်ဟာ လေဒီဂါဂါအတွက် ခြောက်ခုမြောက် စတူဒီယိုအယ်လ်ဘမ်ဖြစ်ပြီး ဧပြီ ၁၀ ရက်မှာ ထွက်ရှိမယ်လို့ ကြေညာခဲ့ပါတယ်။

လေဒီဂါဂါဟာ ၂၀၁၆ခုနှစ်က Joanne ဆိုတဲ့ အယ်လ်ဘမ်ထွက်ရှိပြီးနောက် အခုအချိန်ဟာ ပထမဆုံးအကြိမ်အဖြစ် နောက်ထပ် အယ်လ်ဘမ်အသစ်တစ်ခု ထွက်ရှိလာမှာပဲဖြစ်ပါတယ်။

အခုလတ်တလောလူကြိုက်များနေတဲ့ Stupid Love ဆိုတဲ့သီချင်းဟာလည်း Chromatica ဆိုတဲ့ အယ်လ်ဘမ်ထဲကသီချင်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ လေဒီဂါဂါဟာ A Star is Born ဆိုတဲ့ ရုပ်ရှင်မှာ ဘရက်ဒလီကူးပါးနဲ့အတူ သရုပ်ဆောင်ခဲ့ပြီး Shallow ဆိုတဲ့သီချင်းနဲ့ အော်စကာဆုကို ရယူနိုင်ခဲ့ပါတယ်။

**အန်တာတိန်းမန့်ဝိခ်ကလီး**



အဆိုတော် လေဒီဂါဂါ

### သီချင်းသစ်ထွက်ရှိမယ့်နေ့ကို ဒီမီလိုဗာတို ကြေညာ

ဂရမ်မီဆုပေးပွဲညမှာ Anyone သီချင်းနဲ့ အားလုံး အံ့အားသင့်သွားအောင် ဖျော်ဖြေပြီးတဲ့နောက် ဒီမီလိုဗာတို ဟာ နောက်ထပ်သီချင်းသစ်တစ်ပုဒ်ထွက်ရှိပါတော့မယ်။ I Love Me လို့အမည်ရတဲ့သီချင်းဟာ မတ် ၆ ရက်မှာ ထွက်ရှိမယ်လို့ ဒီမီလိုဗာတိုက ပြောကြားခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ် ဒီမီလိုဗာတိုဟာ အင်စတာဂရမ်အကောင့်ကနေတစ်ဆင့် အခုလိုကြေညာမှု ပြုခဲ့တာပဲဖြစ်ပါတယ်။

ဒီမီလိုဗာတိုဟာ သီချင်းအသစ်တွေဖန်တီးဖို့ လွန်ခဲ့တဲ့နှစ်ကတည်းက ကြိုးပမ်းနေတာလို့ ဇန်နဝါရီလအတွင်းမှာ သတင်းအရင်းအမြစ်တစ်ခုက အီးနယူးစ်ကို ပြောပါတယ်။ ၂၀၁၉ ခုနှစ်ကတည်းက ဒီမီလိုဗာတိုဟာ သီချင်းအယ်လ်ဘမ်အသစ် ထွက်ရှိဖို့ စတူဒီယိုမှာ ကြိုးပမ်းနေခဲ့တာလို့လည်း အဲဒီသတင်းအရင်းအမြစ်က ပြောပါတယ်။

ဒီမီဟာ သူဖြတ်ကျော်ခဲ့ရတဲ့ အခက်အခဲတွေ၊ ဆေးလွန်မှုကြောင့် ဆေးရုံရောက်တာတွေ၊ ပြန်လည်ထူထောင်ရေးစခန်းမှာကုသမှုခံယူခဲ့တာတွေ အစရှိတာတွေကို သူ့ရဲ့ကိုယ်ပိုင်ဖန်တီးမှုနဲ့ အားလုံးသိအောင် ပြောပြလိမ့်မယ်လို့လည်း ဒီမီနဲ့ရင်းနှီးသူတစ်ဦးက ပြောပါတယ်။ နောက်ပြီး နယ်လှည့်ဖျော်ဖြေပွဲတွေလုပ်ပြီး ပရိသတ်တွေနဲ့ပြန်လည်ချိတ်ဆက်မိအောင်လည်း ဒီမီလိုဗာတိုက ပြုလုပ်သွားဖို့ရှိတယ်လို့ သိရပါတယ်။

**အီးနယူးစ်**



အဆိုတော် ဒီမီလိုဗာတို

# တစ်မူထူးခြား ခံ့ညားထည်ဝါစွာတည်ရှိနေသည့် ကျောက်သားထက်က မိုင်းယောင်းကျိုက်ထီးရိုးစေတီတော်



**မိုင်းယောင်း မတ် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယောင်းမြို့နယ်တွင် အထင်ကရဖြစ်သည့် ထပ်လုံစေတီတော်၊ လျောင်းတော်မူဘုရား၊ ရွှေညောင်ပင်၊ ဗုဒ္ဓဝိဇယ စေတီတော်တို့ဖြစ်ကြပြီး မိုင်းယုဒေသတွင် ထပ်ပူးခမ်းစေတီတော် စသည့်ဘုရားစေတီပုထိုးများ နေရာအနှံ့အပြား တွေ့မြင်ဖူးမြော်နိုင်သည်။ သို့သော် မိုင်းယောင်းမြို့နယ် ဘက်မှ ၁၉ မိုင်ခန့် အကွာဖတ္တူကျေးရွာ အနီးနှင့် မိုင်းဖြတ်မြို့နယ်ဘက်မှ ပြည်ငြိမ်းအေး ကျေးရွာအကြား မိုင်းဖြတ်–မိုင်းယောင်း ကားလမ်းမဘေးတွင် တည်ရှိပြီး စကျင်ကျောက်တုံးကျောက်ခဲများထက်၌ တည်ထားကိုးကွယ်ထားသည့် ကျိုက်ထီးရိုးစေတီတော်မှာ တစ်မူထူးခြားစွာ ဖြင့်ခရီးသွား ဧည့်သည်တော်များ တွေ့မြင်ဖူးမြော်ရမည် ဖြစ်သည်။ **(အပေါ်ယာပုံ)**

သက္ကရာဇ် ၁၉၄၇ ခုနှစ် မတိုင်မီကာလက မိုင်းယု– မိုင်းယောင်း–ကျိုင်းတုံ– တာချီလိတ်တို့ကို ဆက်သွယ်ရေး လမ်းပန်းခက်ခက်ခဲခဲသွားရစဉ်ကာလ မိုင်းဖြတ်– မိုင်းယောင်းလမ်း ကျောက်လမ်းခင်း စတင်ချိန်တွင် လမ်းလုပ်သားများ ကျောက်မိုင်းခွဲမှုများပြုလုပ်ရာ စေတီတော်တည်ထားသည့် ကျောက်စိုင်ကျောက်ခဲနေရာအရောက် အဆိုပါ ကျောက်စိုင်ကျောက်ခဲကို နည်းလမ်းအမျိုးမျိုးဖြင့်ခွဲသော်လည်း ပြိုလဲခြင်း၊ ကွဲထွက်သွားခြင်းမရှိသည့် လက္ခဏာများမြင်တွေ့ရသည်။ မိုင်းဖြတ်မြို့နယ် ကွက်သစ်ရပ်ကွက်တွင် သီတင်းသုံးတော်မူသည့် ဆရာတော်တစ်ပါးအား သွားရောက်လျှောက်ထားတော်မူခဲ့ပြီး ယင်းဆရာတော်နှင့် ထိုင်းနိုင်ငံမှ ဆရာတော်တို့ ကြွရောက်ကြည့်ရှုရာ ကျောက်စိုင်ကျောက်ခဲများ အတွင်း၌ ကြီးမားသည့်သစ်ပင်ငုတ်ကြီးရှိကြောင်း သိရသည်။

အဆိုပါ ကျောက်ကြားများအတွင်း၌ သစ်ပင်ငုတ်ကြီးရှိရာအပေါ်တွင် စေတီတစ်ဆူတည်ရန် အတိတ်နိမိတ်များ ပြနေခြင်းဖြစ်သည်ဟု ယူဆမိသဖြင့် ၁၉၄၇ ခုနှစ်မှာ ဆရာတော်တို့က ကျိုက်ထီးရိုးပုံတူ စေတီတော်ငယ်တစ်ဆူ ပြုလုပ်ပြီး ၂၀၁၄ ခုနှစ်တွင် ကျိုက်ထီးရိုး စေတီတော်ကြီးကို သွန်းလုပ်၍ ထီးတော်တင် ရေစက်ချ မင်္ဂလာ အခမ်းအနားပြုလုပ်ခဲ့ကြောင်း ဆရာတော် ဦးပဏ္ဍိတက မိန့်ကြားတော်မူခဲ့သည်။

မိုင်းယောင်းမြို့နယ်ဘက်မှ ၁၉ မိုင်ခန့်အကွာ ဖတ္တူကျေးရွာ အနီး နှင့် မိုင်းဖြတ်မြို့နယ်ဘက်မှ ပြည်ငြိမ်းအေးကျေးရွာအကြား မိုင်းဖြတ်–မိုင်းယောင်း ကားလမ်းမဘေးတွင် တည်ရှိပြီး ကျောက်တုံးကျောက်ခဲများထက်၌ တည်ထားကိုးကွယ်ထားသည့် မိုင်းယောင်းကျိုက်ထီးရိုး စေတီတော်ကိုခရီးကြုံခဲ့လျှင် ဝင်ရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုကိုနိုင် (မိုင်းယု)**

## ရမည်းသင်းမြို့နယ်အတွင်းရှိ နှမ်းသီးနှံဧက ၃၀၀၀ ကျော်အတွက် ဆည်ကန်များမှ စိုက်ပျိုးရေပေးဝေ

**ရမည်းသင်း မတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် နှမ်းသီးနှံစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေကို မြို့နယ်အတွင်းရှိ ဆည်ကန်များမှ ရရှိသည်ဖြစ်ရာ ယခုနှစ်တွင် နှမ်းသီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးရန်အတွက် ရမည်းသင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ စိုက်ပျိုးရေစတင်ပေးဝေလျက်ရှိသည်။



ယင်းသို့ စိုက်ပျိုးရေပေးဝေရာတွင် ကျီးနီကန်စိုက်ပျိုးရေသောက် လယ်ယာမြေများတွင် နှမ်းစပါး ဧက ၄၀၀၊ မိုးကြိုဝါ ဧက ၇၀၀၊ သစ်ဆုံဆည်စိုက်ပျိုးရေသောက် လယ်ယာမြေများတွင် မိုးကြိုဝါ ဧက ၁၉၂၀ စိုက်ပျိုးမည်ဟု သိရသည်။

ယခုအခါ နှမ်းသီးနှံစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေရရှိပြီဖြစ်၍ ဒေသခံတောင်သူများမှာ လယ်ယာလုပ်ငန်းခွင်ဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်

**ရန်ကုန် မတ် ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အင်းစိန်မြို့နယ် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဖွင့်လှစ်သော အမှတ်စဉ်(၉/၂၀၂၀) ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ(အခမဲ့)သင်တန်း၊ သင်ကြားပေးသောသင်တန်းကာလ ရက်ပေါင်း ၃၀ ကို မပျက်မကွက် တက်ရောက်သင်ကြားခဲ့ကြသော အမျိုးသမီးသင်တန်းသူ ၃၀ တို့အား အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက်က အဆိုပါ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်း အခမ်းအနားတွင် မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့က ဂုဏ်ပြုစကားများ ပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တစ်ဦးချင်းပေးအပ်သည်။ **(ယာပုံ)**

ယင်းသင်တန်းသည် သုံးနှစ်အရွယ်မှ ငါးနှစ်အရွယ်၊ မူလတန်းကြိုအရွယ်၊ ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် စနစ်တကျပြုစု ပျိုးထောင်နိုင်ရန်နှင့် မူလတန်းကျောင်းများသို့ အခြေခံကောင်းစွာဖြင့် ဝင်ရောက်နိုင်ရေးအတွက် ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ အခမဲ့ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်အတွင်း ဦးစီးဌာနလက်အောက်ရှိ





မူကြိုကျောင်း ဆရာမများ၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ မူကြိုဆရာမများအား သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့် စာတွေ့လက်တွေ့ နှစ်စဉ်သင်ကြား ပေးလျက်ရှိကြောင်း ခရိုင်လူမှု ဝန်ထမ်းဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူးက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ–မျိုးကြီး**

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ထိုသို့ ဆိုင်းငံ့မိန့်ချမှတ်ရာတွင် ဤအခန်း၌ဖြစ်စေ နည်းဥပဒေများတွင်ဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသောတာဝန်များမှ မြီစားအား လျှော့ပေါ့ပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်းပြုသည့်အချက်များကို ထည့်သွင်းချမှတ်ခြင်းမပြုရ။ သို့ရာတွင် လူမွဲခံယူခြင်း ကိစ္စအလို့ငှာ မြီစားပိုင်ပစ္စည်း၏ တန်ဖိုးကို သိသာထင်ရှားစွာ လျော့ကျစေခြင်း သို့မဟုတ် ထိခိုက်စေခြင်း မရှိတန်ရာကြောင်း ကျေနပ်လျှင် ထိုသို့ ထည့်သွင်းချမှတ်ခြင်း ပြုနိုင်သည်။

(ဃ) အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် အထက်ပါပုဒ်မ ၂၃၁ အရ လျှောက်ထားမှုအပေါ် တရားရုံးကချမှတ်သည့် အမိန့်သည် ယင်းအမိန့်ကို ချမှတ်သည့်နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်နေ့တွင် အကျိုးသက်ရောက်မှု ရပ်စဲစေရမည်။

**ဆိုင်းငံ့မိန့် လျှောက်ထားမှု၏ အကျိုးသက်ရောက်မှုများ**

၂၃၃။ ဆိုင်းငံ့မိန့်ရရှိရန် လျှောက်ထားဆဲ မည်သည့်အချိန်တွင်မဆို–

(က) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန် ပျက်ကွက်မှုများကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသော အခြား တစ်စုံတစ်ဦးက အငှားချထားသည့် ဥပစာကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည်သိမ်းယူခြင်းမပြုရ၊

(ခ) တရားရုံးသည် မြီစားပိုင်ပစ္စည်းကို ဝရမ်းကပ်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ဝရမ်းကပ်သိမ်းဆည်းကာ ရောင်းချခြင်းမပြုစေရန် တားမြစ်နိုင်သည့်အပြင် ထိုမြီစား၏ ပစ္စည်းအပေါ်တွင် ဆောင်ရွက်နေသော အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီ အတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေ တစ်ရပ်ရပ်အရ လျှောက်ထားမှုကို ဆိုင်းငံ့မိန့် ချမှတ်နိုင်သည်၊

(ဂ) ပုဒ်မ ၂၃၁ အရ လျှောက်ထားခဲ့ကြောင်း သက်သေခံအထောက်အထား တစ်ရပ်ရပ်ကို တင်ပြလာသည့်အခါ တစ်ဦးတစ်ယောက်အပေါ်တွင် အရေးယူဆောင်ရွက်နေသော တရားရုံးသည် ထိုဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များ သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည်။

**မြီစား၏ အဆိုပြုချက်**

**အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာ**

၂၃၄။ (က) ဤအခန်းအရ မိမိဆန္ဒအလျောက် အစီအစဉ်ပြုလုပ်ရန် အဆိုပြုလွှာတွင် ယင်း အဆိုပြုချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကြီးကြပ်ရန်အလို့ငှာ တစ်စုံတစ်ဦးကို အစီအစဉ်ကြီးကြပ်သူအဖြစ်ခန့်ထားရန် ဖော်ပြပါရှိရမည့်အပြင် ထိုသူသည် အပိုင်း (၃) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ်ဆောင်ရွက်ရန် အရည်အချင်းရှိသူဖြစ်ရမည်။

(ခ) ပုဒ်မ ၂၃၁ အရ လျှောက်ထားချက်ကြောင့် ဆိုင်းငံ့မိန့်ကို ချမှတ်ခဲ့ပြီးနောက် ထိုအမိန့်၏ အကျိုးသက်ရောက်မှု ရပ်စဲခြင်း မရှိမီတွင် အဆိုပြုခံရသူသည် အောက်ပါအချက်များ ပါဝင်သည့် အစီရင်ခံစာကို တရားရုံးသို့ တင်ပြရမည်–

(၁) မြီစား၏ အဆိုပြုလွှာပါအစီအစဉ်များအပေါ် သဘောတူညီချက်ရရှိရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာ ရှိ မရှိနှင့် စပ်လျဉ်း၍ ၎င်း၏ထင်မြင်ယူဆချက်၊

(၂) မြီစား၏အစီအစဉ်များနှင့် စပ်လျဉ်း၍ မြီရှင်များက စဉ်းစားဆင်ခြင်နိုင်စေရန် အခွင့်အရေးပေးသင့် မသင့်နှင့်စပ်လျဉ်း၍ ၎င်း၏ထင်မြင်ယူဆချက်။

(ဂ) အဆိုပြုခံရသူက အစီရင်ခံစာကိုပြုစုနိုင်ရန်အလို့ငှာ မြီစားသည် အောက်ပါတို့ကို အဆိုပြုခံရသူအား ပေးအပ်ရမည်–

(၁) မြီစားအဆိုပြုတင်ပြသည့် မိမိဆန္ဒအလျောက် အစီအစဉ်၏ အချက်အလက်များ ပါဝင်သော စာရွက်စာတမ်းများ၊

(၂) လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများအရ သတ်မှတ်ဆင့်ဆိုထားသည့် အချက်အလက် များပါဝင်သော မြီစား၏ လုပ်ငန်းကိစ္စဆိုင်ရာ ထုတ်ဖော်ကြေညာချက်၊

(၃) ဤပုဒ်မအရ တင်ပြသော စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ ကျိုးကြောင်း ဆီလျော်စွာ ပြုလုပ်သော အဆိုပြုခံရသူ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားချက်များ။

(ဃ) အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ လျှောက်ထားလာပါက အစီရင်ခံစာကို ပြင်ဆင်တင်ပြနိုင်ရန်အတွက် အချိန်ပိုမိုရရှိစေရန် တရားရုံးသည် ဆိုင်းငံ့ကာလကို တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

(င) မြီစား၏ အဆိုပြုချက်အပေါ် မြီရှင်များမှ လက်ခံစဉ်းစားနိုင်ရေး အခွင့်အလမ်းကို ပေးသင့်ကြောင်း အဆိုပြုခံရသူ၏ အစီရင်ခံစာကို လက်ခံရရှိပြီးနောက် ယင်းအစီရင်ခံစာအပေါ် တရားရုံးမှ ကျေနပ်လျှင် မြီစား၏အဆိုပြုချက်အပေါ် မြီရှင်များက လက်ခံစဉ်းစားနိုင်စေရန်အလို့ငှာ ထိုအမိန့်ကို အချိန်ကာလ အတိုင်းအတာ တစ်ခုအထိ တိုးချဲ့သတ်မှတ်ရန် ညွှန်ကြားနိုင်သည်။

(စ) အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ လျှောက်ထားချက်အရ အောက်ပါ အခြေအနေတစ်ရပ်ရပ် ဖြစ်ပေါ်နေသည်ဟုယူဆလျှင် တရားရုံးသည် ဆိုင်းငံ့မိန့်ကို ရပ်စဲစေနိုင်သည်–

(၁) ပုဒ်မခွဲ (ဂ) ပါ တာဝန်များကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်း၊

(၂) အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် မြီစား၏ အဆိုပြုချက်ကို မြီရှင်များထံ တင်ပြရန် ကျိုးကြောင်းဆီလျော်မှု မရှိခြင်း။

**မြီစား၏အဆိုပြုချက်နှင့်အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာ**

၂၃၅။ (က) ဤအခန်းပါပြဋ္ဌာန်းချက်များအရ မြီစားက အဆိုပြုတင်ပြသော မိမိဆန္ဒအလျောက် အစီအစဉ်တွင် အောက်ပါသတ်မှတ်ချက်များ ပါဝင်ခြင်းမရှိစေရ–

(၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်တစ်ဦး၏ ခွင့်ပြုချက်မရှိဘဲ ၎င်းရရှိထားသော အာမခံပစ္စည်းအပေါ် အတည်ပြုဆောင်ရွက်ခွင့်ကို ထိခိုက်စေသည့် သတ်မှတ်ချက်များ၊

(၂) သက်ဆိုင်သည့်ဦးစားပေးမြီရှင်၏ သဘောတူညီချက်ဖြင့် ပေးချေခြင်းမှအပ အောက်ပါ အကျိုးရလဒ်တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့်ကိစ္စရပ်များ–

(ကက) ဦးစားပေး ကြွေးမြီမဟုတ်သော ကြွေးမြီတစ်ရပ်ကို ဦးစားပေးကြွေးမြီ အစီအစဉ်၌ အခြားနည်းဖြင့် သတ်မှတ်ပေးချေခြင်း၊

(ခခ) ဦးစားပေး မြီရှင်တစ်ဦးကို ကြွေးမြီပေးဆပ်သည့် ပမာဏသည် အခြား ဦးစားပေး မြီရှင်တစ်ဦးအား ကြွေးမြီပေးဆပ်သည့် ပမာဏထက် ပိုမို နည်းပါးသော အချိုးအစားဖြင့် ပေးဆပ်ခြင်း။

(ခ) ပုဒ်မခွဲ (ဂ) အရ အဆိုပြုခံရသူမှ အစီရင်ခံစာကို ပြုစုနိုင်ရန် မြီစားသည် အောက်ပါတို့ကို ပေးအပ်ရမည်–

(၁) မြီစားက ၎င်းအဆိုပြုတင်ပြသည့် မိမိဆန္ဒအလျောက် အစီအစဉ်နှင့် စပ်လျဉ်း၍ အခြေခံအဖြစ် ပြုလုပ်တင်ပြလိုသည့် စာရွက်စာတမ်းများ၊

(၂) လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများအရ သတ်မှတ်ဆင့်ဆိုထားသည့် အချက်အလက်များ ပါဝင်သော မြီစား၏ လုပ်ငန်းကိစ္စဆိုင်ရာ ထုတ်ဖော်ကြေညာချက်၊

(၃) ဤပုဒ်မအရ တင်ပြသော စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ ကျိုးကြောင်းဆီလျော်စွာ ပြုလုပ်သော မေးမြန်းချက်များ အပေါ် ရှင်းလင်းဖြေကြားချက်များ။

(ဂ) မြီစားသည် လူမွဲခံရန်လျှောက်ထားနိုင်သည့် အရည်အချင်း ပြည့်စုံကြောင်း အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူမှ ယူဆလျှင် ပုဒ်မခွဲ (ခ) အရ စာရွက်စာတမ်းများ ရရှိပြီးနောက် ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်ခွင့်ပြုသည့် အချိန်ကာလအတွင်း ၎င်း၏အစီရင်ခံစာနှင့်အတူ မိမိသဘော အစီအစဉ်နှင့်စပ်လျဉ်း၍ အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက အထက်ပါပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော စာရွက်စာတမ်းများနှင့် ကြေညာချက်များ၏ မိတ္တူများကို မြီရှင်များထံသို့ ပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရေးသားပို့သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာတွင် အောက်ပါအချက်အလက်များ ပါရှိရမည်–

(၁) မြီစားက ဆန္ဒအလျောက်တင်ပြလာသော အဆိုပြုလွှာပါအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာရှိကြောင်း မိမိ၏ထင်မြင်ယူဆချက်၊

(၂) မြီစား၏ ငွေရေးကြေးရေးအခြေအနေကို ထည့်သွင်းစဉ်းစား၍ မြီစား၏ ဆန္ဒအလျောက် တင်ပြလာသောအဆိုပြုလွှာကို ခွင့်ပြုခြင်းသည် မြီစားအား လူမွဲခံစေသည့် အမိန့် ချမှတ်ခြင်းထက် မြီရှင်များအတွက် ကြွေးမြီပြန်လည်ရရှိရန် ပိုမိုကောင်းမွန်သော အလားအလာရှိကြောင်း မိမိ၏ ထင်မြင်ယူဆချက်။

(င) အဆိုပြုခံရသူမှ လျှောက်ထားပါက ဤပုဒ်မနှင့်အညီ အစီရင်ခံစာကို တင်သွင်းရန် သတ်မှတ်ထားသောနေ့ရက်အား တရားရုံးက တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

**မြီရှင်များအစည်းအဝေးကျင်းပရန် ဆင့်ခေါ်ခြင်း**

၂၃၆။ (က) တရားရုံးမှ အခြားနည်းဖြင့် ညွှန်ကြားထားခြင်းမရှိလျှင် အဆိုပြုခံရသူ၏ အစီရင်ခံစာတွင် မြီရှင်များအစည်းအဝေး ကျင်းပမည့်နေ့ရက်၊ အချိန်နှင့်နေရာများကိုဖော်ပြ၍ ခေါ်ယူကျင်းပရမည်။

(ခ) အဆိုပြုခံရသူက လိပ်စာသိရှိသည့် မြီရှင်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်ရန် အကြောင်းကြားစာပေးပို့ ဖိတ်ကြားရမည်။

**မြီရှင်များအစည်းအဝေး ဆုံးဖြတ်ချက်များ**

၂၃၇။ (က) ပုဒ်မ ၂၃၆ အရ ဆင့်ခေါ်သော မြီရှင်များအစည်းအဝေးတွင် မြီစားမှတင်သွင်းသော အစီအစဉ်ကို သဘောတူခြင်း ရှိ မရှိ ဆုံးဖြတ်ရမည်။

(ခ) တင်ပြသောအစီအစဉ်ကို ထိုအစည်းအဝေးတွင် မြီစား၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ချက်များပြုလုပ်၍ အတည်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်အညီ ပြင်ဆင်ထားသော အစီအစဉ်အပါအဝင် ဤအခန်းအရ မြီစားမှ တင်သွင်းသော အစီအစဉ်အပေါ် ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် မြီရှင်စုစုပေါင်းအရေအတွက်၏ ၅၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အဆိုပါအစီအစဉ်ကို ကန့်ကွက်ခြင်း မရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

**ဆုံးဖြတ်ချက်များကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း**

၂၃၈။ (က) မြီစား၏အစီအစဉ်အပေါ် မြီရှင်များက ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အဆိုပြုခံရသူသည် ဆုံးဖြတ်ချက်ကို –

(၁) ၎င်းမှ လိပ်စာသိရှိသော မြီရှင်များအားလုံးထံသို့ အသိပေးအကြောင်းကြားရမည်၊

(၂) တရားရုံးသို့လည်း အစီရင်ခံတင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပါ အစီရင်ခံစာသည် မြီစား၏ အစီအစဉ်ကို အတည်မပြုကြောင်း အစီရင်ခံစာဖြစ်လျှင် တရားရုံးသည် မြီစားနှင့်စပ်လျဉ်း၍ ထုတ်ဆင့်ထားသော ဆိုင်းငံ့မိန့်ကို ပယ်ဖျက်နိုင်သည်။

**အတည်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၃၉။ (က) မြီရှင်များက ပြင်ဆင်ချက်ဖြင့်ဖြစ်စေ ပြင်ဆင်ချက်မပါဘဲဖြစ်စေ မိမိဆန္ဒအလျောက် အစီအစဉ်ကို အတည်ပြုလျှင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) အတည်ပြုထားသောအစီအစဉ်သည် အောက်ပါပုဂ္ဂိုလ်များ အပေါ် စည်းနှောင်အား ရှိစေရမည်–

(၁) ယင်းအစည်းအဝေးအား ကျင်းပခဲ့ခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ထိုသို့ ကျင်းပခဲ့ပါက ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှတစ်ဆင့် တက်ရောက်ခဲ့ပါက ဆင့်ခေါ်သော အစည်းအဝေးတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး၊

(၂) ၎င်းသည် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိခဲ့လျှင် တက်ရောက်ခွင့်ရရှိမည့်သူ။

(ဂ) အစီအစဉ်သည် အကျိုးသက်ရောက်မှု ရပ်စဲသည့်အခါ ပုဒ်မခွဲ (ခ) အရ ဖော်ပြထားသူထံသို့ အစီအစဉ်အရ ပေးချေရမည့်ကြွေးမြီကို ပေးချေခြင်းမပြုရသေးသည်သာမက ထိုသို့ရပ်စဲသွားမှုသည် အချိန်မစေ့မီ ပြီးဆုံးခြင်းမဟုတ်လျှင် မြီစားသည် အစီအစဉ်အရ ပေးရမည့်ကြွေးမြီကို ယင်းအချိန်မှစတင်၍ ပေးဆပ်ရန်တာဝန် ရှိစေရမည်။

(ဃ) ပုဒ်မ ၂၃၅ အရ မြီရှင်များထံသို့ အဆိုပြုခံရသူက အစီရင်ခံစာကို ပေးပို့ခဲ့သည့် နေ့မှစ၍ ၂၈ ရက် ပြည့်သည့်နေ့ရက်အထိ မြီစားနှင့်ပတ်သက်၍ အတည်ဖြစ်နေသော ဆိုင်းငံ့မိန့်သည် ထိုကာလ ကုန်ဆုံးသည့်နေ့ရက်မှစတင်၍ အကျိုးသက်ရောက်မှု ရပ်စဲစေရမည်။

**မိမိဆန္ဒအလျောက် အစီအစဉ်ကို အတည်ပြုသည့် ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်တင်ပြခြင်း**

၂၄၀။ (က) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်အရ ပုဒ်မခွဲ (ခ) ပါ ပုဂ္ဂိုလ်များအနက်မှ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများက တရားရုံးသို့ လျှောက်ထားနိုင်သည်–

(၁) ဤအခန်းနှင့်အညီ မြီရှင်များ၏ သဘောတူညီချက်ကို ရရှိထားသည့် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ခုသည် မြီရှင်တစ်ဦးဦး၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊

(၂) ထိုအစီအစဉ်ကို မြီရှင်များက စဉ်းစားဆုံးဖြတ်ခြင်း၊ သဘောတူညီချက် ရယူခြင်းပြုရာတွင် ကြီးစွာသော နည်းလမ်းမကျမှုရှိခဲ့ခြင်း၊

(၃) မြီစားသည် ကြွေးမြီမပေးဆပ်နိုင်သူ မဟုတ်ခြင်း။

(ခ) ဤပုဒ်မအရ အောက်ဖော်ပြပါတစ်ဦးဦးမှ လျှောက်ထားနိုင်သည်–

(၁) မြီရှင်၊

(၂) မြီစားကိုယ်တိုင်၊

(၃) အဆိုပြုခံရသူ။

(ဂ) ပုဒ်မ ၂၃၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အစီရင်ခံစာအား တရားရုံးသို့ တင်ပြသည့်နေ့မှ ၂၈ ရက် ကျော်လွန်သည့်အခါ သို့မဟုတ် ထိုပုဒ်မ၏ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကို မရရှိခဲ့သည့်ကိစ္စ၌ စတင်သိရှိသည့်နေ့မှ ၂၈ ရက် ကျော်လွန်သည့်အခါ ဤပုဒ်မအရ လျှောက်ထားခွင့် မရှိစေရ။

(ဃ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် လျှောက်ထားချက်အပေါ် တရားရုံးမှ ကျေနပ်လျှင် အောက်ပါအရေးယူဆောင်ရွက်မှုများ အနက်မှ တစ်ရပ်ရပ်ကိုဖြစ်စေ အားလုံးကိုဖြစ်စေ ချမှတ်နိုင်သည်–

(၁) မြီရှင်များ၏အတည်ပြုချက်အား ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း၊

(၂) တင်ပြခဲ့သော မူလအဆိုပြုချက် သို့မဟုတ် ပြင်ဆင်အဆိုပြုချက် တစ်ရပ်ကို ပြန်လည် စိစစ်သုံးသပ်နိုင်ရေးအတွက် မြီရှင်များ အစည်းအဝေးကို ထပ်မံခေါ်ယူကျင်းပရန် တစ်စုံတစ်ယောက်အား ညွှန်ကြားခြင်း။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

( င ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားပြီးနောက် မည်သည့်အချိန်တွင်မဆို မြီစားအနေဖြင့် ပြင်ဆင်အဆိုပြုချက်ကို တင်ပြရန် ရည်ရွယ်ချက်မရှိကြောင်း တရားရုံးက ထင်မြင်ယူဆလျှင် တရားရုံးသည် မြီရှင်များမှ အတည်ပြုခဲ့သော သဘောတူညီချက်များကို ပြန်လည်ရုပ်သိမ်းစေရန် သို့မဟုတ် ရပ်ဆိုင်းစေရန် အမိန့်ချမှတ်နိုင်သည်။

( စ ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားသည့် အမိန့်ချမှတ်ရာတွင် ထိုမြီစားနှင့် ပတ်သက်၍ ချမှတ်ခဲ့သော ဆိုင်းငံ့မိန့်ကို သတ်မှတ်သည့်ကာလ အတိုင်းအတာအထိ ဆက်လက်အကျိုးသက်ရောက်စေရန် အမိန့် သို့မဟုတ် ဆိုင်းငံ့မိန့်အသစ် တစ်ရပ်ကို ထည့်သွင်းချမှတ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၂) နှင့်အညီ အမိန့်ချမှတ်ခြင်း သို့မဟုတ် ပုဒ်မခွဲ (ဃ) ပုဒ်မခွဲငယ် (၁) အရဖြစ်စေ ပုဒ်မခွဲ (င) အရဖြစ်စေ မြီရှင်များ၏ ယခင် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း ပြုလုပ်ရာတွင် တရားရုံးသည် အောက်ပါဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် နောက်ဆက်တွဲညွှန်ကြားသည့်အမိန့်များ ချမှတ်နိုင်သည်–

(၁) မြီရှင်များက အတည်ပြုထားသည့် အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၊

(၂) ထိုကိစ္စရပ်များကိုဆောင်ရွက်စဉ်က မြီစားနှင့်စပ်လျဉ်း၍ ဆိုင်းငံ့မိန့် အတည်ဖြစ်နေခဲ့မည်ဆိုပါက ဆောင်ရွက်နိုင်ခဲ့မည်မဟုတ်သော ကိစ္စရပ်များအပေါ် ဆောင်ရွက်ချက်များ။

( ဇ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး ထိုသဘောတူညီချက်ရရှိရန် ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ နည်းလမ်းမကျမှုတစ်ရပ်ရပ်ကြောင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မြီရှင်များကပေးခဲ့သော အတည်ပြုချက်သည် ပျက်ပြယ်ခြင်း မရှိစေရ။

**မမှန်မကန် တင်ပြခြင်း**

၂၄၁။(က) မြီစားသည် အစီအစဉ်အပေါ် မြီရှင်များ၏ သဘောတူညီချက် ရရှိရန်အတွက် အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် ဤပုဒ်မပါ ပြစ်မှုကို ကျူးလွန်ရာရောက်သည် –

(၁) မမှန်မကန် တင်ပြခြင်း၊

(၂) လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

( ခ ) မြီစား၏အဆိုပြုချက်ကို မြီရှင်များမှ အတည်ပြုခဲ့ခြင်း မရှိသော်လည်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် မြီစားအပေါ် အကျိုးသက်ရောက်စေရမည်။

( ဂ ) မြီစားသည် ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၎င်းအား ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**တာဝန်ပျက်ကွက်သော မြီစားအား တရားစွဲဆိုခြင်း**

၂၄၂။ (က) အစီအစဉ်ကို မြီရှင်များက အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

( ခ ) အစီအစဉ်နှင့်စပ်လျဉ်း၍ မြီစားသည် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်ဟု တွေ့ရှိရလျှင် အဆိုပြုခံရသူ သို့မဟုတ် ကြီးကြပ်သူသည် အောက်ပါအတိုင်း ချက်ချင်းအရေးယူဆောင်ရွက်ရမည်–

(၁) မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတိုင်ကြားခြင်း၊

(၂) လိုအပ်သည့် အချက်အလက်များနှင့် စာရွက်စာတမ်း အထောက်အထားများကို မှတ်ပုံတင်အရာရှိထံ ပေးအပ်ခြင်းနှင့် လိုအပ်သလို အထောက်အကူပြု ဆောင်ရွက်ပေးခြင်း၊

(၃) လိုအပ်သော အခြားအကူအညီများကိုပေးခြင်း။

**အစီအစဉ်များ သတ်မှတ်ကာလမတိုင်မီ ပြီးဆုံးခြင်း**

၂၄၃။ ဤအခန်းပါပြဋ္ဌာန်းချက်များအလို့ငှာ မြီရှင်များက အတည်ပြုခဲ့သည့် အစီအစဉ်တစ်ရပ်သည် ပုဒ်မ ၂၃၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) နှင့်အညီ တာဝန်ရှိသူများအားလုံးနှင့်ပတ်သက်၍ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးမီ အကျိုးသက်ရောက်မှု ရပ်စဲသွားသည့်အခါ ယင်း အစီအစဉ်သည် သတ်မှတ်ကာလမတိုင်မီ ပြီးဆုံးသွားသည်ဟု မှတ်ယူရမည်။

**အတည်ပြုထားသည့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း**

၂၄၄။ (က) အစီအစဉ်ကို မြီရှင်များက ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် အညီ အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

( ခ ) အစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအား လက်ရှိထမ်းဆောင်နေသော အဆိုပြုခံရသူအား အစီအစဉ်ကြီးကြပ်သူဟု ခေါ်တွင်စေရမည်။

( ဂ ) မြီစားကိုယ်တိုင်ဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးဦးကဖြစ်စေ အစီအစဉ်ကြီးကြပ်သူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်–

(၁) အစီအစဉ်ကြီးကြပ်သူ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊

(၂) အစီအစဉ်ကြီးကြပ်သူအား ညွှန်ကြားခြင်း၊

(၃) သင့်လျော်သည်ဟု ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

(ဃ) အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အရ ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

( င ) တရားရုံးသည် အောက်ပါအခြေအနေများတွင် အစီအစဉ်ကြီးကြပ်သူ၏နေရာတွင် အစားထိုးခန့်ထားရန် သို့မဟုတ် လစ်လပ်နေသော အစီအစဉ်ကြီးကြပ်သူနေရာတွင် ခန့်ထားရန် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသူအား မည်သည့်အချိန်တွင်မဆို အမိန့်ထုတ်ပြန်၍ ခန့်ထားနိုင်သည် –

(၁) အစီအစဉ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြားတစ်ဦးကို ခန့်ထားရန်သင့်လျော်ခြင်း၊

(၂) တရားရုံး၏ အကူအညီရယူခြင်းမပြုဘဲ ထိုသို့ခန့်ထားမှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် မသင့်လျော်သည့်အခါ သို့မဟုတ် အခက်အခဲရှိသည့်အခါ သို့မဟုတ် လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်ခြင်း။

( စ ) အစီအစဉ်ကြီးကြပ်သူ၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်သူ အရေအတွက်ကို တိုးမြှင့်ရန် သို့မဟုတ် ထိုသို့သောလုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်နေသူ တစ်ဦးထက်မကရှိသည့် အနေအထား၌ ထိုသူများအနက်မှ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို အစားထိုးခန့်အပ်ရန်အတွက် တရားရုံးသည် ပုဒ်မခွဲ (င) တွင် အပ်နှင်းထားသောအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း(၂)**

**တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းဆိုင်ရာမှုခင်းများ**

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာ တင်သွင်းခွင့်ရှိသူ**

၂၄၅။ (က) အောက်ပါပုဂ္ဂိုလ်များသည် သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားနိုင်သည်–

(၁) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များ၊

(၂) မြီစားကိုယ်တိုင်။

( ခ ) ပုဒ်မခွဲ (က) အရ ဖော်ပြထားသူတစ်ဦးဦးမှ လျှောက်ထားလာသည့်အခါ တရားရုံးသည် မြီစားအား လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်နိုင်သည်။

**မြီစားဖြစ်သူနှင့်ပတ်သက်၍ လိုအပ်ချက်**

၂၄၆။ (က) ပုဒ်မ ၂၄၅ နှင့်အညီ လျှောက်ထားရာတွင် မြီစားသည် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး ဖြစ်ရမည် –

(၁) နိုင်ငံတော်အတွင်း၌ တရားဝင်နေထိုင်သူ၊

(၂) ဤပုဒ်မအရ လျှောက်လွှာတင်သွင်းသည့်နေ့တွင် နိုင်ငံတော်အတွင်း၌ ရှိနေသူ၊

(၃) လျှောက်လွှာတင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံတော်အတွင်း၌ ပုံမှန်နေထိုင်သူ သို့မဟုတ် နေရပ်လိပ်စာရှိသူ သို့မဟုတ် နိုင်ငံတော်အတွင်း၌ စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသူ။

( ခ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူဆိုသည့် စကားရပ်တွင် အောက်ပါကိစ္စတစ်ရပ်ရပ်အား လုပ်ကိုင်နေသူလည်း ပါဝင်စေရမည်–

(၁) အစုစပ် သို့မဟုတ် စီးပွားရေး လုပ်ငန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ကိုင်နေသူ၊

(၂) ထိုအစုစပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်အတွက် အေးဂျင့် သို့မဟုတ် မန်နေဂျာအဖြစ် လုပ်ကိုင်နေသူ။

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာနှင့်စပ်လျဉ်း၍ အခြားသတ်မှတ်ချက်များ**

၂၄၇။ (က) လျှောက်လွှာကို တရားရုံး၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ရုပ်သိမ်းခြင်းမပြုရ။

( ခ ) လျှောက်လွှာမှာ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများကို ဆန့်ကျင်နေကြောင်း သို့မဟုတ် အခြားသင့်လျော်သည့် အကြောင်းတစ်ရပ်ရပ်ရှိနေကြောင်း တွေ့ရှိရပြီး သင့်လျော်သည်ဟုလည်း ထင်မြင်လျှင် တရားရုံးသည် အဆိုပါလျှောက်လွှာကို ပလပ်ခြင်း သို့မဟုတ် ထိုလျှောက်လွှာအရ စွဲဆိုထားမှုကို ဆိုင်းငံ့ခြင်းပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ဆိုင်းငံ့မိန့်ချမှတ်ရာတွင် သင့်လျော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များကို ထည့်သွင်းသတ်မှတ်နိုင်သည်။

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် မြီရှင်များ၏လျှောက်လွှာ မြီရှင်များမှ လျှောက်ထားရန် အကြောင်းအချက်များ**

၂၄၈။ (က) ပုဒ်မ ၂၄၅ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ မြီရှင်တစ်ဦးက တင်သွင်းသော လျှောက်လွှာသည် မြီစားက ပေးဆပ်ရန်တင်ရှိနေသည့် တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော ကြွေးမြီများနှင့် သက်ဆိုင်စေရမည့်အပြင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များသည် မြီစားအပေါ် တင်ရှိနေသော တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော ကြွေးမြီကိုရရန်ရှိသူဖြစ်ရမည်။

( ခ ) မြီရှင်တစ်ဦးက တင်သွင်းသော လျှောက်လွှာတွင် ဖော်ပြတောင်းဆိုသော ကြွေးမြီတစ်ရပ်သည် လျှောက်ထားချိန်၌ အောက်ပါအခြေအနေများနှင့် ကိုက်ညီမှသာ တရားရုံးသို့ လျှောက်ထားနိုင်သည်–

(၁) ကြွေးမြီတစ်ရပ်၏ပမာဏ သို့မဟုတ် ကြွေးမြီများ၏ စုစုပေါင်းပမာဏသည် နည်းဥပဒေများတွင် ဖော်ပြသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ကျော်လွန်သော ပမာဏရှိခြင်း၊

(၂) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် လျှောက်ထားသည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များအား ချက်ချင်း သို့မဟုတ် သေချာသော အနာဂတ် အချိန်ကာလတစ်ခု၌ ပေးချေရမည့် စာရင်းရှင်းလင်းထားပြီးဖြစ်သော ကြွေးမြီပမာဏ တစ်ရပ်အတွက်ဖြစ်ခြင်း၊

(၃) ကြွေးမြီသည် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီ သို့မဟုတ် ပုဒ်မ ၂၅၁ နှင့် သက်ဆိုင်ခြင်းမရှိသည့် ကြွေးမြီဖြစ်ခြင်း၊

(၄) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် မြီစားက ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသော ကြွေးမြီ သို့မဟုတ် ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်ခြင်း၊

(၅) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီနှင့်စပ်လျဉ်း၍ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း ပုဒ်မ ၂၅၀ အရ ပေးပို့ထားသော အကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုမရှိခြင်း။

( ဂ ) လျှောက်ထားချိန်၌ မြီစားသည် အောက်ဖော်ပြပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာကို မြီရှင်က တရားရုံးသို့ တင်သွင်းနိုင်သည်–

(၁) အပိုင်း (၆) ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်တာဝန်များ၊

(၂) အပိုင်း (၈)၊ အခန်း (၁) ပါ မိမိဆန္ဒအလျောက်အစီအစဉ်အရ ဆောင်ရွက်ရန် တာဝန်များ။

**ကြွေးမြီပေးဆပ်နိုင်သည့် အရည်အချင်းမရှိခြင်း၏အဓိပ္ပာယ်**

၂၄၉။ (က) ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ချက်ချင်းပေးချေရမည့် ကြွေးမြီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် အကျုံးဝင်လျှင် မြီစားသည် ထိုကြွေးမြီကို ပြန်လည်ပေးနိုင်သည့် အရည်အချင်းမရှိဟု မှတ်ယူရမည်–

(၁) ပုဒ်မ ၂၅၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာပေးပို့သည့်နေ့မှ အနည်းဆုံး ၂၁ ရက် ကုန်လွန်ပြီးသော်လည်း ထိုအကြောင်းကြားစာကို ထိုမြီစားမှ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အပြင် ယင်းအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်းလည်း မရှိခြင်း၊

(၂) ကြွေးမြီနှင့်စပ်လျဉ်း၍ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များကိုအသာပေးခဲ့သည့် တရားရုံး၏ အမိန့် သို့မဟုတ် စီရင်ချက်အရ ဥပဒေနှင့်အညီ အတည်ပြုရာတွင် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အတည်ပြုဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြလာခြင်း။

( ခ ) ကြွေးမြီ ရရန်ရှိသော လျှောက်ထားသူမြီရှင်က မြီစားအပေါ် ပုဒ်မ ၂၅၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို ပေးပို့သည့်နေ့မှ အနည်းဆုံး ၂၁ ရက် ကုန်လွန်ပြီးဖြစ်သော်လည်း ထိုအကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အပြင် ယင်းအကြောင်းကြားစာသည် ပယ်ဖျက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်အလို့ငှာ ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်း ဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်သည်ဟု မှတ်ယူရမည်။

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း အကြောင်းကြားစာ**

၂၅၀။ (က) အကြောင်းကြားစာတွင် မြီရှင်က အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ကို နည်းဥပဒေများတွင် သတ်မှတ်ထားသောပုံစံဖြင့် ရေးသားပေးပို့နိုင်သည်–

(၁) အကြောင်းကြားစာ ပေးပို့သည့်နေ့မှစ၍ ၂၁ ရက်အတွင်း မြီရှင် ကျေနပ်စေရန်အတွက် ကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် အာမခံချက်ပေးရန် သို့မဟုတ် ညှိနှိုင်းရန်ဖြစ်ခြင်း၊

(၂) ပေးဆပ်ရန် အချိန်စေ့ရောက်သည့်အခါ ကြွေးမြီကို ပေးဆပ်ရန် ကျိုးကြောင်း ဆီလျော်သည့် အလားအလာရှိကြောင်းကို မြီရှင်အားကျေနပ်အောင် ဆောင်ရွက်ပေးရန်ဖြစ်ခြင်း။

*ဆက်လက်ဖော်ပြပါမည်*



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**ဇလွန် မတ် ၃**

ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ၁၃၈၁ ခုနှစ် ဗုဒ္ဓပူဇနိယ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မာရ်အောင်မြင်ပြည်တော် ပြန် မြတ်စွာဘုရားကြီး၏ မြောက်ဘက်စောင်းတန်း မုခ်ဦးရှေ့၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဗုဒ္ဓပူဇနိယပွဲတော် မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာ ဘုရားကြီး၏ ဂန္ဓကုဋီတိုက်အတွင်း ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကာ နာယကဆရာတော်ကြီးထံမှ ဩဝါဒ ကထာနာကြားခဲ့ပြီး ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာ ဘုရားကြီး၏ ၁၃၈၁ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ (ပြန် / ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့နယ်တွင်ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ မတ် ၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ယနေ့ နံနက်ပိုင်း က ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးနှင့်အဖွဲ့က ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နယ်စပ်ဒေသဖွံ့ဖြိုးရေး) ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် တင်ဒါအောင် မြင်သည့် ကုမ္ပဏီများမှ တာဝန်ယူ ဆောင်ရွက်နေသော အမက(နမ့်ဟူး) ကျောင်းအဝင် လမ်းအရှည်ပေ ၁၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပေ ၃၀ ပတ်လည် တန်းစီကွင်း တည် ဆောက်ခြင်းလုပ်ငန်း၊ ဟိုဂျစ်-တောင်လှ မြေသားလမ်းပေါ်ရှိ ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းနှင့် ပေ ၅၀ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုဂျစ်-တောင်လှအရှည်(၁၀/၄)မိုင်အနက် ဖောက်လုပ်ရန် ကျန်ရှိသည့် အရှည် (၅/၄)မိုင် မြေသားလမ်းဖောက်လုပ် ခြင်းလုပ်ငန်း၊ (မူလွန်)ဟိုဂျစ် ကျောင်းအဝင် လမ်းအရှည် ပေ ၁၅၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပေ ၃၀ ပတ်လည်တန်းစီကွင်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အခြေခံပညာဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေ ရင်း ရန်ပုံငွေဖြင့် မူလွန်(ဟိုဂျစ်) ပေ (၉၀ x ၃၀)အာစီ တစ်ထပ် ကျောင်း ဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဟိုဂျစ်-ဟိုဖ-လယ်တော ကျေးရွာချင်း ဆက်လမ်း အရှည်(၉/၀)မိုင် မြေသား လမ်းပေါ်တွင် အရှည်(၄/၀)မိုင် ကျောက်ခင်းလုပ်ငန်း၊ အဆိုပါ လမ်းပေါ်ရှိ ပေ ၄၀ ဘေလီ တစ်လွှာ တစ်ထပ် တံတားတစ်စင်း၊ ပေ ၂၀ ကွန်ကရစ်တံတား နှစ်စင်း၊ ပေ ၃၀ ဘေလီတစ်လွှာ တစ်ထပ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုဂျစ်-ဟိုဖ- လယ်တော အရှည် ကိုးမိုင်အနက် ဖောက်လုပ်ရန်ကျန် သည့် အရှည် (၄/၀) မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ ပန်တိန်း မီးသတ်စခန်း ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ် တည်ဆောက် ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး မိုင်းဖြတ်မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် မတ် ၃**

ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံနှင့် အဖွဲ့သည် ယမန်နေ့က ရှမ်းပြည် နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် အထက (မိုင်းဖြတ်)ကျောင်းနှင့် အထက ( ဟိုနား )ကျောင်းများရှိ နှစ်ထပ် ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ယာပုံ)**



ထို့နောက် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးနှင့်အဖွဲ့ သည် ယင်းနေ့ မွန်းလွဲပိုင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရိုးမ အလင်းတန်းကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေသော အလက (ပါဆန်း) ကျောင်း အာစီနှစ်ထပ်ကျောင်းဆောင် နှင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာန မှ ပြည်ထောင်စုရန်ပုံငွေကျပ် ၆၂ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်နေ သော အရှည် ခြောက်ဖာလုံ၊ အကျယ် (ရေမြောင်းပါ) ၂၂ ပေရှိ ဝမ်ဆာ- ဝမ်လွေ့ရွာချင်းဆက် မြေသားလမ်း နှင့် တံတားဆောင်ရွက်နေမှု အခြေ အနေကို ကြည့်ရှု စစ်ဆေး၍ လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ရှောလမွန်( မိုင်းဖြတ်)**

# ရေဦးမြို့နယ် လက်ပံကွက်ကျေးရွာ၌ ကျေးရွာမီးလင်းရေးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရေဦး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ချောင်းဆုံကျေးရွာအုပ်စု လက်ပံကွက် ကျေးရွာတွင် ယမန်နေ့က ကျေးရွာမီးလင်းရေးဖွင့်ပွဲအခမ်းအနား ကျင်းပ သည်။**(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက အမှာစကားပြောကြားကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဂုဏ်ပြုစကားများပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ၁၀၀ ကေဗွီ ထရမ် စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး)**



# ညောင်တုန်းမြို့၌ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**ညောင်တုန်း မတ် ၃**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် အသက်ရှူ လမ်းကြောင်း ဆိုင်ရာရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက အမှာစကား ပြောကြားသည်။

ထို့နောက် (အဆင့်-၁) မြို့နယ်ကျန်းမာရေးမှူး ဦးလှဦးနှင့် လက်ထောက်ကျန်းမာရေး ဦးစီးမှူး ဦးစိုးမြင့်တို့က ကိုရိုနာဗိုင်းရပ်စ်ရောဂါ အကြောင်း၊ ရောဂါလက္ခဏာများ သံသယရှိဖွယ်တွေ့ရှိပါက ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီ သတင်းပေးပို့နိုင်ရေးနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်ရန် နည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေး ရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး တက်ရောက် လာသူများအား မြို့နယ်ကျန်းမာရေးဦးစီး ဌာန ဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်မှ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝဋ္ဌနိုင် (ညောင်တုန်း)**

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

## မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုနှင့် ဆုများချီးမြှင့်




**ရန်ကုန် မတ် ၃**

မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၂၀ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ Conference Hall တွင် ကျင်းပသည်။ (ယာပုံ)

**တစိုက်မတ်မတ်ဆောင်ရွက်**

ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်လိုသည့်လူငယ်များ၊ ကျောင်းသားများနှင့် စွန့်ဦးတီထွင်လူငယ်များအား ယင်းတို့၏ စွမ်းဆောင်ရည်နှင့် လုပ်ငန်းရပ်တည်နိုင်ရန် ကူညီထောက်ပံ့ပေးသည့် မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် (MYTDP) ကို MPT နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အကောင်းဆုံးဆန်းသစ်တီထွင်မှုနှင့် အတွေးအခေါ်ရှိသော စွန့်ဦးတီထွင်သူ လူငယ်လုပ်ငန်းရှင်များကို ၂၀၁၇ ခုနှစ်မှ စတင်ရှာဖွေမွေးထုတ်ပေးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးနှင့် စွန့်ဦးတီထွင်မှုဖြင့် စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ထွန်းလာရန် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

**နောက်ဆုံးအဆင့်**

မြန်မာပြည်တစ်ဝန်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ စွန့်ဦးတီထွင်လိုသော လူငယ်များကို မြန်မာပြည်အထက်ပိုင်း မန္တလေးမြို့မှ ၁၅ ဖွဲ့နှင့် မြန်မာပြည်အောက်ပိုင်း ရန်ကုန်မြို့မှ ၁၅ ဖွဲ့ကို ဖေဖော်ဝါရီလဆန်းတွင် တိုင်းဒေသကြီးနှစ်ခု၌ ယှဉ်ပြိုင်ခဲ့ရာ ရွေးချယ်ခံရသောမြန်မာပြည်အထက်ပိုင်းမှ ငါးဖွဲ့နှင့် မြန်မာပြည်အောက်ပိုင်းမှ ငါးဖွဲ့အား ဖေဖော်ဝါရီ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ MICT Park ၌ နောက်ဆုံးအဆင့်အဖြစ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ဆုများရရှိ**

ပြိုင်ပွဲတွင်ပထမဆုအဖြစ် Team Aung Myin အဖွဲ့မှ ပညာရေးကဏ္ဍတွင် စီးပွားရေးစီမံခန့်ခွဲမှုနှင့် အခြားဆက်စပ်သင်ခန်းစာများကို အွန်လိုင်းနှင့် အက်ပလီကေးရှင်းမှတစ်ဆင့် သင်ကြားနိုင်မည့် ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ ဒုတိယဆုကို Team Aio အဖွဲ့မှ လူမှုဖျော်ဖြေရေးကဏ္ဍဖြစ်သော ဘောလုံးအားကစားသတင်းအချက်အလက်များကို တစ်နေရာတည်းတွင် သိရှိနိုင်မည့် မိုဘိုင်းအက်ပလီကေးရှင်းဝန်ဆောင်မှုဖြင့်လည်းကောင်း၊ Idea Award ဆုနှစ်ဆုကို Team Archer Solution အဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ကြက်ခြံလုပ်ငန်း၌ ကြုံတွေ့နေရသည့်အခက်အခဲများကို ဖြေရှင်းနိုင်မည့် ဝက်ဘ်ဆိုက်ဝန်ဆောင်မှုနှင့် Luneration အဖွဲ့မှ လူမှုစီးပွားကဏ္ဍဖြစ်သော ဖုဆယ်ဘောလုံးကွင်းများ ကြိုတင်ငှားရမ်းနိုင်မည့် အက်ပလီကေးရှင်းဝန်ဆောင်မှုဖြင့် ဆုများရရှိခဲ့ကြသည်။ ပထမဆုမှာ ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် လက်အောက်ရှိ Kanaung Hub ၏ co-working space တွင် ခြောက်လတာအလုပ်လုပ်နိုင်မည့်ကုမ္ပဏီမှတ်ပုံတင်ဝန်ဆောင်မှုနှင့်အတူ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဆိုင်ရာလှုပ်ရှားမှုများတွင် ပါဝင်နိုင်မည်ဖြစ်ပြီး ဒုတိယဆုအနေဖြင့် ငွေကျပ်သိန်း ၈၀ နှင့် ပထမဆုအခွင့်အလမ်းအတိုင်း ရရှိခဲ့သည်။ Idea Award ဆုနှစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ရရှိကြပြီး ကျန်သောအဖွဲ့ခြောက်ဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ်ရှစ်သိန်းရရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## မင်းလှမြို့၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းသင်တန်းဖွင့်လှစ်

**အထက်မင်းလှ မတ် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်သစ်တောဦးစီးဌာနမှ မြန်မာပြည်သစ်တောများ ပြန်လည်ထူထောင်ရေးအထောက်အကူပြုဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းသင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မင်းလှမြို့ ရုံးရပ်တောင်ရပ်ကွက် လယ်ပြင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်စိုးဦးတို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်က ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်စိုးလင်းက သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်သင်တန်းတွင် ပို့ချပေးမည့်သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း သင်တန်းအမှတ်စဉ် (၂)ကို မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၅၀ အား မတ် ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## ရှမ်းရွာသစ်မြို့၌ စာဖတ်ရှိန်မြှင့်တင်စေရန် ပျော်ရွှင်စရာပြိုင်ပွဲများ ကျင်းပ

**ရှမ်းရွာသစ် မတ် ၃**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်စေရန်၊ အသိပညာဗဟုသုတများရရှိစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ပန်းချီပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့က အနာဂတ်ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ပိုမိုထက်မြက်လာစေရန်၊ ပြိုင်ပွဲ၏စည်းမျဉ်း စည်းကမ်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၄ ဦးနှင့် အရုပ်ဆက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝေမှူ (ပြန်/ဆက်)**

## ဘောအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအစာဈေးကွက်တစ်ခုပေါ်ပေါက်လာရေး လုပ်ဆောင်လျက်ရှိ

**မုံရွာ မတ် ၃**

ဘောအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ဟင်းသီးဟင်းရွက်နှင့် အစားအစာ ဈေးကွက်တစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ဖြစ်ပေါ်လာရေးလုပ်ဆောင်လျက်ရှိကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အမာကြည်က ပြောသည်။

အစားအစာအဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့် (Food safety Market) ဈေးကွက်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒေသခံစိုက်ပျိုးရေး တောင်သူများ ပူးပေါင်းကာ ဖော်ဆောင်သွားမည်ဖြစ်သည်။

“စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းပြီးတော့ အဆိပ်သင့်မှုအနည်းဆုံးနှင့် အာဟာရရှိစေနိုင်မယ့် ဈေးကွက်တစ်ခုဖော်ဆောင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ အခုစိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို ကျေးရွာအရောက် ကွင်းဆင်းပြီးတော့ စည်းရုံးဆောင်ရွက်နေတယ်၊ အခုလုပ်ဆောင်မယ့်အစီအစဉ်မှာ ပါဝင်မယ့်ကျေးရွာတွေက ရေမြေအခြေအနေလည်း ပေးနေတယ်။ ဝင်ငွေရတဲ့ အသီးအနှံတွေ၊ အသီးအရွက်တွေကို စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေလည်း အသင့်ရှိနေတာဖြစ်တဲ့အတွက် လုံခြုံ စိတ်ချမှုဖြစ်စေတဲ့ သွင်းအားစုတွေ၊ ဓာတုပိုးသတ်ဆေးတွေရဲ့ ဓာတ်ကြွင်းတွေ မကျန်အောင်စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်ကိုသာ တင်ပို့ရောင်းချမယ်ဆိုရင် မြို့နဲ့လည်း အလှမ်းမဝေးတဲ့ နေရာလည်းဖြစ်တဲ့အတွက် အခြားကျေးရွာတွေလည်း လိုက်ပါဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အစားအစာအဆိပ်သင့်မှု အနည်းဆုံးနှင့် အာဟာရရရှိစေနိုင်မည့် ဈေးကွက်အဖြစ် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာတွင် ဟင်းသီးဟင်းရွက် ၂၂ မျိုးကို တောင်သူ ၂၅ ဦးမှ ၃၅ ဒသမ ၃၅ ဧက အကျယ်တွင် လည်းကောင်း၊ တောင်သူ ၁၂ ဦးမှ ပဲတီစိမ်းသီးနှံကို ဧက ၅၀ အကျယ်တွင် လည်းကောင်း၊ တောင်သူခုနစ်ဦးမှ ၂၅ ဧကအကျယ်တွင်လည်းကောင်း၊ သရက်သီးနှံကို ၅ ဧကအကျယ်တွင် တောင်သူတစ်ဦးက လည်းကောင်း စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကူးစက်မြန်ရောဂါမဖြစ်ပွားရေး ဂန့်ဂေါ၌ အသိပညာပေးဆွေးနွေး

**ဂန့်ဂေါ မတ် ၃**

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အစီအစဉ်ဖြင့် ကူးစက်မြန်ရောဂါမဖြစ်ပွားရေး အသိပညာပေးဟောပြောပွဲကို မြို့မဈေး ဈေးခေါင်းရုံး၌ ယမန်နေ့က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညဏ်ဦးက ဟောပြောဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြီး တိရစ္ဆာန်များမှ ကူးစက်သောရောဂါများ မဖြစ်ပေါ်စေရေး၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားစာများကို ရှင်းလင်းဟောပြော ဆွေးနွေးသည်။

ထို့နောက် အမှုဆောင်အရာရှိသည် ဈေးခေါင်း ဦးဝင်းနိုင်၊ မြို့မဈေး အကျိုးတော်ဆောင် အဖွဲ့တို့နှင့်အတူ အသားရောင်းရုံတွင် ဝက်၊ အမဲ၊ ကြက် ၊ ငါးရောင်းချသော ဈေးသည်များနှင့် တွေ့ဆုံ၍ တိရစ္ဆာန်မှထွက်ရှိသော အရည်များနှင့် တိုက်ရိုက်မထိတွေ့စေရေး၊ ပါးစပ်နှင့် နှာခေါင်းစည်း၊ ရှေ့ဖုံး အကာအကျီ၊ လက်အိတ်များ ဝတ်ဆင်အသုံးပြုကြရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **၁၄၄**

## မြနန္ဒာကန်တော်ကြီးသောက်ရေကန်ကို သဲစစ်ကန်အတွင်းသဲနုန်းများ ဆယ်ယူတူးဖော်နေ

**ငါ့သရောက် မတ် ၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက် တစ်မြို့နယ်လုံး မှီခိုအားထားရသည့် မြနန္ဒာကန်တော်ကြီး သောက်ရေကန်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သဲစစ်ကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

အဆိုပါ မြနန္ဒာကန်ခေါ်ကန်တော်ကြီးသောက်ရေကန်ကို ငါ့သရောက်မြို့ပေါ်လေးရပ်ကွက်နှင့် ကန်တော်ကြီးအနီးအနားကျေးရွာများက မှီခိုအားထားရသည့် ကန်တော်ကြီးဖြစ်ရာ ကန်တော်ကြီးထဲသို့ စီးဝင်သည့် အဝင်ဝနေရာအား သဲစစ်ကန်ရှိသဲနုန်းများ မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီးနှင့် မြေသယ်ကားနှစ်စီးသဲစစ်ကန်အတွင်းရှိ သဲနုန်းများတူးဖော်ဆောင်ရွက်လျက်ရှိသည်။ သဲနုန်းများကို ကန်တော်ကြီး ပေါင်ပေါ်ထပ်ဆင့်တင်ကာ ကန်ပေါင်ခိုင်ခံ့ပြီး မြေသားမာစေရန် မြေထိုးစက်ဖြင့် ကြိတ်ခြင်း၊ ကန်တော်ကြီးအတွင်းသို့ စီးဝင်သည့် ချောင်းရိုးတစ်လျှောက် ချောင်းရေစီးဆင်းပြီး ရေဝင်ချိန်ကန်ပေါင်အနိမ့်ပိုင်းနေရာများမှ ရေလျှံကာ စီးဆင်းမည့် ချောင်းရိုးတာပေါင်များခိုင်ခံ့စေရန် တူးပြီးနုန်းမြေသားများ ဖြည့်တင်းကာ မြေထိုးစက်ဖြင့် ကြိတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ညောင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်လှိုင်ဝေက ပြောသည်။

အဆိုပါ မြနန္ဒာကန်ခေါ်ကန်တော်ကြီးသောက်ရေကန်သည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ သမီးတော်နှင့် အခြွေအရံများ မိတ္ထီလာကန်တော်ကြီး ဆယ်ယူရာတွင် သွားရောက်ကြိုးကြပ်စစ်ဆေးပြန်လာရာမှ ထိုအရပ်သို့ ရောက်လာပြီး ရေသောက်ရန်ရေဆယ်ရာမှ စတင်ပေါ်ပေါက်လာသည့် ကန်ဖြစ်ကြောင်း၊ ငါ့သရောက်မြို့ ကုန်းမြင့်ပေါ်တွင်ရှိသည့် ရေကန်ဖြစ်ရာ အနော်ရထာမင်းကြီး၏ သမီးတော် ရွှေလောက်စံမင်းသမီး အစပြုဆယ်ယူခဲ့သည့် ကန်တော်ကြီးဖြစ်ကြောင်း ငါ့သရောက်မြို့ စာရေးဆရာ ဗိုလ်ချုပ်မြေမြင့်ဆွေက ပြောကြားသည်။

ကန်တော်ကြီးကန်အား ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ၊ မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ကန် ကော်မတီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ပူးပေါင်းကာ သဲစစ်ကန် နုန်း မြေတူးဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



မြနန္ဒာကန်တော်ကြီးသောက်ရေကန်ကို သဲစစ်ကန်အတွင်းသဲနုန်းများ ဆယ်ယူတူးဖော်နေစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆလုံတိုင်းရင်းသားဦးရေ တဖြည်းဖြည်းနည်းပါးလာ

**မြိတ် မတ် ၃**

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ရှိသော ဆလုံတိုင်းရင်းသားလူမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ခန့်မှ ယခုအချိန်အထိ တဖြည်းဖြည်းနည်းပါးလာနေပြီဖြစ်ကြောင်း ဆလုံအရေးလှုပ်ရှားနေသူများထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ကျော်ခန့် ၁၉၇၆ ခုနှစ်သန်းခေါင်စာရင်းများအရ ဆလုံလူမျိုးလူဦးရေ ၆၀၀၀ ကျော်ခန့်ရှိကြောင်း မှတ်တမ်းများအရသိရပြီး ယခုအချိန်တွင် ဆလုံလူမျိုးဦးရေ ၁၇၀၀ ကျော်ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်နှင့်ကော့သောင်းခရိုင်တို့တွင်ဆလုံလူမျိုးများနေထိုင်သည့်ကျွန်း ၁၀ ကျွန်းရှိပြီး ဆလုံလူဦးရေ ၁၇၀၀ ကျော်တို့သည့် ယင်းကျွန်းများတွင် နေထိုင်ကြသည်။ ဆလုံလူမျိုးများနေထိုင်သည့်ကျွန်း ၁၀ ကျွန်းအနက် ဘုတ်ပြင်းမြို့နယ်ရှိ အလယ်မန်ရွာ၊ ဇာဒက်ကြီးကျွန်းပေါ်ရှိ တလောရွာ၊ ကော့သောင်းမြို့နယ်ရှိမကြံုကလက်နှင့် ကျွန်းစုမြို့နယ်ရှိ ဒုံပုလဲအော်စသည့် ကျေးရွာများတွင်သာ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးခန်းတစ်ခုတည်းသာရှိပြီး ကျန်သည့်ကျွန်းများတွင် ကျန်းမာရေးဆေးခန်းနှင့် သားဖွားဆရာမများမရှိကြောင်း သိရသည်။

ဆလုံလူမျိုးများနေထိုင်သည့် ကျွန်းများတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဆေးရုံ၊ ဆေးပေးခန်းမရှိဘဲ တခြားတစ်နေရာသို့ သွားရောက်ကုသရသဖြင့် အချိန်များစွာပေး နေရသည့်အပြင် လမ်းခရီးခက်ခဲခြင်း၊ ရေလမ်း ခရီးခက်ခဲ ကြမ်းတမ်းခြင်းတို့ကြောင့် မသေသင့်ဘဲ သေနေရသည်ဟု ဆလုံလူမျိုးအရေးလှုပ်ရှားနေသူများက ပြောသည်။



ဆလုံလူမျိုးအများစုတို့ လက်ရှိ အလုပ်အကိုင်အဖြစ် ကျောက်တုံးကျောက်ခဲများကြားမှ ပင်ိုများကောက်ပြီး ရောင်းချကြသည်။ ထို့အပြင် ကင်းမွန်မျှားခြင်း၊ ငါးထိုးခြင်း၊ ငါးလိပ်ကျောက်ထိုးခြင်း စသည့်လုပ်ငန်းများမှာ ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆလုံလူမျိုးများ လုပ်ကိုင်စားသောက်နေသည့်ကျွန်းအချို့ကို လုပ်ငန်းရှင်အချို့နှင့် ကုမ္ပဏီအချို့ ဝင်ရောက်လာပြီးနောက်ပိုင်းမှာ ဆလုံလူမျိုးများ၏ လက်ရှိစားဝတ်နေရေး အခက်အခဲပြဿနာများ ကြုံနေရသည်။

လက်ရှိဆလုံလူမျိုးများ အချို့သည်လည်း ထိုင်းနိုင်ငံဘက်၌ရှိသည် ကျွန်းနှစ်ကျွန်းတွင်သွားရောက်ပြီး နေထိုင်ကြကြောင်း၊ ထိုင်းနိုင်ငံ၌ သွားရောက်နေထိုင်သည့် ဆလုံလူမျိုးရေးလူဦးရေမှာ ရာဂဏန်းခန့်ရှိနေကြောင်း သိရသည်။

ဆလုံလူမျိုးများနေထိုင်သည့်ကျွန်း ၁၀ ကျွန်းမှာ ဒုံပုလဲအော်၊ ဒုံညောင်မှိုင်း၊ ညောင်ဝိ၊ မကြံုကလက်၊ လန်းပိ၊ ဇာဒတ်ကြီး၊ ဂျလန်း၊ လင်းလွန်းကျွန်း(ဆလုံအမည် ပရောဝါး)၊ ကံမော်ကြီးနှင့်လငန်း စသည့်ကျွန်းများတွင် အများဆုံးနေထိုင်၍ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်စားသောက်ကြကြောင်း သိရသည်။

လက်ရှိဆလုံလူမျိုးများ၏ လူငယ်များကြားထဲတွင် မူးယစ်ဆေးဝါးပြဿနာ ဝင်ရောက်လာပြီး လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ခန့်ကလည်း ဆလုံလူမျိုးများကို ဒေသခံစီးပွားရေးသမားများက ဘိန်းဖြူ၊ ဘိန်းမည်းစတင်သယ်ဆောင်၍ ရေထွက်ပစ္စည်း လဲလှယ်မှုရှိခဲ့သလို ယခုအချိန်တွင်လည်း ဆလုံလူမျိုးအကြား မူးယစ်ဆေးဝါး တဖြည်းဖြည်းဝင်ရောက်လာနေကြောင်း သိရသည်။

၎င်းတို့ရွာများမှာလည်း ဆေးကုသရန် ဆေးခန်းမရှိ၊ သားဖွားဆရာမ မရှိသည့်အတွက် ကလေးမီးဖွားမှု၊ အရေးပေါ်တစ်စုံတစ်ခုဖြစ်သည့်အခါ မြိတ်ခရိုင် ဆေးရုံကြီးကို သွားရောက်ဆေးကုသရန်အတွက် အနည်းဆုံး လငန်းကျွန်းဘက်ခြမ်းမှ မြိတ်ကိုရောက်ရန် ၁၃ နာရီခန့် ရေလမ်းခရီးကြမ်းကို ဖြတ်သန်းသွားလာရသည့်အတွက်ကြောင့် လမ်းတွင် သေဆုံးမှုများလည်း ကြုံတွေ့နေရကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# နမ့်ဆန်၌ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နမ့်ဆန် မတ် ၃**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှူး ဦးခင်မောင် နှင့် ကြက်ခြေနီစေတနာလုပ်အားရှင် တပ်ဖွဲ့ဝင်များက ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကာကွယ် ရေးလုပ်ငန်းများ ဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဝေငှခြင်းကို ယမန်နေ့က ဘုရားကြီးကျေးရွာအုပ်စု ဘုရား ကြီးကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင် ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) သည် ယခုအခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကူးစက်ပျံ့နှံ့နေပြီး အဆိုပါရောဂါသည် လူသားများအား အသက်အန္တရာယ်ခြိမ်းခြောက်နေသည့်အတွက် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာလူထုများမှလည်း ရောဂါကြိုတင်ကာကွယ်နိုင်ရေး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်း၊ ကျေးရွာအတွင်းရှိ ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း **(အပေါ်ပုံ)**၊ ပိုစတာများ နေအိမ်များတွင် ကပ်ထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ဂန့်ဂေါတွင် စိုက်ပျိုးရေးနည်းပညာများ ဟောပြော

**ဂန့်ဂေါ မတ် ၃**

ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးနည်းပညာပေး ဟောပြောပွဲကို ယမန်နေ့က ဂန့်ဂေါမြို့နယ် ကန်ကျေးရွာ သာသနာ့မူလဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ဇော်မင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသန့် က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား လိုက်နာကျင့်သုံးခြင်း၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်တင်မာဖြိုးက မြေဆီလွှာများ ပျက်စီးမှုမှ ထိန်းသိမ်းကာကွယ်နည်းများနှင့် သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သွဲ့သွဲ့ညွန့်က မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်နွယ်က သီးနှံဖျက်ပိုးမွှားရောဂါများနှင့် ဖောင်မြှောင်တောင်အကြောင်း သိကောင်းစရာများ၊ ဂန့်ဂေါ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းစနစ်များကို ပညာပေးဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်ဆွေးနွေးကြသော တောင်သူများထံ ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၁၄၄



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒေသခံပြည်သူများအား ထင်းများဖြန့်ဝေပေး

**မြို့သစ် မတ် ၃**

မကွေးခရိုင် မြို့သစ်မြို့နယ် ရေပြည့်အုပ်စု လှေဝန်း ကျေးရွာအနီးရှိ ကာကွယ်တောအတွင်းမှသဘာဝထိန်းသိမ်းခြင်းဧက ၁၀၀၀ ရှိ ထင်းများကို ရေပြည့်ကျေးရွာအုပ်စု လှေဝန်းကျေးရွာ ဒေသခံများအား ယနေ့နံနက်ပိုင်းက ရေပြည့်ကျေးရွာအနီးရှိ သစ်တောစိုက်ကွင်းအတွင်း ထင်းများ ပေးအပ်သည်။ **(အောက်ပုံ)**



အဆိုပါ ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းဆွေ၊ မြို့သစ် မြို့နယ် အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ဦး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာနဦးစီးမှူးနှင့် ရေပြည့်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့က မိမိတို့အပူပိုင်းဒေသရှိ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးနေသော တောပျက်၊ တောညံ့များကိုအချိန်တို ကာလအတွင်း စရိတ်စက အသက်သာဆုံးဖြင့် ရေမြေသဘာဝနှင့် လိုက်လျောညီထွေစွာ တောအဆင့်အတန်း တိုးတက်ကောင်းမွန်လာစေရန် စနစ်တကျ ထိန်းသိမ်းပြုစုပျိုးထောင်ပေးရန် ဆွေးနွေးခဲ့ကြရာ ယခင်နှစ်များထက်နှစ် နှစ်ဆက်တိုက်ထိန်းသိမ်းကာကွယ်ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ငါးနှစ်ဆက်တိုက်ပြောင်းလဲပြီးနှစ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းနှင့် အချိန်ဇယားများသတ်မှတ် ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောများ ပြန်လည်ပြုစုခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းများကို ဦးစားပေးဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ရေပြည့်ကျေးရွာအုပ်စု လှေဝန်းကျေးရွာ ဒေသခံပြည်သူများအတွက် မြို့သစ်မြို့တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိနှင့်သစ်တောဦးစီးမှူးတို့က ထင်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

## လဟယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ထန်ပါခွေ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ထန်ပါခွေမြို့ရုံးနှင့် ကျေးရွာများသို့ နိုင်ငံသားအရည်အချင်းပြည့်မီသည့် ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို သစ္စာစီမံချက်ဖြင့်နယ်လှည့်ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါပြုလုပ်ပေးခြင်းကို နာဂဒေသ လဟယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်အောင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပြီး ထန်ပါခွေမြို့ရုံးပြီးလျှင် တာမောင်၊ မခွါလယ်၊ လန်းနောက်၊ ကျောက်ကယ်၊ ကျွန်းခေါင် စသည့်ကျေးရွာများသို့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စနေမောင်(ခန္တီး)

# စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်တွင် မီးလောင်မှုဖြစ်

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ အောင်စိန်(၂) ချည်မျှင်နှင့် အထည်စက်ရုံတွင် မတ် ၃ ရက် နံနက် ၈ နာရီ ၁၀ မိနစ်ခန့်က တရုတ်နိုင်ငံထုတ် ဝါဂွမ်းများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက စစ်ကိုင်း၊ မန္တလေး တိုင်းဒေသကြီးအတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ် အစီး ၄၀ ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ (ဝဲပုံ) နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ရဲတပ်ဖွဲ့မှူးများရောက်ရှိကာ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြပြီး မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပိုင်ရှင် ဦးစိုင်းမောင်လေးအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရွှေကူမြို့နယ်တွင် သေဆုံးသည့်ဝက်များမှာ PCV-2 ဗိုင်းရပ်စ်ရောဂါဖြစ်ကြောင်း အတည်ပြု

**ရွှေကူ မတ် ၃**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ဝက်များ ရုတ်တရက်သေဆုံးနေခြင်းသည် မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ အတည်ပြုချက်အရ Porcine Circo Virus Type-2 (PCV-2) ဗိုင်းရပ်စ်ရောဂါဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက်က ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၄) ဘောဂဗလရပ်ကွက်နေ ဦးမြင့်ဦး၏နေအိမ်တွင် မွေးမြူထားသည့် ဝက်ခုနစ်ကောင် နေမကောင်းဖြစ်ရာမှ နှစ်ကောင်သေဆုံးသွားသဖြင့် ရွှေကူမြို့နယ် တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာဆန်းဝင်းက သွားရောက်စစ်ဆေးပြီး ဝက်၏သွေးနှင့် အတွင်းကလီစာများအား မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ PCV-2 ဗိုင်းရပ်စ်ရောဂါဖြစ်သည်ဟု အတည်ပြုပြန်ကြားစာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရောဂါဖြစ်ပွားနေသည့် ဝက်များအား တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာဆန်းဝင်းက ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃ ရက်အထိ ရွှေကူမြို့ အပါအဝင် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးကာ ဆေးကုသခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရွှေကူမြို့နယ်အတွင်း မွေးမြူထားသည့် ဝက်ကောင်ရေမှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စာရင်းအရ စုစုပေါင်း အကောင်ရေ ၁၃၃၃၀၊ ရောဂါပိုးကြောင့် သေဆုံးသည့်ဝက် အကောင် ၂၀၊ ကာကွယ်ဆေးထိုးပေးထားသည့်ဝက် ၆၀၃ ကောင်ရှိကြောင်းနှင့် PCV-2 ဗိုင်းရပ်စ်ကူးစက်မှုရောဂါကို လတ်တလောတွင် ထိန်းချုပ်ထားနိုင်ပြီး ဝက်နားရွက်ပြာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ PCV-2 ဗိုင်းရပ်စ်ကူးစက်မှုရောဂါ မဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ဝက်မွေးမြူသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလားတူ ဖေဖော်ဝါရီ ၂၉ ရက်ကလည်း မိုးမောက်မြို့နယ်အတွင်း အိမ်မွေးဝက်ကောင်ရေ ၂၀၀ နီးပါး ရုတ်တရက်သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## တရားမဝင်စားသောက်ကုန်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၅၉ စီး၊ သွင်းကုန် အစီး ၁၇၁၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၀၀၅ သန်းတန်ဖိုးရှိ စားသောက်ကုန်များကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် ညနေ ၅ နာရီခွဲက မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ဦးဥတ္တမလမ်းတွင် ရပ်တန့်ထားသော ဟိုင်းလပ်အမျိုးအစား မော်တော်ယာဉ်ပေါ်သို့ ဆော်ဒူလာမိန်က ဆာလာအိတ်များ တင်ဆောင်နေသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အဆိုပါအိတ်များအတွင်းမှ ငွေကျပ်သိန်း ၉၈၈၁၉ ဒသမ ၂ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၄၀၉၆၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် နမ့်လန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု မြောက်ပိုင်းကျေးရွာနေ အိုက်သန်းလေး(ခ)ဆန်းထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ နှင့် ငွေကျပ် ၁၅၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ မတ် ၁ ရက် ညနေ ၄ နာရီက တပ်မတော်မှ မိုင်းနောင်မြို့နယ် ပန်ကိုင်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွဲကား သုံးစီးအား ရှာဖွေရာ ယင်းတွဲကားများပေါ်မှ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၁၉၂၀၀၊ အက်စီတုန်း လီတာ ၂၅၆၀၀၊ အီသိုင်းအက်စီတိတ် လီတာ ၂၅၆၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သုဝဏ္ဏဝတီမြို့၌ မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**သုဝဏ္ဏဝတီ မတ် ၃**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် လမ်းမတန်း အဝေးပြေးကားလမ်းပေါ်၌ မတ် ၃ ရက် မွန်းတည့် ၁၂ နာရီ ခန့်က ကားနှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ၍ လူတစ်ဦးသေဆုံးသွားပြီး မော်တော်ယာဉ်မောင်းနှင်သူ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ မောင်းနှင်လာသော ခြောက်ဘီးယာဉ်နှင့် မျက်နှာချင်းဆိုင်မှ အမျိုးသားတစ်ဦး(အသက် ၃၀ နှစ်ခန့်၊ နေရပ်လိပ်စာစုံစမ်းဆဲ) မောင်းနှင်လာသည့် နံပါတ်မပါဆိုင်ကယ်တို့ လမ်းမတန်း အဝေးပြေးကားလမ်းပေါ်၌ တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မော်တော်ယာဉ် ယာဉ်မောင်းမှာ ယာဉ်အား ရပ်တန့်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးသူယာဉ်မောင်းအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် သေဆုံးသွားသူ၏ နေရပ်လိပ်စာကို ရှာဖွေစုံစမ်းနေကြောင်း သိမ်ဆိပ်နယ်မြေရဲစခန်းမှ သိရသည်။

**ခွန် (ဝင်းပ)**

## မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၉:၁၅ – စိုက်ပျိုးရေးရာအဖြာရှာ "မြနဒီဥယျာဉ်ခြံမှ GAP သရက်"
- ၁၁:၀၀ – "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ"
- ၁၃:၁၀ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၃:၄၅ – (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်) "ရာဟုလာအမွေတောင်းခန်း" (ပထမဆု) (ဦးသန်းစိန်) (စစ်ကိုင်းတိုင်းဒေသကြီး)
- ၁၅:၁၀ – "ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ်စကားဝိုင်း"

**ညပိုင်း**

- ၁၆:၂၅ – "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (သမိုင်းဘာသာရပ်)
- ၁၈:၃၀ – "ဗဟုသုတများစွာရှာမှီးရာ တတ်သိပညာရှင်များ မွေးထုတ်ပေးရာ အမျိုးသားစာကြည့်တိုက်မှာ"
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ "တိုင်းပြည်တစ်ခွင် လမ်းတံတားတွေ ကွန်ရက်ဖြန့်လို့ ဘယ်ကိုနှင်နှင် ခရီးတွင်စေ" (သန်လျင် သီလဝါလမ်းမကြီး)
- – မြန်မာ့ရုပ်ရှင် ရာပြည့်ဂုဏ်ပြုရုပ်ရှင်"ဆေးရောင်စုံရုပ်ရှင်" "ဆန်ရေ" (ညွှန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) ဒါရိုက်တာ-ကြည်စိုးထွန်း




## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များ လစဉ် ကျသင့်ခွန် ပေးဆောင်ခြင်းနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ခြင်း

၁။ တည်ဆဲကုန်သွယ်လုပ်ငန်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) အရ မည်သူမဆို နှစ်တစ်နှစ်အတွင်းအခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါ သည်။

၂။ တည်ဆဲအထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၈ အရ အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် ရောင်းချ သည့်လ၏ လကုန်ဆုံးပြီး (၁၀)ရက်အတွင်း ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် အထူးကုန် စည်များဖြစ်ပါက ထုတ်လုပ်သည့်လ၏ ကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက တင်ပို့သည့်လ၏ လကုန်ဆုံးပြီး (၁၀) ရက်အတွင်း အထူးကုန်စည်ခွန်ကို ပေးဆောင်ရပါမည်။

၃။ တည်ဆဲအခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ)အရ မည်သူမဆို အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ အဆိုပါအရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀ရာခိုင်နှုန်းနှင့်ညီမျှသည့် ပမာဏကို နောက်ကျပေးသွင်းမှုအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် လစဉ်ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန် (သို့မဟုတ်) အထူးကုန်စည်ခွန်တို့ကိုသတ်မှတ်ရက်အတွင်း ပေးသွင်းကြပါရန် နှိုးဆော်ပန်ကြားအပ်ပါ သည်။

၅။ မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(နေပြည်တော်)ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)အမှတ်(၅၉/၆၁)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂x၂၃လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုံ(မင်းထွဋ်)**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender )ခေါ်ယူခြင်း

၁။ ၂၀၂၀ -၂၀၂၁ ပညာသင်နှစ် စတုတ္ထတန်း သင်ရိုးသစ်(Grade-4)သင်ကြားရာ၌ အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများအား ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ခရိုင်ပညာရေးမှူးရုံးများသို့ အရောက်ပေးပို့ရန်ရှိပါသဖြင့် နိုင်ငံသားပိုင်လုပ်ငန်းမှတ် ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် ပုံစံများကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ် မတ် ၆ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက် ၁၃:၀၀နာရီတွင် ရုံးအမှတ် (၁၃) ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၌သင်ရိုးသစ် (Grade-4) သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပွဲများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ တင်ဒါနှင့်ပတ်သက်သော အချက်အလက်များကို တင်ဒါမတင်သွင်းမီ ရှင်းလင်းပွဲနေ့၌သာ မေးမြန်းနိုင်ပါသည်။ တင်ဒါမတင်သွင်းမီ ရှင်းလင်းပွဲနေ့၌ တင်ဒါဆိုင်ရာမေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ပြီး နောက်ပိုင်းရက်များတွင် လူကိုယ်တိုင်လာရောက်မေးမြန်းခြင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းများကို ဖြေကြားပေးမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂ ရက် နံနက် ၁၁ နာရီ နောက်ဆုံးထား၍ရုံးအမှတ် (၁၃) ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်တွင် တင်သွင်းရပါမည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂ရက် ၁၃:၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများအား ဖွင့်ဖောက်မှတ်တမ်းတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ**
**အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**

---

## Board of Directors အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၅၀တွင် ဖွင့်လှစ်ထားသော GLOBAL NEW LIGHT OF MYANMAR CO.,LTD ကုမ္ပဏီ မှတ်ပုံတင်အမှတ် - 109039780သည် ရှယ်ယာကိစ္စများဆောင်ရွက်ရန်အတွက် Board of Directors အစည်းအဝေးအား ၅-၃-၂၀၂၀ ရက် နံနက် ၁၁နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇) နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဒါရိုက်တာအဖွဲ့ဝင်များအား အစည်းအဝေး တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Global New Light of Myanmar Co.,Ltd**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထက(၁)ရေဦးကျောင်းရှိ(၂၈၇x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်(၂)ထပ် (E)ပုံစံကျောင်းဆောင် အကြီးစားပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် လေရှီးမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးတွင် (၁၉၅၀x၁၀)ပေ မြေထိန်းနံရံဆောင်ရွက်ရန်ရှိ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၄-၃-၂၀၂၀ရက် ၊ ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၈-၃-၂၀၂၀ရက် (၁၆:၃၀)နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့**
ဖုန်း-၀၉-၄၀၀၄၄၅၇၂၂၊ ၀၉-၄၅၉၆၁၂၂၄၄

---

## သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## ၁၃၈၁ခုနှစ် တပေါင်းလဆန်း ၁၀ရက်
## ၂၀၂၀ပြည့်နှစ် မတ် ၃ရက်

၁။ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရေတာရှည်မြို့၊ ဆေးရုံမြောက်ဘက်၊ တပင်ရွှေထီးလမ်း အုတ်စီရေမြောင်း ပြုလုပ်ခြင်း (၂၃၁၅'-၀"x၂'.၀"x၃'.၀")တည်ဆောက်ရေးလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** | - | ၃-၃-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီ |
| **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၆-၃-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၁၆:၃၀နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၁-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရေတာရှည်မြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၃-၃-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ရေတာရှည်မြို့**
ဖုန်း-၀၅၄-၈၀၀၀၇၊ ၀၉-၄၂၈၁၂၆၄၁၉

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ညိုညိုသန်း ၁/မကတ(နိုင်)၀၈၄၆၃၆၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၀၉-၈၉၄၉၀၁၀၄၀

## မိဘအမည်မှန်

မိုးကောင်းမြို့၊ အထက(ခွဲ) ကျွန်းပင်သာကျောင်း အဋ္ဌမတန်း ဖြေဆိုထားသူ မောင်ဂါနရှမ်း၏ မိဘအမည်မှန်မှာ ဦးခမ်းဗဟာဒူး ၁/ကမန(နိုင်)၀၅၀၈၄၁ နှင့် ဒေါ်မီနား ၁/ဝမန(နိုင်)၁၀၉၆၁၇၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မုံရွာမြို့၊ မုံရွေး-ကြေးမုံ အထက နဝမတန်း($S_2$)မှ မထက်ထက်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဘိုမှူး ၅/မရန(နိုင်)၀၉၇၇၅၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ မုံရွေး-ကြေးမုံ အထက နဝမတန်းမှ မမြင့်မြင့်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးအုန်းမြိုင် ၅/မရန(နိုင်)၁၀၄၉၉၈ ဖြစ်ပါကြောင်း။

## အမှားပြင်ဆင်ချက်

၂၉-၂-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဘူးသီးတောင်မြို့နယ်တရားရုံး၏ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် တရားသူကြီး တံဆိပ်ဖော်ပြရာ၌ ဉာဏ်ထွန်းဟု မှားယွင်းဖော်ပြမိ၍ (ဉာဏ်ထွဏ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့၊ ရှမ်းရွာရပ်ကွက်နေ ဦးကျော်အေးသာ၏သမီး မမြင့်မြင့်ဝေ ၁၁/ကတန(နိုင်)၁၀၅၂၅၈၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၅-၄-၁၉၉၆ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/9919 ယာဉ်လက်ဝယ်ရှိသူ ဦးကျအူ ၁၃/မဆန(နိုင်) ၀၁၆၈၆၉က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## မိခင်အမည်မှန်

တောင်ကုတ်မြို့၊ အထက(၄) ဂုတာသတ္တမတန်း(B)မှ မောင်စိုးပိုင်ကို၏မိခင် ဒေါ်ခင်မာတင်၏ အမည်မှန်မှာ ဒေါ်ခင်ထားမူဖြစ်ပါကြောင်း။

**ဒေါ်ခင်ထားမူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ ဥတ္တရသီရိအလယ်ရပ်ရှိ မြေကွက်အမှတ် (ဥ-၇၀၉၉)၊ ဒေါ်စောနီလာမောင်အမည်ပေါက် ပါမစ်မြေကွက်၏မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနေရာချထားခြင်းခွင့်ပြုမိန့် မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

တောင်ကုတ်မြို့ အထက(၄) ဂုတာသတ္တမတန်း(A)မှ ဦးသိန်းနိုင်၏သမီး မယွန်းရတီနိုင်အား မဇာခြည်မိုးပွင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မဇာခြည်မိုးပွင့်**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၂၇၊ ဦးပိုင် ၁၄၈၊ ဧရိယာ ၀ဒသမ ၀၆၆ဧကေ အမည်ပေါက်သူ ဦးဘစိန်အမည်မှ ဒေါ်စန်းရီ ၁/ဗမန(နိုင်)၀၃၄၄၄၆ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း။

**ဒေါ်စန်းရီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်(၂၃၁/ခ)၊ ဧရိယာ ၀ဒသမ ၀၂၈ ဧကေ အမည်ပေါက်သူ ဒေါ်နန်းမွေနွမ်ဖေါင် အမည်မှ ဒေါ်ယဉ်ယဉ်မိုး ၁/ဗမန(နိုင်)၀၇၉၀၅၆ ၊ ဒေါ်မြမြအေး ၁/ဗမန(နိုင်)၀၅၄၆၀၃၊ မောင်လင်းထိန် ၁/ဗမန(နိုင်)၀၅၄၄၁၈တို့၏ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ယဉ်ယဉ်မိုး ပါ ၃ ဦး**

## ဦးကျော်စွာ (အုပ်စိုးကျော်ဆောက်လုပ်ရေး)
## ပျဉ်းမနားလမ်းဟောင်း၊ အလျှင်လိုကျေးရွာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
## သိရှိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်းနိုင်(ခ)အငယ်လေး (၁၂/မဂတ(နိုင်)၁၀၂၇၉၁)ထံမှ လူကြီးမင်း ရယူထားသော ငွေကျပ်သိန်း(၆၀၀)ကို (၁၀-၃-၂၀၂၀)ရက်နေ့နောက်ဆုံးထား ပေးဆပ်ပါရန် ထပ်မံနှိုးဆော်လိုက်ပါသည်။ ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**လွှဲအပ်ချက်အရ**
**ဦးတင်အေး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၈၅၈)**
**၁၄၅၊ လမ်း-၄၀၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၅၇၈၂၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5364 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6265 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ အနော်ရထာရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၁၄/ ခန်းလောင်း)၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကေအား ဦးကြင်သောင်းအမည်ဖြင့် နှစ်ရှည်နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့သည့် မြေကွက်၏ မြေငှားဂရန်မူရင်း စာချုပ်ပျောက်ဆုံးနေပါသဖြင့် ဂရန်မိတ္တူမှန်ပြန်လည်ထုတ်ပေးနိုင်ပါရန်ဦးကြင်သောင်း(ဇနီး)ဒေါ်တင် ဝင်း ၉/ညဥန(နိုင်)၀၂၇၂၄၃ မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/ ဥတ္တရသီရိအလယ်ရပ်ရှိ မြေကွက်အမှတ် (ဥ-၇၀၉၇)၊ ဒေါ်စောနီလာမောင် အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့်၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြပြီး မြေကွက်နေရာချထားခြင်းခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေ နေရာချထားခြင်းခွင့်ပြုမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက် အမှတ်(A-150)၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧကရှိ ဦးဉာဏ်နိုင်ဝင်း(ဘ)ဦးအုံးသိုက် ၁၁/ရဗန(နိုင်)၀၀၃၆၁၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဦးဉာဏ်နိုင်ဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲအပ်စာ(၃၄၆/၂၀၂၀)ရရှိသူ ဦးဘုန်းမင်းသန့်(ဘ)ဦးနေမင်းဦး ၁၂/ဥကမ(နိုင်)၂၅၀၅၇၄မှ မြေငှားစာချုပ်မူရင်း၊ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၄၆/၂၀၂၀)မူရင်းများ တင်ပြ၍ ဒေါ်မြသဥ္ဇာဟန် ၁၂/မဂဒ(နိုင်) ၀၉၃၄၃၀မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ သဲတက် အထက(ခွဲ) ဆဋ္ဌမတန်းမှ မဦးဆန်းကြည်နှင့် တတိယတန်းမှ မောင်ကိုကိုနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်သက်ရွှေ ၁၁/ပဏတ(နိုင်)၀၄၉၉၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အထက(၁)အဋ္ဌမတန်း(A)မှ မောင်ရှင်းသန့်ဦး ၈/ခမန(နိုင်)၂၄၁၄၃၁ ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဘိုသိန်းအောင် ၁၃/ကမန(နိုင်)၀၈၇၅၇၂ ဖြစ်ပါကြောင်း။

**ဦးစိုင်းဘိုသိန်းအောင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ ဒေါ်ဝင်းမြတ်ခိုင် အမည် ပေါက်မြေကွက်အမှတ်(A-038)၊ဧရိယာ ၀ဒသမ ၂၃၉ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၃/၂၀၁၈)ရရှိထားသူ ဒေါ်ခင်သောင်း ၇/ဖမန(နိုင်)၀၇၅၈၄၇မှ ဒေါ်ဝေဝေခင် ၉/ခအဇ(နိုင်)၀၀၆၃၇၈နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၄-၃-၂၀၂၀ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးလှထွန်း ၁၄/ရကန(နိုင်) ၀၈၃၄၉၁(ဘ) ဦးတင်ရှိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၈၂၆)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၈/၂၀၁၆ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်ယဉ်မေသန်း ၉/သစန(နိုင်)၀၉၃၀၁၂ (ဘ) ဦးကံညွှန့်မှ ဒေါ်သီတာသန်းမောင် ၁၃/ကမန(နိုင်) ၂၅၈၂၄၄နှင့် မှတ်ပုံတင်အရောင်းအ ဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ဃ/၉၁၄၉၆ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ May Wadi Htun Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းရုံး(ထားဝယ်)**

## သင်္ကြန် (၁၀)ရက်တရားစခန်းပွဲ

သာကေတမြို့ အောင်စကြာမိုးကုတ် ဝိပဿနာဓမ္မရိပ်သာသင်္ကြန် (၁၀)ရက် အထူးတရားစခန်းပွဲကြီး ဧပြီလ (၁၀)ရက် မှ ဧပြီလ (၁၉)ရက် အထိ ကျင်းပသွားမည်ဖြစ်ရာ ဒုလ္လဘ၊သီလရှင်ယောဂီပုဂ္ဂိုလ်များလူ ကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရန်နှင့် အရက်ဆွမ်း၊နေ့ဆွမ်း၊အချိုပွဲ၊ဖျော်ရည်လှူဒါန်းလိုသောစေတနာရှင်များဖော်ပြပါ ဖုန်းနံပါတ်သို့လှူဒါန်းနိုင်ပါကြောင်းနှိုးဆော်အပ်ပါသည်။

ဖုန်း-၀၉-၅၁၄၇၇၃၈၂၊ ၀၉-၇၇၂၀၁၅၃၈၃၊ ၀၉-၇၉၄၃၉၆၆၅၁

## ဖခင်အမည်မှန်

ဘုတ်ပြင်းမြို့နယ်၊ အထက(တောင်ဒဂုံကျောင်း) နဝမတန်းမှ မအိအိမော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်အောင်ညွန့် ၆/ ဘပန (နိုင်)၀၄၆၅၇၂ ဖြစ်ပါကြောင်း။ **ဦးကျော်အောင်ညွန့်**

## သိမ်အလှူ လှူဒါန်းနိုင်

"အလှူမှာကထိန် ကျောင်းမှာသိမ်"ဟူသောဆိုအမိန့်နှင့်အညီ သာကေတမြို့၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ ကောင်းကင်သိမ်တော်ကြီးဆောက်လုပ်မည်ဖြစ်ရာကျပ်သိန်း(၆၀၀)ဖြင့်သိမ်ဒါယကာ၊သိမ်ဒါယိကာမ အဖြစ်ခံယူကာ အမြတ်ဆုံးဖြစ်သော (အပါယ်တံခါးပိတ်သော)သိမ်အလှူ လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်၊ ဖုန်း/၀၉-၅၁၄၇၇၃၈၂

## ဖခင်အမည်မှန်

သီပေါမြို့နယ်၊ မန်မိုင်ကွန်စံလိတ် အခြေခံပညာမူလတန်းလွန်ကျောင်း သတ္တမတန်းမှ မရွှေရည်ဝင်းကျော်နှင့် ဆဋ္ဌမတန်းမှ မောင်ဟိန်းဇေယျာကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမြကျော် ၁၂/ ကမန(နိုင်)၀၆၆၃၉၅ ဖြစ်ပါကြောင်း။

## အသိပေးအကြောင်းကြား အပ်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဇီးတောအုပ်စု၊ ဇီးတောကျေးရွာ အမေရေယာဉ်နတ်ပွဲအား ယခုနှစ်မှာလည်း နှစ်စဉ်ကဲ့သို့ (တပေါင်းလပြည့်ကျော် ၁ ရက်မှ ၈ ရက်အထိ) ၉-၃-၂၀၂၀မှ ၁၆-၃-၂၀၂၀ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**နတ်နန်းကော်မတီအဖွဲ့**
**အမေရေယာဉ်ဇီးတော**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်နေ ဦးသာခိုင်၏သမီး ဒေါ်စန်းစန်းခိုင် (အထက-၂အလယ်တန်း-ပြ)နှင့် ဒေါ်စန်းစန်းငွေ ၁၁/တကန(နိုင်)၀၀၆၇၃၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းခိုင်(ခ)ဒေါ်စန်းစန်းငွေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ဖားပြင်ကျေးရွာ၊ ရပ်ကွက်(၂)၊ အိမ်အမှတ်(၃၀၇)နေ ဦးစံမတ်(ခ)ဦးအိုက်မတ် ၁၃/နဆန(နိုင်) ၀၀၁၀၈၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစံမတ်(ခ)ဦးအိုက်မတ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်၆ရပ်ကွက်၊ အကွက်အမှတ်-၁၁၁၊ လှည်းစု၊ ဦးပိုင်အမှတ်-၈၆/စ၊ ဧရိယာ ၀ဒသမ၀၂၁ဧက၊ မြေကွက်အား အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်ကို ဦးမြင့်လွင် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်ဇင်မိုးဝါ ၇/ဒဥန(နိုင်) ၁၀၉၆၀၁(ဘ) ဦးအောင်မြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၄၀၄၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၆၄/၂၀၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်သောင်းဝေ ၉/ကပတ(နိုင်) ၀၃၂၂၉၁ (ဘ)ဦးလှမှ ဒေါ်စုလတ်မွန် ၉/ကပတ(နိုင်) ၁၄၁၂၂၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူး လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အထက(၁) နဝမတန်း(E)မှ မောင်ဉာဏ်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးကိုကို ၇/လပတ(နိုင်) ၀၉၁၄၂၅ ဖြစ်ပါကြောင်း။

**ဦးမျိုးကိုကို**

## အမည်မှန်

သံဖြူဇရပ်မြို့နယ်၊ ဝဲကလီကျေးရွာနေ (ဘ)ဦးလှဝင်း ၏သား ဦးချစ်ဖွယ်၏ အမည်မှန်မှာ ဦးဇော်ဝင်း ၁၀/သဖရ (နိုင်) ၀၅၇၁၄၉ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မမြသိင်္ဂီကြွယ်သည် ၂၀၂၀ ပြည့်နှစ် နေပြည်တော်တိုင်း လူရည်ချွန်အဖြစ် ရွေးချယ်ခံရပါသဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ကျောင်းအုပ်ဆရာကြီး - ဦးသက်ထွန်း
ဆရာများ - ဦးချိုဦး၊ ဦးလှခိုင်
ဆရာမများ - ဒေါ်နီနီအောင်၊ ဒေါ်ဝင်းဝင်းသွယ်၊ဒေါ်တင်မမ၊ ဒေါ်သီတာ၊ ဒေါ်ခင်မာတင်၊ ဒေါ်ဝါဝါမင်း၊ ဒေါ်ငွေရင်၊ဒေါ်ချိုချိုဦး၊ဒေါ်ချိုချိုသက်၊ ဒေါ်မာမာလင်း

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၆၂၂၉ Honda Click 125M/Cယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/အမရ(နိုင်)၀၀၁၁၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၅/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၅၄)၊ မြေယာအမှတ်(54)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သီတာမောင် ၁/မကန(နိုင်)၀၀၀၆၁၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ သီးကုန်း အမက(၉၇) မှ တတိယတန်းကျောင်းသားများ ဖြစ်သော မောင်လှိုင်ဝင်းကိုနှင့် မောင်ဖွဲ့ထက်စံတို့၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ၈/ နမန(နိုင်)၁၁၂၉၀၉ ဖြစ်ပါသည်။

**ဦးအေးဝင်း**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရေနံချောင်းမြို့၊ သံကန်ကုန်းအနောက်ရပ်နေ ဦးထိန်ဝင်းဇော်၊ ဒေါ်သက်သက်မော်တို့၏သား မောင်မျိုးရာဇာ(ခ) မောင်မင်းခန့်ဇော်သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်သက်သက်မော်၈/ရနခ(နိုင်) ၀၀၁၅၄၀

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ ရုံးရပ်၊ ဦးပိုင်အမှတ် (၁၂ᵃ)၊ ဧရိယာ ဝဒသမ ၀၄၀ ဧကရှိ (စားသောက်ကုန်နှင့် အဖျော်ယမကာ ကုန်သွယ်ရေးကော်ပိုရေးရှင်း) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်မှာ သက်တမ်းကုန်ဆုံးနေသဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားရေးမှုဦးစီးဌာန အမည်ပေါက်ဖြင့် မြေငှားစာချုပ်အမည်ပြောင်း သက်တမ်းတိုး ဆောက်ရွက်ပေးရန် ဦးခင်မောင်ရွှေ၊ ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

၁။နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၉၅)ဆိုင်ခန်းအား အမှတ်(၇၂)၊ လိပ်ကန်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ညိုညိုစိန် ၁၂/သကတ(နိုင်)၁၀၃၉၂၉ (ကွယ်လွန်)က အမည်ပေါက်ပိုင်ဆိုင်ပါသည်။
၂။အဆိုပါ (ပ-၁၉၅)ဆိုင်ခန်းအား အမှတ်(၉၁) ၃(၅)၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇေ ယျာနန္ဒမိတ် ၇/ပမန(နိုင်)၁၂၃၂၄၁သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် ဆိုင်ခန်းအရောင်းအဝယ်နှစ်ဦးသဘောတူ စာချုပ်မူရင်း၊ ဒေါ်ညိုညိုစိန်(ကွယ်လွန်)၏ သေဆုံးကြောင်းလက်မှတ်၊ ဒေါ်ညိုညိုစိန်၏ ခင်ပွန်း၊ သားသမီးအရင်းအခြာများ၏အမည်ပြောင်းလျှောက်ထားမှုကို ကန့်ကွက်ရန်မရှိကြောင်း ကတိဝန်ခံချက်မူရင်း စသည့်အထောက်အထားများတင်ပြပြီး လျှောက်ထားလာပါသည်။
၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်လိုသူရှိက ကန့်ကွက်နိုင်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ခြံပိုင်ရှင်ကိုယ်တိုင် ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် တွံတေးမြို့၊ ဝက်ချောင်းကျေးရွာ ဦးပိုင်အမှတ် ၁၆၈ မြေကွက် ၃ဒသမ၇၈ ဧကကို ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဆက်သွယ်ရန်- ၀၉-၆၉၈၀၆၄၄၉၇

## လုံးချင်း/မြေကွက်များအား အမြန်ရောင်းမည်

| | | | |
|---|---|---|---|
| ၁။ကမရ၊ သံလွင်လမ်း(ဂုတ်) | (4000Sqft) | မြေ | 1 Sqft 2.5L |
| ၂။ဗဟန်း၊ ရွှေတောင်ကြား | (50x100) | မြေ | 15000L |
| ၃။ဗဟန်း၊ ရွှေဂုံတိုင်လမ်းအနီး | (68x110) | 1RC | 13500L |
| ၄။ရန်ကင်း၊ ကျောက်ကုန်း | (50x100) | မြေ | 11500L |
| ၅။သုမင်္ဂလာအိမ်ရာ | (80x80) | 2RC | 9200L |
| ၆။ရန်ကင်း၊ ပါရမီ | (40x60) | 2RC | 7400L |
| ၇။လှိုင်၊ သုခလမ်း | (32x82) | 2BN | 5300L |
| ၈။တ/ဥ၊ ငွေကြာယံ | (40x60) | 2RC | 4500L |
| ၉။ သဃက၊ နင်းဥယျာဉ်အိမ်ရာ | (30x83) | မြေ | 2450L |

- 09 5173690, 09 5185534, 09 5040160

## ကန့်ကွက်နိုင်ပါကြောင်း

### မော်လမြိုင် ကျော်သရေကွင်း(ညောင်ပင်လေးဈေး)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ဌေးဌေးကြည်၏ခင်ပွန်း၊ မဌေးစိုးမိုး၊ မောင်ဝေလင်းစိုး၊ မအိအိရတနာစိုးတို့၏ ဖခင်သည် ၃-၃-၂၀၂၀ရက် နံနက် (၁၀:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာမည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ရက်(တနင်္ဂနွေ နေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂၁/၂၃ဓမ္မာရုံလမ်း၊ မြေညီထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# 2019 Novel Coronavirus (2019-nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ

## COVID-19 ရောဂါဖြစ်ပွားမှုသည် ဝူဟန်မြို့မှ စတင်ခဲ့သော်လည်း လက်ရှိတွင် အခြားနိုင်ငံ (၆၀) ကျော် ကူးစက်ပြန့်ပွားလျက်ရှိ

**နေပြည်တော် မတ် ၃**

2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနၷ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမှာစကားပြောကြားခဲ့ရာ COVID–19 ရောဂါကူးစက်ပြန့်ပွားမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေ (Global Emergency)အဖြစ် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့ရာမှ ဖေဖော်ဝါရီလကုန်တွင် ကမ္ဘာတစ်ဝန်း ကူးစက်မှုအလွန်မြင့်မားသည့်အဆင့် (Very High)သို့ ပြောင်းလဲတိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ပြင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ခဲ့သော်လည်း လက်ရှိတွင် အခြားနိုင်ငံ (၆၀) ကျော်တွင်လည်း ကူးစက်ပြန့်ပွားလျက်ရှိပါကြောင်း၊ သို့ပါ၍ ယနေ့အစည်းအဝေးတွင် နိုင်ငံတကာတွင် ရောဂါကူးစက်ပြန့်ပွားနေမှု အခြေအနေများကို လေ့လာသုံးသပ်၍ မြန်မာနိုင်ငံတွင်လည်း ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များ၊ အစီအမံများ တိုးမြှင့်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းသွားကြရန် ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❍



2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## တရုတ်သို့ ဖရဲ၊ သခွားတင်ပို့မှု ပုံမှန်ဝယ်ယူမှု၏ ထက်ဝက်တွင်သာရှိနေ

**ရန်ကုန် မတ် ၃**

တရုတ်နိုင်ငံသို့ တစ်နေ့လျှင် မြန်မာ့ဖရဲ၊ သခွားကုန်ကားအစီးငါးရာ တင်ပို့ခဲ့ရာမှ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားပြီးနောက် ဝယ်လိုအားကျဆင်းခဲ့ပြီး ဖေဖော်ဝါရီလကုန်တွင် ကားအစီး နှစ်ရာကျော်ခန့်သာ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

"တရုတ်နယ်စပ်ရဲ့ အဓိကကမှုဆယ်ပဲရှိတယ်။ ဖေဖော်ဝါရီ ၂၀ ရက်ကျော်ကတည်းက ပွင့်လာပြီဆိုပေမယ့် အရင်ကနဲ့စာရင် ၅၀ ရာခိုင်နှုန်းလောက်ပဲ သွားနေတယ်။ ယခင်က တစ်ရက်ကို ဖရဲ၊ သခွားကားအစီး ငါးရာလောက်တက်ရာကနေ ဖေဖော်ဝါရီ ၂၀ ရက် ကျော်က တစ်ရက်ကို ကုန်ကားအစီး တစ်ရာလောက်တက်တယ်။ အခုတစ်ရက်ကို ကားအစီး နှစ်ရာကျော်လောက်သွားနေပါပြီ။ ဈေးနှုန်းက အရင်ကလောက် ဈေးသိပ်မရတော့ဘူး၊ ဈေးနည်းနည်းတော့ ကျတယ်၊

*စာမျက်နှာ ၉ ကော်လံ ၁* ❑



COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် စာ - ၁၂

တစ်နှစ်တာကာလအတွင်း တတိယအကြိမ်မြောက် ကျင်းပခဲ့တဲ့ အစ္စရေးနိုင်ငံရဲ့ ရွေးကောက်ပွဲ စာ - ၁၅

## ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၂၀ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၃**

၂၀၂၀ ပြည့်နှစ် အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲကို ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက အားကစားနည်းအချို့ကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံတက္ကသိုလ် အားကစားပြိုင်ပွဲကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပြီး ၂၀၁၈ ခုနှစ်က နောက်ဆုံးကျင်းပသည့် (၁၉) ကြိမ်မြောက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကာ အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေ ၂၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၂၉ ခုရရှိပြီး နိုင်ငံအလိုက်ဆုရရှိမှုတွင် အဆင့် ၄ နေရာ ရပ်တည်နိုင်ခဲ့၍ ပြိုင်ပွဲတစ်လျှောက် ဆုတံဆိပ်အများဆုံးရရှိသည့် ပြိုင်ပွဲလည်းဖြစ်ခဲ့သည်။ ၂၀၂၀ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံအနေဖြင့် အားကစားနည်း ၂၅ မျိုး ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ●

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ (၂) မိနစ်မှ (၁၈) မိနစ်ခန့်အထိ ပြတ်တောက်မည်

**နေပြည်တော် မတ် ၃**

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း) တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်လေ့ရှိရာ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ် တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁) ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁) ကြိမ် ကြုံတွေ့ရလေ့ရှိသည်။

ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိသည်။

Thaicom–6 ဂြိုဟ်တုကိုအသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၆ ရက်အတွင်း နေ့စဉ် (၂)မိနစ်မှ (၁၈) မိနစ်ခန့်ထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
၂၀၂၀ ပြည့်နှစ်၊ မတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်မြို့ပြည်သူတွေအတွက် လူကူးခုံးကျော်တံတားတွေ

ဆွေဦးဝေ

**ရန်ကုန်မြို့မှာ နေ့စဉ်သွားလာနေကြတဲ့ ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစေဖို့အပြင် စည်းကမ်းစနစ်တကျ သွားလာနိုင်ရေးအတွက် ကားလမ်းကူး ခုံးကျော်တံတားတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ အခုဆိုရင် သိမ်ကြီးဈေးမှာရှိတဲ့ ကားလမ်းကူး ခုံးကျော်တံတားကို အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်သွားဖို့ အစီအစဉ်ရှိနေပြီဖြစ်ပါတယ်။**

အဲဒီကားလမ်းကူး ခုံးကျော်တံတားဟာ အနော်ရထာလမ်းနဲ့ ရွှေတိဂုံဘုရားလမ်းဆုံရာမှာ တည်ရှိပြီး ရန်ကုန်မြို့ရဲ့အဓိကဈေးကြီးတစ်ဈေးဖြစ်တဲ့ သိမ်ကြီးဈေးရဲ့ အနီးကပ်ဆုံးနေရာမှာ တည်ရှိလို့အချက်အချာလည်းကျတဲ့ နေရာဖြစ်ပါတယ်။ အသွားအလာများတဲ့ အပြင် ကားလမ်းဆုံမီးပွိုင့်လည်းရှိနေတာမို့ လူကူးခုံးကျော်တံတား တည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။

ဒါပေမယ့် အဲဒီသိမ်ကြီးဈေးကားလမ်းကူး ခုံးကျော်တံတားဟာ တည်ဆောက်ထားတာ နှစ်ပေါင်း ၃၀ ခန့်ရှိပြီဖြစ်တာမို့ ဒီဇိုင်းအသစ်နဲ့ ပြန်လည်အဆင့်မြှင့်တင်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ အခု ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှာ သိမ်ကြီးဈေးလူကူးခုံးကျော်တံတားကို ဒီဇိုင်းအသစ်နဲ့ ပြန်လည်အဆင့်မြှင့်တင် ပြုပြင်သွားမယ်လို့ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက ပြောထားပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ရွှေတောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်မှာဖြစ်ပြီး လူကူးခုံးကျော်တံတားပေါ်မှာ အမိုးတွေ တပ်ဆင်တာ၊ တံတားပတ်လည်မှာ ပန်းခြံထားရှိပေးတာ၊ လူကူးခုံးကျော်တံတားရဲ့ ချဉ်းကပ်နေရာတွေမှာ ထိုင်ခုံတွေထားရှိပေးတာ စတဲ့လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် လူကူးခုံးကျော်တံတားကို အဆင့်မြှင့်တင်တဲ့အခါ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေအတွက်ပါ ထည့်သွင်းစဉ်းစားဖြည့်ဆည်းပေးတဲ့အနေနဲ့ ဓာတ်လှေကားတစ်စင်းနဲ့ စက်လှေကား တစ်စင်းတို့လည်း တပ်ဆင်ပေးသွားဖို့ စီစဉ်ထားပါတယ်။ အရင်က တည်ဆောက်ခဲ့တဲ့ ကားလမ်းကူး ခုံးကျော်တံတားတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကို လေ့လာပြီး လိုအပ်တဲ့အချက်တွေကို ဖြည့်ဆည်းပေးသွားဖို့လည်း ရှိနေပါတယ်။

ရန်ကုန်မြို့မှာ ပြည်သူတွေ အသွားအလာများပြီး လမ်းဖြတ်ကူးမှုများတဲ့ နေရာတွေ၊ လမ်းဆုံတွေ၊ ဈေးတွေ စတဲ့နေရာတွေမှာ လူကူးခုံးကျော်တံတားသစ်တွေကို တည်ဆောက်နေပြီး ဆက်လက်တည်ဆောက်ဖို့လည်း စီမံကိန်းတွေရှိနေပါတယ်။ ဒီလို လူကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးတာကလည်း ပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းစေဖို့နဲ့ စည်းကမ်းမဲ့ကားလမ်း မဖြတ်ကူးစေလိုတဲ့အတွက် ဖြစ်ပါတယ်။

ဒါပေမယ့် ကားလမ်းကူးခုံးကျော်တံတားတွေကို ငွေကုန်ကျခံပြီးတည်ဆောက်ပေးထားပေမယ့် အချို့ပြည်သူတွေကတော့ စည်းကမ်းမဲ့စွာနဲ့ပဲ ခုံးကျော်တံတားပေါ်က မတက်ဘဲ ကားလမ်းဖြတ်ကူးနေကြဆဲ ဖြစ်ပါတယ်။ ခုံးကျော်တံတားပေါ်တက်ပြီး တစ်ဖက်ကို သွားနိုင်ဖို့အတွက် ဓာတ်လှေကားတွေ၊ စက်လှေကားတွေ တပ်ဆင်ပေးထားပေမယ့် ပြည်သူအချို့က စည်းကမ်းကို မလိုက်နာဘဲ ချိုးဖောက်နေကြဆဲဖြစ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေရှိနေတဲ့အချိန်မှာ ကားလမ်းမဖြတ်ကူးကြပေမယ့် မရှိတော့ရင် လူကူးခုံးကျော်တံတားအောက်က ဖြတ်ကူးနေကြတာဖြစ်ပါတယ်။ ဒါတွေဟာ ပြည်သူတစ်ဦးချင်းက မိမိအတွက် ဘေးအန္တရာယ်ကင်းဝေးအောင် ဆောင်ရွက်ပေးထားတာကို အသိတရားရှိစွာနဲ့ နားလည်လိုက်နာကြဖို့ လိုပါတယ်။

**ကမာရွတ်မြို့နယ် မာလာဆောင်အနီးမှာ လူကူးခုံးကျော်တံတား၊ လှည်းတန်းလမ်းဆုံခုံးကျော်တံတား၊ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းထိပ်ခုံးကျော်တံတား၊ ကမ္ဘာအေးစေတီလမ်း၊ ဂမုန်းပွင့်အနီး လူကူးခုံးကျော်တံတား တည်ဆောက်ပေးမှုတွေဟာ ပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းစွာ လမ်းကူးစေဖို့ပဲ ဖြစ်ပါတယ်။**

ရန်ကုန်မြို့ရဲ့ ကားလမ်းဆုံရာတွေမှာ၊ လူအသွားအလာများတဲ့နေရာတွေမှာ အဲဒီလို ကားလမ်းကူးခုံးကျော်တံတားတွေ တည်ဆောက်ပေးနေပါတယ်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်ကလည်း ကမာရွတ်မြို့နယ်

အချပ်ပို (ဂ) သို့

# အနားယူအပန်းဖြေစရာ ရန်ကုန်မြို့ဥယျာဉ်ပန်းခြံတွေမှာ

ဇင်လင်းမြင့်

လူတွေ၊ အဆောက်အဦတွေ၊ မော်တော်ယာဉ်တွေနဲ့ ပြည့်သိပ်မွန်းကျပ်နေတဲ့ ရန်ကုန်မြို့မှာ စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှား ရုန်းကန်နေကြရတဲ့ ပြည်သူတွေအတွက် အနားယူ အပန်းဖြေစရာနေရာတွေလည်း လိုအပ်နေပါတယ်။ ဒီလိုအနားယူအပန်းဖြေဖို့အတွက် သဘာဝဆန်ပြီး စိမ်းလန်းတဲ့နေရာတွေ၊ ဥယျာဉ်ပန်းခြံတွေ လိုအပ်တာမို့ ရန်ကုန်မြို့မှာတော့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ပန်းဥယျာဉ်တွေကိုလည်း အဆင့်မြှင့်တင် ပြုပြင်မွမ်းမံမှုတွေ ပြုလုပ်ထားပါတယ်။

ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းမှာရှိတဲ့ ဗိုလ်ချုပ်ပန်းခြံဥယျာဉ်ဟာ အေးချမ်းတဲ့နေရာတစ်ခုဖြစ်ပြီး ပြည်သူတွေ လေ့လာအနားယူအပန်းဖြေနိုင်အောင် ပြုပြင်မှုတွေ ဆောင်ရွက်ထားပါတယ်။ ဗိုလ်ချုပ်ပန်းခြံဥယျာဉ်ရဲ့ အကျယ်အဝန်းဟာ ဧက ၃၀ ဒသမ ၃၃၀ ဧကရှိပြီး အဲဒီပန်းခြံမှာ အထင်ကရရှိနေတာက အမြင့် ၁၅ ပေရှိတဲ့ ဗိုလ်ချုပ်ပုံတူကြေးရုပ်ကြီးဖြစ်ပါတယ်။ ဗိုလ်ချုပ်ပုံတူကြေးရုပ်ကြီးကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာ ဘဦးက နိုင်ငံတော်အခမ်းအနားနဲ့ ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။

**အေးချမ်းသာယာတဲ့ ပန်းခြံဥယျာဉ်တစ်ခုအဖြစ် တည်ရှိနေ**

အခုဆိုရင် သစ်ပင်ကြီး၊ သစ်ပင်ငယ်တွေ၊ မြက်ခင်းပြင်တွေ၊ လျှောက်လမ်း၊ ပတ်လမ်းတွေနဲ့ စိမ်းစိုလန်းဆန်းနေအောင် သဘာဝဆန်ပြီး အေးချမ်းသာယာတဲ့ ပန်းခြံဥယျာဉ်တစ်ခုအဖြစ် တည်ရှိနေအောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။

"ဗိုလ်ချုပ်ပန်းခြံဥယျာဉ်မှာ အရင်တုန်းက တန်းခို ဘားနဲ့ အိပ်၊ ထ၊ မ၊ တင် လုပ်နိုင်တဲ့နေရာတွေပဲရှိခဲ့တာပါ။ ၂၀၁၉ ခုနှစ်မှာ အမျိုးအစားပေါင်း ၁၂ မျိုးပါဝင်တဲ့ ကိုယ်ကာယလေ့ကျင့်ကစားနည်း ၁၂ မျိုးကို တပ်ဆင်ပေးထားပါတယ်။ ပြည်သူတွေ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးထားသလို အများပြည်သူလုံခြုံရေးအတွက် CCTV အသစ်တွေ ထပ်မံတပ်ဆင်ထားတာ အခုဆိုရင် CCTV အလုံးပေါင်း ၁၀၄ လုံး ရှိနေပြီဖြစ်ပါတယ်။ ဝန်ထမ်းဦးရေ ၄၀ ကျော်နဲ့ စိမ်းလန်းစိုပြည်သန့်ရှင်းစေဖို့ နေ့စဉ်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေပါတယ်"လို့ ပန်းဥယျာဉ်နဲ့ အားကစားကွင်းများဌာန၊ ဗိုလ်ချုပ်ပန်းခြံတာဝန်ခံ ဒေါ်ကြူကြူအေးက ပြောပြပါတယ်။

**ပြည်သူတွေအတွက် အပန်းဖြေနေရာတစ်ခု**

ဗိုလ်ချုပ်ပန်းခြံဥယျာဉ်မှာ အင်၊ ကညင်၊ ပျဉ်းမ စတဲ့ သက်တမ်းရင့်အပင်တွေအပါအဝင် အပင်အမျိုးအစားပေါင်း ၇၀ ကျော်ကို လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ကျေးငှက်တိရစ္ဆာန်တွေ လာရောက်လေ့လာနိုင်ပါတယ်။ ကျန်းမာရေးလိုက်စားသူတွေအတွက် နံနက်စောစော လမ်းလျှောက်ရင်း ကိုယ်လက်လှုပ်ရှားမှုကိရိယာတွေ တပ်ဆင်ပေးထားတာမို့ ဗိုလ်ချုပ်ပန်းခြံဥယျာဉ်ဟာ ပြည်သူတွေအတွက် အပန်းဖြေနေရာတစ်ခုအဖြစ် တည်ရှိနေပါတယ်။

နောက်ထပ်အပန်းဖြေစရာ နေရာတစ်ခုကတော့ အင်းလျားကန်နဲ့ အင်းလျားကန်အနီးဝန်းကျင်ဖြစ်ပါတယ်။ အင်းလျားကန်ကို ၁၈၈၂-၁၈၈၃ ခုနှစ်မှာ ရေချိုရေလှောင်ကန်အဖြစ် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အမြင်အရ တန်ဖိုးကြီးမားတဲ့ အင်းလျားကန်ဟာ ရန်ကုန်မြို့မှာ အကြီးဆုံးရေကန်တစ်ခုဖြစ်ပါတယ်။ ရန်ကုန်မြို့ကို ရေပေးဝေနေတဲ့ ကန်တော်ကြီးအတွင်း ရေအားဖြည့်တင်းတဲ့ အထောက်အကူ ရေကန်အဖြစ် အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ၁၉၀၂ ခုနှစ်မှာ လှော်ကားရေလှောင်ကန်နဲ့ ရေပေးဝေရေးစနစ် တည်ဆောက်ပြီးနောက်

အချပ်ပို (ခ) သို့



# ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေမည့် ရန်ကုန်မိုးပျံအမြန်လမ်း

**ရန်ကုန်** မြို့သည် တိုင်းပြည် GDP ၏ ၂၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေသော တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ရှစ်ရာခိုင်နှုန်းရှိသောကြောင့် တိုင်းဒေသကြီး စီးပွားရေးကျဆင်းလျှင် တိုင်းပြည်စီးပွားရေးကျဆင်းစေမည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ကျန်သော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှာ အများဆုံး ၆ ဒသမ ၈ အထိသာ စီးပွားရေးတိုးတက်မှု ရာခိုင်နှုန်းရှိသောကြောင့် ဖြစ်ပါတယ်။

စီးပွားရေး အဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေသော ရန်ကုန်တိုင်းဒေသကြီးမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်နိုင်ပါက နိုင်ငံစီးပွားရေးကို အချိန်တိုအတွင်း ဆွဲတင်နိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်မှ ရန်ကုန်တိုင်းဒေသကြီးကို စီးပွားရေးအရ ရင်းနှီးမြှုပ်နှံရာမြို့ကြီးအဖြစ် မူဝါဒချမှတ်ခဲ့မှုအပေါ် လက်တွေ့အကောင်အထည်ဖော်နေခြင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုများကိုလည်း တံခါးဖွင့်ဖိတ်ခေါ်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့၏ မိုးပျံရထားနှင့်အတူ မိုးပျံအမြန်လမ်းကို ရန်ကုန်တိုင်းဒေသကြီးတွင် တည်ဆောက်မှာဖြစ်၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းငါးနိုင်ငံမှ အဖွဲ့ပေါင်း ၁၀ ဖွဲ့အား အရည်အချင်းစစ်အောင်မြင်ခဲ့ပြီး ဖြစ်ပါတယ်။ စီမံကိန်းလုပ်ဆောင်ရန် အောင်မြင်သူများကို ၂၀၂၀ ပြည့်နှစ် မေလအတွင်း Winner Bidder ကို ကြေညာမည်ဖြစ်ပြီး ဇူလိုင်လတွင် စီမံကိန်း၏ Ground Breaking Ceremony ကို စတင်ဆောင်ရွက်ရန် လျာထား၍ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်တည်ဆောက်မှာ ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလမှာ သုံးနှစ်ခွဲဖြစ်ပါတယ်။



ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း ပထမအကြိမ် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ ဓာတ်ပုံ - သန်းစိုး

## တိုင်းပြည်စီးပွားဖွံ့ဖြိုးရေး

နိုင်ငံ့စီးပွားရေးတိုးတက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် ရင်းနှီးမြှုပ်နှံပါက ရန်ကုန်တိုင်းဒေသကြီးမှ ၈၂ ဒသမ ၃ ရာခိုင်နှုန်းပြန်လည်ရရှိသောကြောင့် ရန်ကုန်မြို့သည် အခြားသော ဒေသများထက် အားသာချက်ရှိနေသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဟန်ချက်ညီစေမည့် စီမံကိန်းများကို ဖော်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းဖြစ်သည့် မိုးပျံအမြန်လမ်းဆောင်ရွက်မှုသည် ပြည်တွင်းအလုပ်သမားများသုံးနှစ်ကျော်အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည့်အပြင် လုပ်ငန်းနှင့်ဆက်စပ်သော စီးပွားရေးကဏ္ဍများ၏ အကျိုးကျေးဇူးကိုလည်း ရရှိစေမှာ ဖြစ်ပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းသည် နေ့စဉ်ယာဉ်ကြောကျပ်တည်းမှုကို ကြုံတွေ့နေရသော တိုင်းဒေသကြီးအတွက် ဖြေလျှော့စေမှာဖြစ်သည်။ ရန်ကုန်မြစ်ကူးတံတား၊ ပဲခူးမြစ်ကူးတံတား (သန်လျင် အမှတ်(၃) တံတား)၊ ရန်ကုန်မိုးပျံရထားနှင့် မိုးပျံအမြန်လမ်းတို့သည် ရန်ကုန်မြို့နေပြည်သူတို့အနေဖြင့် တစ်သက်တွင် တစ်ကြိမ်သာကြုံဆုံရသည့် အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါတယ်။

## PPP စီမံကိန်းအဖြစ်

ရန်ကုန်မိုးပျံအမြန်လမ်း စီမံကိန်းအပိုင်း(၁)သည် Yangon Inner Ring Road Project ၏ အရှေ့ဘက်နှင့် အရှေ့အနောက်ခြမ်း East and East-West Section အဖြစ် အရှည် ၂၇ ဒသမ ၅ ကီလိုမီတာအရှည်ကို စတင်ဆောင်ရွက်မှာဖြစ်ပြီး စီမံကိန်းတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၉၀၀ ခန့် ခန့်မှန်းထားပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းကို တည်ဆောက်ရခြင်းမှာ ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်၊ အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Foring Direct Investment တိုးတက်လာစေရန်နှင့် နိုင်ငံ၏စီးပွားရေးယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန်စသော ရည်ရွယ်ချက်တို့ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ Public Private Part-nership (PPP)စီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

## တည်ဆောက်မှုအပိုင်း

ရန်ကုန်မိုးပျံအမြန်လမ်း၏ ပင်မလမ်းကြောင်းသည် လေးလမ်းသွားမိုးပျံလမ်းဖြစ်ပြီး ဒေါပုံတံတားအဆင်းမှစတင်၍ ရန်ကုန်လေဆိပ်သို့ ဆက်သွယ်သည့်လမ်းသည် သုံးလမ်းသွားဖြစ်သည်။ အထက်ပုဇွန်တောင်လမ်း၊ ဝေဇယန္တာလမ်း၊ သုဓမ္မာလမ်းနှင့် မြောက်ဘက်တွင် ခရေပင်လမ်း အပါအဝင် အောက်မင်္ဂလာဒုံလမ်းဆုံအထိ ဖြတ်သန်းသွားမှာ ဖြစ်ပါတယ်။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ဟာ လမ်းအူကြောင်းဖြတ်သန်းမည့် မြို့နယ်များဖြစ်ပါတယ်။ မိုးပျံအမြန်လမ်းဖြစ်တာကြောင့် စီမံကိန်းကို ယခုလက်ရှိ လမ်းမများ၏အလယ်မှာသာ များသောအားဖြင့် တည်ဆောက်သွားမယ့် တံတားတစ်စင်းလည်းဖြစ်ပါတယ်။ တည်ဆောက်မှုအပိုင်းတွင် အပိုင်း(၁)၌ အရှေ့ဘက်အပိုင်း( Section-1)ကို ၁၈ ဒသမ ၉ ကီလိုမီတာ၊ အရှေ့အနောက်အပိုင်း (Section-2) ကို ၆ ကီလိုမီတာနှင့် လေဆိပ်ဆက်သွယ်ရေးလမ်း ၂ ဒသမ ၇ ကီလိုမီတာ တံတားအရှည်တို့ဖြင့် စုစုပေါင်း ၂၇ ဒသမ ၆ ကီလိုမီတာဖြစ်ပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းအပိုင်း(၂)တွင် အနောက်ဘက်အပိုင်းမှာ ၁၆ ဒသမ ၅ကီလိုမီတာ ရှည်လျားပြီး အပိုင်း(၁)နှင့် အပိုင်း(၂)၏ ရန်ကုန်အတွင်းပတ်လမ်း အရှည်မှာ စုစုပေါင်း ၄၄ ဒသမ ၁ ကီလိုမီတာ ရှိပါတယ်။.

ရန်ကုန်မြို့၏မိုးပျံအမြန်လမ်းကို ၂၀၂၅ ခုနှစ် မေလတွင် စတင်အသုံးပြုနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလျာထားမှုနှင့် စပ်လျဉ်း၍ အပြောင်းအလဲများဖြစ်ပေါ်ပါက အများပြည်သူသိရှိနိုင်ရန် စီမံကိန်း အင်တာနက်ဝက်ဘ်ဆိုက်ဖြစ်သော www.yex-moc.com.mm တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြသွားမှာ ဖြစ်ပါတယ်။ ရန်ကုန် မိုးပျံအမြန်လမ်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ပမာဏကြီးမားသောပထမဆုံး PPP စီမံကိန်းလည်းဖြစ်တာကြောင့် စီမံကိန်းအကြံပေးအဖြစ် ကမ္ဘာ့ဘဏ်အဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း International Finance Corporation (IFC)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ စီမံကိန်းဆောင်ရွက်ခွင့်ရရှိတဲ့အဖွဲ့အစည်းတို့ကို စီမံကိန်းအတွက် လိုအပ်တဲ့ မြေနေရာနဲ့ ဘဏ္ဍာရေးကွာဟချက်အချို့ကို ပံ့ပိုးကူညီမှာဖြစ်ပြီး ထိုစီမံကိန်းကိုဆောင်ရွက်ခွင့်ရရှိတဲ့ အဖွဲ့အစည်းများက စီမံကိန်းကုန်ကျစရိတ်ကို တာဝန်ယူရမှာ ဖြစ်ပါတယ်။

## အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန်မြို့၏လမ်းအသုံးပြု အကျယ်အဝန်းမှာ အလွန်နည်းပါးလာလျက်ရှိပြီး ရန်ကုန်မြို့၏ လမ်းဧရိယာသည် စုစုပေါင်း မြို့ဧရိယာ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းသာရှိရာ ဒေသတွင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ခုနစ် ရာခိုင်နှုန်းထိရှိပါတယ်။ ထို့ကြောင့် ယာဉ်များသွားလာမှုမြန်ဆန်ချောမွေ့စေရန် မိုးပျံရထားနှင့် မိုးပျံအမြန်လမ်းကို တည်ဆောက်ခြင်းဖြစ်ရာ မိုးပျံအမြန်လမ်းစီမံကိန်းအား Inner Ring Road(IRR)အဖြစ် တည်ဆောက်ခြင်း ဖြစ်ပါတယ်။ အာရှတိုက်၏ အကြီးဆုံးမြို့တော်များတွင် Ring Road များကို တည်ဆောက်ထားကြပြီး လမ်းပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန်နှင့် လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရန် ဗန်ကောက်၊ ဆိုးလ်၊ တိုကျို၊ ကွာလာလမ်ပူ၊ ဒါကာနှင့် တရုတ်နိုင်ငံရှိ မြို့များတွင် တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း ဆောင်ရွက်ခွင့်ရရှိသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများရှိခဲ့ပါက လျော်ကြေးပေးဆောင်ရွက်မှုနှင့် ပြန်လည်နေရာချထားရေး၊ အထောက်အပံ့ပေးရေးနှင့် ထိခိုက်နစ်နာမှုနည်းနိုင်သမျှအနည်းဆုံးဖြင့် စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

၂၇ ဒသမ ၆ ကီလိုမီတာ ရှည်လျားသော ရန်ကုန်မိုးပျံအမြန်လမ်းသည် ဒေါပုံတံတားထိပ်မှ စတင်မည်ဖြစ်ပြီး မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းကိုဖြတ်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဝင်ရောက်ကာ မင်္ဂလာဒုံစက်မှုဇုန်တွင် ချိုးကွေ့၍ အောက်မင်္ဂလာဒုံလမ်းဆုံ၌ Phase-1 ကို ရပ်နားမှာဖြစ်ပါတယ်။ Phase- 2 ကတော့ အောက်မင်္ဂလာဒုံလမ်းဆုံမှ ကမ်းနားလမ်းအပိုင်းဖြစ်ပါတယ်။

**သန်းထိုက်**

---

**အနားယူအပန်းဖြေစရာ ရန်ကုန်မြို့ဥယျာဉ်ပန်းခြံတွေမှာ ....မှ**

လှော်ကားမှ ရန်ကုန်မြို့ကို ရေဖြန့်ဝေပေးမှုစတင်နိုင်တဲ့ အချိန်ကစပြီး အင်းလျားကန်နဲ့ ကန်တော်ကြီးမှ ရေပေးဝေမှုစနစ်ကို ရပ်ဆိုင်းခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အင်းလျားကန်ကို အများပြည်သူအပန်းဖြေနိုင်တဲ့ နေရာတစ်ခုအဖြစ် အသုံးပြုခဲ့တာဖြစ်ပါတယ်။

ရေပြင်သန့်ရှင်းရေးအတွက် ဒိုက်ဆယ်စက်နဲ့ အင်းလျားကန်အတွင်း ရေမှော်၊ ဗေဒါ၊ ဒိုက်နဲ့အမှိုက်တွေကို ပုံမှန်ဆယ်ယူရှင်းလင်းတာတွေ၊ နုန်းစုပ်စက်နဲ့ ရေပိုလွှဲဝန်းကျင်၊ ကုက္ကိုင်းရေဝင်ပေါက်နဲ့ အင်းလျားမြိုင်ရေဝင်ပေါက်တွေမှာ နုန်းတွေဆယ်ယူခြင်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အင်းလျားကန် ရေဝင်ပေါက်တွေမှာ နုန်းစစ်ကန်နဲ့ ရေဆိုးတားတမံ အရှည်ပေ ၁၇၀ တည်ဆောက်တာတွေ၊ ပြည်လမ်းကန်ပေါင်ဘက်အခြမ်းမှာ ကန်ပေါင်ကြွခိုင်မှုနဲ့ အင်းလျားကန်လှပမှုအတွက် ကျောက်စီနံရံနဲ့ အုတ်ပေါင်တန်းပေ အရှည် ၂၃၅၀ ဆောင်ရွက်တာတွေလုပ်ဆောင်ထားပါတယ်။

နောက်ပြီး အင်းလျားကန်အနီး အင်းလျားပန်းခြံနဲ့ ကုက္ကိုင်းပန်းခြံတွေကိုလည်း လျှောက်လမ်း၊ မြက်ခင်း၊ ထိုင်ခုံ၊ မီးတိုင်တွေကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးထားတာမို့ အင်းလျားကန်နဲ့ ဆက်စပ်ပြီး ပြည်သူတွေ အပန်းဖြေနိုင်အောင် စီစဉ်ဖြည့်ဆည်းပေးထားတာဖြစ်ပါတယ်။ အင်းလျားကန်ပေါင်မှာ လျှောက်လမ်း၊ ထိုင်ခုံ၊ မီးတိုင်တွေ အဆင့်မြှင့်တင်ပေးထားသလို ကန်ပေါင်အပြင်နံရံတစ်လျှောက်မှာလည်း ပန်းအလှပုံဖော်ထားမှု၊ မြက်ခင်းအလှနဲ့ ပန်းပင်တွေနဲ့ စကားလုံးပုံဖော်ထားမှုတွေလည်း မျက်စိပသာဒဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။ အင်းလျားကန်ရဲ့ ပြည်လမ်းဘက်နဲ့ ကမ္ဘာအေးလမ်းဘက်အခြမ်းတွေမှာ ကိုယ်လက်လေ့ကျင့်ခန်းအထောက်အကူပြုကိရိယာတွေ တပ်ဆင်ပေးထားတာမို့ ပြည်သူတွေ လမ်းလျှောက်ရင်း ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်လို့ရနေပါတယ်။ ဒါကြောင့်လည်း နေ့စဉ် နံနက်ခင်းနဲ့ ညနေခင်းအချိန်တွေမှာ အင်းလျားကန်စောင်းမှာ လမ်းလျှောက်နေသူတွေ၊ ကျန်းမာရေးကိုယ်လက်လှုပ်ရှားလေ့ကျင့်နေသူတွေ၊ အပန်းဖြေနေသူတွေနဲ့ စည်ကားနေခြင်းဖြစ်ပါတယ်။

"မနက်တိုင်း၊ ညနေတိုင်း အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ဖြစ်တယ်။ လွတ်လွတ်လပ်လပ်နဲ့ သန့်ရှင်းတဲ့လေကို တဝရှူလို့လည်းရတယ်။ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်လို့ရတယ်။ စိတ်ကြည်လင်ရွှင်လန်းတာမို့ အင်းလျားကန်ကြီးကို အခုလိုပြုပြင်ထိန်းသိမ်းပေးနေတာ ကျေးဇူးတင်ပါတယ်"လို့ ကမာရွတ်မြို့နယ် ဓမ္မာရုံလမ်းမှာ နေထိုင်တဲ့ ဒေါ်ကြိုင်က အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ရင်း ပြောပြပါတယ်။

## ဗိုလ်တထောင်ရှုခင်းသာပန်းခြံ

ရန်ကုန်မြို့မှာ နောက်ထပ်အနားယူအပန်းဖြေစရာပန်းခြံတစ်ခုကတော့ ရန်ကုန်မြစ်ကမ်းမှာ တည်ဆောက်ထားတဲ့ ဗိုလ်တထောင်ရှုခင်းသာပန်းခြံ ဖြစ်ပါတယ်။ ဒီပန်းခြံကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ပြည်သူတွေကို အပန်းဖြေခွင့်၊ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ခွင့် ပေးခဲ့တာဖြစ်ပါတယ်။

"ရန်ကုန်မြစ်ကမ်းနဖူးမှာ တည်ရှိတာမို့ လေဝင်လေထွက်လည်း ကောင်းတယ်။ အပန်းဖြေတာရော၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တာရော စီစဉ်ပေးထားပါတယ်။ ကျန်းမာရေးလေ့ကျင့်ခန်းပစ္စည်းတွေ ၁၄ ခုခန့် ထည့်သွင်းပေးထားပါတယ်။ ပန်းပင်တွေ၊ လျှောက်လမ်းနဲ့ ထိုင်ခုံတွေကိုလည်း နေ့စဉ်ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေပါတယ်"လို့ ဗိုလ်တထောင်ရှုခင်းသာပန်းခြံ တာဝန်ခံ ဒေါ်ဝင်းသန္တာဦးက ပြောပြပါတယ်။

အရင်က ယခု ပန်းခြံနေရာမှာ အမှတ်(၆) သစ်စက်ဝင်းဧရိယာဖြစ်ပြီး အကျယ်အဝန်း ၁၃ ဧက ကျော်ရှိပါတယ်။ တစ်ဖက်မှာ ကွန်တိန်နာဝင်းကြီးရှိနေတာမို့ အခုလို ပြည်သူတွေအတွက် ပန်းခြံတည်ဆောက်ပေးလိုက်တာဟာ ပြည်သူတွေရဲ့ ကျန်းမာရေးကို အကျိုးကျေးဇူးဖြစ်စေခဲ့ပါတယ်။ ဗိုလ်တထောင်ရှုခင်းသာပန်းခြံအတွင်းမှာ အခုဆိုရင် နံနက်ပိုင်းအချိန်တွေမှာ ကျန်းမာရေးလေ့ကျင့်ရေးသီချင်းတွေနဲ့ ဟန်ချက်ညီညီလှုပ်ရှားကခုန်နေတဲ့သူတွေ၊ မြက်ခင်းပြင်တွေပေါ်မှာ ကျန်းမာရေးလေ့ကျင့်နေတဲ့သူတွေ၊ ညနေခင်းတွေမှာ အပန်းဖြေနေတဲ့သူတွေနဲ့ သက်ဝင်လှုပ်ရှားနေပါတယ်။

ရန်ကုန်မြို့မှာ ပြည်သူတွေအတွက် အပန်းဖြေပန်းခြံဥယျာဉ်တွေအဖြစ် ပြည်သူ့ဥယျာဉ်၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ လှော်ကားဥယျာဉ်အပြင် ပန်းခြံတွေ အများအပြားရှိနေပါတယ်။ အခုဆိုရင် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူအပန်းဖြေပန်းခြံတွေမှာ အဆင့်မြင့်စားသောက်ဆိုင်တွေ ဖွင့်လှစ်နိုင်ဖို့လည်း အစီအစဉ်တွေ ရှိနေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ၃၃ မြို့နယ်အတွင်းမှာ အများပြည်သူအနားယူအပန်းဖြေပန်းခြံစုစုပေါင်း ၆၁ ခု ရှိပါတယ်။ ရန်ကုန်အရှေ့ပိုင်းခရိုင်မှာ ပန်းခြံ ၁၅ ခု၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှာ ၁၉ ခု၊ ရန်ကုန်တောင်ပိုင်းခရိုင်မှာ ၁၄ ခုနဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ၁၃ ခုတို့ ရှိနေတာဖြစ်ပါတယ်။

ရန်ကုန်မြို့ကြီးကို စိမ်းလန်းစိုပြည်အတွက်ရော၊ Green City ဖြစ်ဖို့အတွက်ရော လိုအပ်တာကတော့ သစ်ပင်ပန်းဥယျာဉ်တွေ လုံလုံလောက်လောက်ရှိဖို့ လိုအပ်တာဖြစ်ပါတယ်။ ။

# ရန်ကုန်လူထုဗဟိုပြုစီမံကိန်းများ၏ ဦးတည်ရာ

—— ရှင်နော် ——

ရန်ကုန် တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးအတွင်းပါဝင်သော မြို့ငယ်များ၊ မြို့နယ်များ၊ ကျေးရွာအုပ်စုများ၊ ကျေးရွာများအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပေသည်။ ယင်းနေရာများသို့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ အခြေခံလူမှုစီးပွားအဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ လူနေထိုင်မှုစနစ်ကို ထိန်းညှိပေးသင့်သည်။

ယခုအခါ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ကာ ကြီးကြပ်ကွပ်ကဲ အကဲဖြတ်ခြင်းဖြင့် ရရှိလာသော ဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်အကျိုးခံစားခွင့်ရစေမည့် ဖွံ့ဖြိုးရေးချဉ်းကပ်မှုနည်းလမ်းဖြစ်သည့် လူထုဗဟိုပြုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်နေသော ကာလဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ထန်းတပင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကျောက်တန်းမြို့နယ်များတွင် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းမြို့နယ်များအတွင်း၌ ကျေးရွာအုပ်စုပေါင်း ၁၉၇ အုပ်စုရှိပြီး ကျေးရွာပေါင်း ၆၀၀ ခန့် ပါဝင်ကြောင်း သိရသည်။ အဆိုပါကျေးရွာများတွင် လုပ်ငန်းပေါင်း ၂၅၀၃ ခုခန့်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

### လူထုဗဟိုပြုစီမံကိန်း

လူထုဗဟိုပြုစီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ကျေးလက်လူထုအနေဖြင့် အခြေခံလူမှုစီးပွားအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား လူထုဗဟိုပြုစနစ်ကို ကျင့်သုံး၍ ရယူသုံးစွဲနိုင်စေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးလက်ပြည်သူများ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်ပေးရန်၊ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များနှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်စေရန် ရည်ရွယ်၍ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် အီတလီမှ ထောက်ပံ့ငွေ၊ ချေးငွေများ၊ DFID ထောက်ပံ့ငွေနှင့် ပြည်ထောင်စုအစိုးရထည့်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၄၉ သန်းဖြင့် မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ရန်ပုံငွေပိုလျှံမှုနှင့် ထပ်မံရရှိလာမှုတို့ကြောင့် နေပြည်တော်ကောင်စီနှင့် ကယားပြည်နယ်တို့မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုတွင် တစ်မြို့နယ်စီ တိုးချဲ့အကောင်အထည်ဖော်ရန် ရွေးချယ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ လူထုဗဟိုပြုစီမံကိန်းအတွက် မြို့နယ်အသစ်ရွေးချယ်ရန် အကြံဉာဏ်ရယူခြင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

### ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး

ယင်းအစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုများကို နှိုင်းယှဉ်ကြည့်ပါက မြို့ပြများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကျေးလက်များသည် နောက်ကျကျန်ရစ်သော အခြေအနေများရှိကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုကိုဗဟိုပြုပြီး ပြည်သူလူထုမှ မိမိဒေသအတွက် လိုအပ်သော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစိုးရတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသော ပုံသဏ္ဌာန်မျိုးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြို့နယ်များရွေးချယ်ရာတွင် ပြည်သူလူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ကာ အကြံဉာဏ်ရယူပြီး မည်သည့်မြို့နယ်အား သတ်မှတ်ရွေးချယ်မည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ဆုံးဖြတ်ချက်များအပေါ် မူတည်

ပြည်သူ့ဗဟိုပြုလုပ်ငန်းများသည် ကုလသမဂ္ဂက ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များနှင့် ကိုက်ညီသောလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ကိုက်ညီသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြံဉာဏ် ရယူချင်ပါကြောင်း၊ မြို့နယ်တစ်မြို့နယ် သတ်မှတ်ချင်ပါကြောင်း၊ ယင်းမြို့နယ်အတွက် ရရှိလာသော ငွေကြေးပမာဏပေါ်မူတည်ပြီး မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်းဆောင်ရွက်ချင်ပါကြောင်း၊ သို့မှသာလျှင် ရည်မှန်းထားသော လူထုဗဟိုပြုစီမံကိန်းများသည် အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ လူထုကြားတွင် ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လူထုအနေဖြင့် မည်သည့်ကဏ္ဍသည် မိမိတို့မြို့ရွာအတွက် အရေးအကြီးဆုံးကဏ္ဍဖြစ်သည်၊ ထိုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်ဟူသော ဆုံးဖြတ်ချက်များအပေါ် မူတည်ကာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက လူထုဗဟိုပြုစီမံကိန်းအကြောင်း မိတ်ဆက်စကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းပြီး အုပ်စုငယ်များခွဲကာ သတ်မှတ်ချက်များအတိုင်း မြို့နယ်များကို ရွေးချယ်ခဲ့ရာ ခရမ်းမြို့နယ်ကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ သုံးခွမြို့နယ်ကို ဒုတိယဦးစားပေးအဖြစ် လည်းကောင်း ရွေးချယ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း သိရသည်။

### ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲ

လူထုဗဟိုပြုစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်ရွေးချယ်ခြင်း၊ ရွေးချယ်ပေးသော မြို့နယ်အတွင်းရှိ ကျေးရွာအားလုံးအကောင်အထည်ဖော်ခြင်း၊ ကျေးရွာလူထုက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ ရွေးချယ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာများကို အဆင့်ဆင့်ပို့ချပေးခြင်း၊ စီမံကိန်းလုပ်ငန်းခွဲကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ခြင်း၊ ကိုယ်တိုင်စောင့်ကြည့်ကြီးကြပ်ခြင်း၊ စီမံကိန်းလုပ်ငန်းပြီးဆုံးခြင်းနှင့် စာရင်းစစ်ဆေးခြင်း၊ မြို့နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် သုံးသပ်ခြင်းတို့ ပါဝင်သည်။

စီမံကိန်းတွင် လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေသတ်မှတ်မှုမှာ ကျေးရွာအုပ်စု လူဦးရေ အနည်းဆုံး ၁၅၀၀ အထိ (ကျေးရွာ ၅ ရွာအထိ) ၂၄ သန်း၊ (ကျေးရွာ ၆ရွာမှ ၁၀ ရွာအထိ) ၃၅ သန်း ထောက်ပံ့ပေးပြီး ကျေးရွာအုပ်စု လူဦးရေအများဆုံး ၁၃၀၀၀ အထက် (ကျေးရွာ ၂၀ အထိ) ၁၆၅ သန်း၊ (ကျေးရွာ ၂၁ ရွာနှင့်အထက် သန်း ၂၂၀) ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသများတွင် အကောင်အထည်ဖော်ဆောင်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းများတွင် ကျေးရွာမီးလင်းရေးဆိုင်ရာများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် အသေးစားတိုးချဲ့ခြင်း၊ ကျေးရွာအပန်းဖြေနေရာများ၊ဆက်သွယ်ရေးဆိုင်ရာနေရာများအား ပြန်လည်ပြုပြင်ခြင်းနှင့် အသေးစားတိုးချဲ့ခြင်း၊ ကျေးလက်ဈေးများ၊ အသေးစားရေပေးဝေခြင်းများ၊ ကျေးလက်လမ်းများ၊ တံတားငယ်များ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဆိပ်ခံတံတားများ၊ ကျန်းမာသန့်ရှင်းရေးအတွက် အများသုံးအိမ်သာများ၊ အသေးစားရေဆိုးသန့်စင်စက်နှင့် အမှိုက်စွန့်ပစ်ရန်နေရာများ အစရှိသည်တို့ကို ပြန်လည်ပြုပြင်ခြင်း၊ အသေးစားတိုးချဲ့ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

### လူမှုစီးပွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်

ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ကွာဟချက်နည်းလာပါက မြို့ပြများတွင် လူဦးရေသိပ်သည်းမှုနှုန်း တစ်စတစ်စလျော့ပါးသွားနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာမှုလွယ်ကူပါက ကျေးလက်လူထုအနေဖြင့် လူမှုစီးပွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရုံသာမက အသိပညာ၊ အတတ်ပညာပိုင်းလည်း ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်နေပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကာ ခရမ်းနှင့်သုံးခွမြို့နယ်များကို ပထမဦးစားပေး၊ ဒုတိယဦးစားပေးအဖြစ် ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ယင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က အတည်ပြုကာ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ရမည်ဖြစ်သည်။ မြို့နယ် နှစ်မြို့နယ်အနက် မည်သည့်မြို့နယ်ကို ရွေးချယ်သည်ဖြစ်စေ ဤမြို့နယ်များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များပင်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ တိုးတက်မှုသည် ရန်ကုန်တိုင်းဒေသကြီး၏ တိုးတက်မှုပင်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပင် ဖြစ်ပါတော့သည်။



ရန်ကုန်တိုင်းဒေသကြီး၏ လူထုဗဟိုပြုစီမံကိန်းအတွက် မြို့နယ်အသစ်ရွေးချယ်ရန် အကြံဉာဏ်ရယူခြင်းအစည်းအဝေး ကျင်းပစဉ်။

**လူထုဗဟိုပြုစီမံကိန်းကို မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် အီတလီမှ ထောက်ပံ့ငွေ၊ ချေးငွေများ၊ DFID ထောက်ပံ့ငွေနှင့် ပြည်ထောင်စုအစိုးရထည့်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၄၉ သန်းဖြင့် မြို့နယ်ပေါင်း ၆၃ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှ ရန်ပုံငွေပိုလျှံမှုနှင့် ထပ်မံရရှိလာမှုတို့ကြောင့် နေပြည်တော်ကောင်စီနှင့် ကယားပြည်နယ်တို့မှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင် တစ်မြို့နယ်စီ တိုးချဲ့အကောင်အထည်ဖော်ရန် ရွေးချယ်လျက်ရှိ**

---

**ရန်ကုန်မြို့ပြည်သူတွေအတွက် လူကူးခုံးကျော်တံတားတွေ . . .မှ**

နာနတ်တောလမ်းနဲ့ ဘုရင့်နောင်လမ်း၊ လှည်းတန်းလမ်း၊ အောက်ကြည့်မြင်တိုင်လမ်း(ကမ်းနားလမ်း)စတဲ့ လေးလမ်းဆုံနေရာမှာ ဘုရင့်နောင်လမ်းဆုံ လူကူးခုံးကျော်တံတားကို ဖွင့်လှစ်ပေးခဲ့ပါတယ်။

အဲဒီလူကူးခုံးကျော်တံတားဟာ စတုရန်းပုံ ခုံးကျော်တံတားဖြစ်ပြီး စုစုပေါင်း အလျားအရှည် ၅၂၆ ပေ၊ လူသွားလမ်း အကျယ် ကိုးပေလေးလက်မ၊ တံတားကြမ်းခင်းအကျယ် ၁၁ လက်မ၊ တံတားကင်းလွတ်အမြင့် ၁၈ ပေ၊ တံတားရက်မငါးခု ပါဝင်ဖြည့်ဆည်းတည်ဆောက်ပေးထားတာ ဖြစ်ပါတယ်။

ဘုရင့်နောင် လူကူးခုံးကျော်တံတားပေါ်မှာ ၂၄ နာရီ လုံခြုံရေးကင်မရာ ၂၄ လုံး တပ်ဆင်ထားပြီး လှေကား လေးစင်း၊ ဓာတ်လှေကား သုံးစင်း ထည့်သွင်းတည်ဆောက်ထားတာဖြစ်ပါတယ်။ ဒါဟာ ပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းစေဖို့နဲ့ လုံခြုံရေးအတွက်ပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် ပန်းဆိုးတန်းနဲ့ နန်းသီတာဆိပ်ကမ်းကို ဆက်သွယ်ထားတဲ့ ပန်းဆိုးတန်းလူကူးခုံးကျော်တံတားဟာလည်း စက်လှေကား နှစ်စင်း၊ ရိုးရိုးလှေကားသုံးစင်း ထည့်သွင်းတပ်ဆင်ပေးထားပါတယ်။ အဲဒီလူကူးခုံးကျော်တံတားဟာ အရှည် ၂၁၁ ပေ၊ လူသွားလမ်းအကျယ် ၁၀ ပေ ခြောက်လက်မ၊ တံတားအောက် ကင်းလွတ်အမြင့် ၁၉ ပေရှစ်လက်မရှိတာမို့ ခုံးကျော်တံတားအောက်က ဖြတ်သန်းမောင်းနှင်နေတဲ့ ကားတွေရော၊ တံတားပေါ်ဖြတ်သန်းသွားလာကြတဲ့ ပြည်သူတွေအတွက်ပါ ဘေးကင်းစေဖို့ ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။

ဆက်လက်ပြီး ကမာရွတ်မြို့နယ် မာလာဆောင်အနီးမှာ လူကူးခုံးကျော်တံတား၊ လှည်းတန်းလမ်းဆုံခုံးကျော်တံတား၊ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းထိပ်ခုံးကျော်တံတား၊ ကမ္ဘာအေးစေတီလမ်း၊ ဂမုန်းပွင့်အနီး လူကူးခုံးကျော်တံတား တည်ဆောက်ပေးမှုတွေဟာ ပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းစွာ လမ်းကူးစေဖို့ပဲ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့မှာ ကားလမ်းကူးခုံးကျော်တံတားပေါင်း ၁၄ ခု ရှိနေပြီး ဆက်လက်အကောင်အထည်ဖော်မယ့် လူကူးခုံးကျော်တံတားတွေလည်း ရှိနေပါတယ်။ ရန်ကုန်မြို့ကို ဘက်ပေါင်းစုံက တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် အခုလို အခြေခံလိုအပ်ချက်တွေကိုလည်း ဖော်ဆောင်ပေးရမှာဖြစ်တာမို့ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းတွေ၊ ကျန်းမာရေးမကောင်းသူတွေအတွက်ပါ ထည့်တွက်ပြီး စံနှုန်းမီလူကူးခုံးကျော်တံတားတွေ ပေါ်ထွက်လာဖို့ လိုအပ်နေတာတော့ အမှန်ပါပဲ။ ။

# စီးပွားရေးမြို့တော်နှင့် ကြော်ငြာဘုတ်များ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

**တစ်ချိန်က** မြန်မာနိုင်ငံရဲ့မြို့တော်ဟာ ရန်ကုန်မြို့ကြီးဖြစ်ခဲ့ဖူးပါတယ်။ နေပြည်တော်ကြီး တည်ဆောက်ပြီးတဲ့နောက်မှာ ရန်ကုန်မြို့တော်ကို စီးပွားရေးမြို့တော်ရယ်လို့ အမည်နာမ ပြောင်းလဲခေါ်ဆိုခဲ့ကြပါတယ်။

ရန်ကုန်မြို့ကြီးမှာ စီးပွားရေးကောင်းမကောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေအခြေအနေကောင်းမကောင်းကို အဲဒီခေတ်ကာလတစ်လျှောက် ကြားသိတွေ့မြင်ခဲ့ရတဲ့ ကြော်ငြာတွေက သက်သေအဖြစ် ယနေ့တိုင် မှတ်မိနေဆဲပါ။

**လေလှိုင်းသံကတစ်ဆင့် ကြေညာ**

စာရေးသူတို့ ငယ်ငယ်ကခေတ်ကို ရေဒီယိုခေတ်လို့ပြောလို့ရပါတယ်။ အဲဒီအချိန်တုန်းက အိမ်ကြီးအိမ်ကောင်းတွေမှာ ရေဒီယိုလေးတွေ ကိုယ်စီရှိတတ်ကြပါတယ် ။ ထိုခေတ်က စီးပွားရေးသမားတွေက သူတို့ရဲ့ကုန်ပစ္စည်းတွေကို ပြည်သူတွေသိအောင် ရေဒီယို လေလှိုင်းသံကတစ်ဆင့် ကြေညာလေ့ရှိပါတယ်။ (သတင်းစာကြီးတွေမှာလည်း ကြော်ငြာမှုရှိပါတယ်)

ရေဒီယိုခေတ်က နာမည်ကြီးခဲ့တဲ့ ကြော်ငြာလေးအချို့ဆို အခုအသက် ၆၈ နှစ်ရှိတဲ့တိုင် မမေ့နိုင်အောင် စွဲကျန်နေခဲ့ပါသေးတယ်။ "သင့်အင်အားကိုတိုးပွားစေရန် အရသာရှိသော အိုဗာတင်းကို သုံးဆောင်ပါ" စတဲ့ ကြော်ငြာမှုလေးတွေပါ။

**ပန်းချီဆေးခြယ်ပြီးကြော်ငြာ**

နောက် ကြော်ငြာတစ်ခေတ်ဆန်းလာတာက တိုက်နံရံပြည့်ဆေးခြယ်ကြော်ငြာတွေပဲဖြစ်ပါတယ်။ အဝေးကလှမ်းကြည့်လို့ ထင်သာမြင်သာရှိနိုင်မယ့် တိုက်နံရံအမြင့်တွေမှာဆို တိုက်နံရံတစ်ပြင်လုံး ပန်းချီဆေးခြယ်ပြီးကြော်ငြာကြတာပါ။ အဲဒီခေတ်က နေရာအများဆုံးယူပြီး ကြော်ငြာတာကတော့ "နဝရတ်ရေစင်" သွေးဆေးကြော်ငြာပါပဲ။ တိုက်နံရံတွေမှာ ကြော်ငြာအား ဘယ်လောက်ထိ ကောင်းလာသလဲဆို အချင်းချင်း နောက်ပြောင်ရာမှာ နဖူးပြောင်တဲ့ သူငယ်ချင်းကို "မင်းမြို့ထဲသွားရင်ကြည့်သွား မင်းနဖူးမှာ ကြော်ငြာလာရေးလိမ့်မယ်" လို့ဆိုတဲ့အထိ နောက်ပြောင်မှုစကားတွေ ရှိလာခဲ့ပါတယ်။

နောက်ကြော်ငြာတစ်ခေတ်က ရုပ်မြင်သံကြားပေါ်လာပြီးတဲ့နောက်မှာ စီးပွားရေးသမားတွေက သူတို့ရဲ့ ကြော်ငြာပစ္စည်းကို တီဗွီလို့ခေါ်တဲ့ အသံနဲ့ရုပ်ပါ မြင်နိုင်တွေ့နိုင်တဲ့ ပြကွက်တွေနဲ့ ကြော်ငြာလာကြပါတယ်။ နာမည်ကြီးရုပ်ရှင်မင်းသား မင်းသမီးတွေနဲ့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆန်းသစ်မှုတွေနဲ့ ကြော်ငြာလာကြပါတယ်။

တီဗွီထဲမှာ ကြော်ငြာဖို့ အဲဒီခေတ်တုန်းက စီးပွားရေးသမားတွေက အများဆုံးရွေးချယ်ခဲ့တာက အကယ်ဒမီရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦး ထိပ်ဆုံးကပါပဲလို့ ပြောရမလိုဖြစ်ခဲ့ပါတယ်။ ထက်ထက်မိုးဦးနဲ့ကြော်ငြာရင် သူတို့ကုန်ပစ္စည်း ပေါက်တယ်လို့ ပြောစမှတ်ပြုကြပါတယ်။ အဲဒါကလည်း တီဗွီကြော်ငြာ ဒါရိုက်တာတွေကအစ ပြောဖူးကြပါတယ်။ မင်းသားထဲမှာဆို ကွယ်လွန်သွားခဲ့တဲ့ အကယ်ဒမီဒွေးပါပဲ။

ကြော်ငြာအားတွေ ဘယ်အထိအောင် ကောင်းခဲ့သလဲဆို ဇာတ်ကားတွေကြားမှာ တစ်ဖြတ်တစ်ဖြတ် ညှပ်ညှပ်ကြော်ငြာတာ ဇာတ်ကားတစ်ဖြတ်ပြတဲ့အချိန်နဲ့ ကြော်ငြာတစ်ဖြတ်ပြတဲ့အချိန်နဲ့ဆိုရင် ကြော်ငြာပြတဲ့အချိန်ကတောင်များနေတာမို့ ရှေ့က ဇာတ်လမ်းတောင် မေ့မတတ်ပါပဲ။ ဒါကြောင့်မို့လည်း တီဗွီကြည့်ရင်းပရိသတ်က ပြောလာတာက "ဇာတ်လမ်းကောင်းပြီဆို ကြော်ငြာက လာပြီ" လို့ ပြောစမှတ်ပြုလာရတဲ့အထိပါပဲ။

**ကြော်ငြာ Billboard လုပ်ငန်း**

ဗီနိုင်းတွေခေတ်စားလာတဲ့ ဒီကနေ့ခေတ်မှာ ကြော်ငြာ Billboard လုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာက ဆောင်ရွက်လာတာတွေ့ရပါတယ်။ စည်ပင်နယ်နိမိတ်အတွင်း ၄၅ ပေ၊ ၁၅ ပေရှိတဲ့ ကြော်ငြာဆိုင်းဘုတ်တွေကိုစိုက်ထူလို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ငှားရမ်းတာပဲဖြစ်ပါတယ်။ ကြော်ငြာဘုတ် ၅၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။

အဲဒီအပေါ်မှာ ဇုန်ငါးခု သတ်မှတ်ထားပါတယ်။ လူစည်ကားတဲ့နေရာ၊ လမ်းမကြီး၊ အဝိုင်းနေရာတွေကိုတော့ ဇုန်အေလို့ သတ်မှတ်ပြီး ကျန်ရှိတဲ့နေရာများကိုတော့ စည်ကားမှု၊ အသွားအလာများပြားမှုပေါ်မူတည်ပြီး ဘီဇုန်၊ စီဇုန်ဆိုပြီး ခွဲခြားထားပါတယ်။

တစ်နှစ်စာငှားရမ်းခကတော့ အေဇုန်ဆို ငွေကျပ် သိန်း ၂၅၀၊ ဘီဇုန်ဆို ငွေကျပ် သိန်း ၁၈၀၊ စီဇုန်ဆို ငွေကျပ် ၁၃၅ သိန်း၊ ဒီဇုန်ဆို ငွေကျပ်သိန်း ၁၀၀ နဲ့ အီးဇုန်ဆို ငွေကျပ် သိန်း ၅၀ လို့ သတ်မှတ်မှုတွေရှိတယ်လို့ သိရပါတယ်။

အရင်ကဆိုင်းဘုတ်တွေကို နေရာအလိုက် သတ်မှတ်ခြင်းမရှိဘဲ ပုံသေငွေကျပ် ၁၃၅ သိန်းနဲ့ ဈေးတူငှားရမ်းမှုရှိတယ်လို့ သိရပါတယ်။ နောက်ဌာနလည်းဝင်ငွေတိုးစေ၊ ကြော်ငြာရှင်တွေလည်းသက်သာစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြောင်းလဲခဲ့တာပါ။ ထင်ရှားပေါ်လွင်မြင်သာတဲ့နေရာပေါ်မူတည်ပြီး ဇုန် ငါးဇုန်ခွဲခဲ့တာကြောင့် အခုဆို အမြင့်ဆုံးငွေကျပ်သိန်း ၂၅၀ အထိ တိုးမြင့်လာတာကို တွေ့ရပါတယ်။

ဒါပေမယ့် Billboard တွေ ၅၀၀ ကျော် စိုက်ထူထားပေးခဲ့ပေမယ့် ၅၀၀ ပြည့်အောင် ကြော်ငြာမှုမရှိတဲ့အပြင် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာတာကို တွေ့မြင်လာရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၃၅၀ ခန့်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှာ ၂၈၀ ခန့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၁၈၀ ခန့် တဖြည်းဖြည်း လျော့နည်းလာတာကို တွေ့ရပါတယ်။

**● Billboard တွေ ၅၀၀ ကျော် စိုက်ထူထားပေးခဲ့ပေမယ့် ၅၀၀ ပြည့်အောင် ကြော်ငြာမှုမရှိတဲ့အပြင် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာတာကို တွေ့မြင်လာရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ၃၅၀ ခန့်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၂၈၀ ခန့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၁၈၀ ခန့် တဖြည်းဖြည်း လျော့နည်းလာတာကို တွေ့ရ**

**သစ်လွင်တဲ့ ကြော်ငြာမှုတွေ**

ဒီလို တစ်နှစ်ထက်တစ်နှစ် ကြော်ငြာအားတွေ နည်းလာတာ ကြော်ငြာနှုန်းထားတွေ များပြားလို့လား၊ ခေတ်နောက်ကျလို့လား စဉ်းစားစရာတွေ များပြားလာခဲ့ပါတယ်။ ဒါပေမယ့် လူစည်ကားရာ နေရာအတော်များများမှာတော့ သစ်လွင်တဲ့ ကြော်ငြာမှုတွေကို တွေ့နေရဆဲပါ။

မိတ်ဆွေတစ်ယောက်က ပြောပါတယ် "ခေတ်ကြီးကို မြင်အောင်မှမကြည့်ဘဲကိုဗျ။ အခုခေတ်က ဆိုရှယ်မီဒီယာခေတ်ကြီး ဖြစ်သွားပြီလေ။ အခု ခင်ဗျားစီးလာတဲ့ လိုင်းကားကိုပဲကြည့်၊ ထိုင်ခုံရထားတဲ့သူအတော်များများက အပြင်ကိုငေးကြည့်မလာတော့ဘူး။ ဖုန်းတွေ ပွတ်လာကြတယ်။ အဲဒီတော့ ပတ်ဝန်းကျင်ကို သူတို့မမြင်တော့ဘူး။ ကြော်ငြာတွေကိုလည်း မတွေ့တော့ဘူး။ အဆင့်မြင့်တဲ့ ဖုန်းတွေထဲမှာ အားလုံးမြင်တွေ့နေရပြီ။ အဲဒီတော့ခေတ်မီတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ခင်ဗျားတို့ ဗီနိုင်းကြော်ငြာဘုတ်ထက် ဆိုရှယ်မီဒီယာအွန်လိုင်းအပေါ် ပိုအားကိုးလာကြပြီ" လို့ ဆိုသွားပါတယ်။

**YBS မှတ်တိုင်တွေမှာ ကြော်ငြာ**

အခုမြို့တော်စည်ပင်က ကြော်ငြာတစ်ခေတ်ဆန်းလို့ မြို့အနှံ့တည်ဆောက်ပေးလာတဲ့ YBS မှတ်တိုင်တွေမှာ ကြော်ငြာမှုတွေပြုလာကြပါပြီ။ မှတ်တိုင်မျက်နှာပြင်တစ်ခုလုံး လှပတဲ့ခေတ်မီတဲ့ကြော်ငြာတွေနဲ့ ဖုံးလွှမ်းစေခဲ့ပါတယ်။ ညဆိုလည်း လျှပ်စစ်မီးအလင်းရောင်နဲ့မို့ ခရီးသွားပြည်သူတွေအတွက်လည်း လုံခြုံမှုတစ်ရပ်ကို အလိုလိုပေးပြီးသားဖြစ်သွားပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စား**

နောက် အဲဒီ YBS မှတ်တိုင်နဲ့ မလှမ်းမကမ်းမှာ မှတ်တိုင်က ကြော်ငြာအတိုင်း ဒီဇိုင်းအတိုင်း ခုနစ်ပေ ငါးပေခန့်ဘုတ်နဲ့ တိုင်အမြင့်စိုက်ပြီး ထပ်မံကြော်ငြာပေးထားတာကို တွေ့ရပါတယ်။ အဲဒီလို ကြော်ငြာမှုမျိုးကို စီးပွားရေးလုပ်ငန်းရှင်တွေက စိတ်ဝင်စားကြတယ် ထင်ပါတယ်။ မြို့အနှံ့မှတ်တိုင် အတော်များများမှာ ကြော်ငြာနေတာတွေကို တွေ့ရပါတယ်။

ဒါကြောင့် ရန်ကုန်မြို့တော်ကြီးဟာ တစ်ချိန်က နိုင်ငံတော်ရဲ့ မြို့တော်ကြီး ဖြစ်တာနဲ့အညီ စီးပွားရေးအရှိန်အဟုန်ကြောင့် ကြော်ငြာရေစီးကြောင်းရေအလှန်က ယနေ့ စီးပွားရေးမြို့တော်ခေတ်တိုင် ပြောင်းလဲမှုပုံစံမျိုးစုံနဲ့ တသွင်သွင်စီးမျောလျက်ရှိနေပါကြောင်း။ ။

